ဘဝ၏မဂ်လာ

ဦးသန်းထွန်း(ပြန်မာပြန်ဆရာ)

LIFE'S HIGHEST BLESSINGS

By DR. R.L SONI

ဘဝရဲ့ ဓာတ်ခွန်အား

ဦးသန်းထွန်း

ဘာသာရေးဆိုင်ရာစာစပေ ခွဲဝေပြုသူ အမှတ် (၁၀၀၇)

၁၉၆၇ ခု၊ ဒီဇင်ဘာလ

ပထမအကြိမ်

အုပ်ရေ ၃၀၀၀

မျက်နှာဖုံးပန်းချီ တင်လှဝင်း

အခရာင်ရိုက် မောင်မောင်လှ

အဘိုး ၂ ကျပ်

ထုတ်ဝေသူ
ဦးလှကြိုင်
လောကစာပေ [၀၂၃၃]
၉၂၊ ၉၃-လမ်း၊ ကန်တော်ကလေး
ရန်ကုန်မြို့

ပုံနှိပ်သူ
မောင်ကျော်ညွှန့်
ရွှေဟင်္သာပုံနှိပ်တိုက် [၀၁၀၀]
၉၂၊ ၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့

မာတိကာ

ဘာသာပြန်သူ၏အမှာ ၅
ကျမ်းပလ္လင် ၁၈
ဆာဦးသွင်၏အမှာ ၂၀
စာရေးသူ၏အမှာ ၂၃

အခန်း တစ်

(၁) ဂုဏ်ပြောင်သောသုတ္တ ၂၆
(၂) ကျမ်းစာများတွင် ၎င်း၏တည်နေရာ.... ၃၅
(၃) အကြောင်းအရာများ ၃၈
(၄) ခေါင်းစည်း ၄၁
(၅) မြန်မာ့တက်ကြွမှု ၄၅
(၆) အင်္ဂလိပ်ဘာသာကျမ်းများ ၄၈
(၇) ဤစာအုပ် ၅၀

အခန်း နှစ်

(၁) မဟာမင်္ဂလသုတ္တ (ပါဠိဘာသာ) ၅၂
(၂) ဘာသာပြန် ၅၆
(၃) မြန်မာပြန် ၆၁

အခန်း သုံး

(၁) ခေါင်းစည်း ၆၅
(၂) နိဒါန်း ၆၅
(၃) သုတ္တ၏ စာကိုယ် ၇၄

အခန်းလေး

(၁) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ ၁၂၇
(၂) ပြန်လည်သုံးသပ်ချက် ၁၃၁
(၃) တူရာပေါင်းရှိ လေ့လာခြင်း ၁၃၄
(၄) ကျွန်ုပ်တို့၏ ဝိုင်းခြားချက် နိဂုံးချုပ် ၁၃၇
.... ၁၄၄

ဘာသာပြန်သူ၏ အမှာ

(က)

၁၅၁၁ ဖွဲ့ရက်နေ့က မန္တလေးမြို့ရှိ ဒေါက်တာဆိုနီ၏အိမ်တွင် ဟောပြောပွဲတခုရှိရာ ကျွန်တော်သည် 'မြန်မာပြည် ဗုဒ္ဓဘာသာ၏ ဝိသေသလက္ခဏာများ'အကြောင်းကို ဟောပြောရပါသည်။ ဟောပြောပွဲပြီးသောအခါ ဒေါက်တာဆိုနီက သူရေးသော 'Life's Highest Blessings' နှင့် အခြားစာအုပ်များလက်ဆောင် ပေးလိုက်ပါသည်။ စာအုပ်ထဲတွင် စာတစောင်လည်း ညှပ်၍ပါလာရာ အိမ်ရောက်မှ ဖတ်ကြည့်သောအခါ ၎င်းစာအုပ်ကို ဘာသာပြန်လိုက ပြန်ပါရန် ခွင့်ပြုကြောင်း ရေးသားထားသည်ကို တွေ့ရလေသည်။

ဒေါက်တာဆိုနီ၏စာအုပ်ကို ဖတ်ကြည့်သောအခါ ရေးပုံသားပုံ၊ ယူပုံဆပုံနှင့် တင်ပြထားပုံတို့မှာ နှစ်လိုဖွယ်ကောင်းကြောင်း တွေ့ရပါသည်။ အကြောင်းအရာမှာ 'မင်္ဂလသုတ်' အကြောင်းပင် ဖြစ်ငြားသော်လည်း ၎င်းအား သူကြည့်မြင်ထားပုံမှာ သစ်လွင်နေလေသည်။ သို့နှင့် ဤစာအုပ်ကို ဘာသာပြန်ရန် ထိုရောအခါကပင် ဆုံးဖြတ်ခဲ့၏။ သို့ရာတွင် ထိုစဉ်က ကျွန်တော်သည် 'ဗုဒ္ဓဝါဒနှင့်သိပ္ပံပညာ'စာအုပ်ကို ပြုစုနေသော

ကြောင့်ရင်း၊ ထိုစာအုပ်ပြီးသောအခါတွင်လည်း မအားမလပ်ဖြစ်နေသောကြောင့်ရင်း၊ အချိန်မရအောင် ဖြစ်ခဲ့သည်။ ယခုမှ အနည်းငယ် အားလပ်ခွင့်ရသောအချိန်ကို အသုံးပြု၍ ဘာသာပြန်ဆိုလိုက်ရပေသည်။

(ခ)

'မင်္ဂလသုတ်' ဆိုလျှင် မြန်မာပြည်တွင် ကလေးလူကြီးအားလုံးအတွက် အသစ်အဆန်း မဟုတ်တော့ပေ။ 'ဥဒ္ဓံယာမိဗန်းမော်ကောင်းတုံ၊ အဓောယာမိပုသိမ်ဒဂုံ'ဆိုသကဲ့သို့ အညာအကြေနှစ်ဌာနေစလုံးရှိ ဘုန်းတော်ကြီးကျောင်းတိုင်း'ယံမင်္ဂလံ ဒ္ဒါဒသဟိ စိန္တယိံသု သဒေဝကာ'ဟူသော ကျောင်းသားငယ်ကိုရင်ကလေးများ၏ စာအံသံကို ကြားရပေသည်။ စင်စစ်ဤစာအံသံပင်လျှင် မြန်မာအမျိုးသားရေးဘဝ၏ လက္ခဏာရေးတပါး ဖြစ်နေလေသည်။

'မင်္ဂလာ'ဆိုသော စကားသည် မြန်မာစကားမဟုတ်။ အိန္ဒိယပြည်မှရောက်လာသော ဥာဏ်သည်ဝေါဟာရသာ ဖြစ်၏။ သို့ရာတွင် မြန်မာပြည်သူပြည်သားတို့သည် ဥာဏ်ဝတ်ကျေပြွန်တတ်ရုံမက ဥာဏ်သည်ကို ချစ်ခင်ကြင်နာတတ်သူများ ဖြစ်သည့်အားလျော်စွာ မင်္ဂလာကိုလည်း တစိမ်းပြင်ပြင်ဘဝမှ သွေးချင်းသားချင်းအဖြစ် ဆွမျိုးစာရင်းသွင်းပြီး အမြင့်ဆုံးနေရာကို ပေးထားခဲ့ပါသည်။ ယနေ့ဆိုလျှင် မြန်မာပြည်၌ 'မင်္ဂလာ'၏ အနက်အဓိပ္ပာယ်ကို ဖွင့်ပြနေဘို့ပင် မလိုတော့ပေ။ လူတိုင်း

နားလည်ပေသည်။အဘယ်ကြောင့်ဟူမူ သူသည် မြန်မာတိုင်းရင်း သားစစ်စစ် ဖြစ်ခဲ့ပြီဖြစ်သောကြောင့်တည်း။

'မင်္ဂလာရှိပါစေ' ဆိုသော စာတန်းများကို နေရာတိုင်း၌ တွေ့ရ၏။ စာသင်ခန်းများတွင် ဆရာနှင့်တပည့် နှုတ်ဆက်ရာ၌ ကောင်းသော နံနက်ခင်းပါဟု မပြောတော့ဘဲ 'မင်္ဂလာရှိပါစေ' ဟု ဆိုကြ၏။ မင်္ဂလာဆိုသော ဝေါဟာရသည် နေ့စဉ်သုံးစကား တခုအဖြစ် တွင်ကျယ်လာခဲ့၏။ ထိမ်းမြားလက်ထပ်သည်ကိုပင် 'မင်္ဂလာဆောင်သည်' ဟု ပြောကြ၏။

ဤအချက်တို့က ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မင်္ဂလာတရားကို ၎င်းတို့၏ နေ့စဉ်နေထိုင်မှုဘဝ၏ လမ်းညွှန်ကြီးအဖြစ် ခံယူထားကြောင်းပြသပေသည်။ မြန်မာ့အမျိုးသားရေးဘဝနှင့် မြန်မာ့အမျိုးသား ယဉ်ကျေးမှုတို့ကို လေ့လာကြည့်လျှင် မင်္ဂလာတရား၏ သြဇာသည် ဗုဒ္ဓဘာသာဝင်တို့အပေါ်ဝယ် မည်မျှသက်ရောက်ခဲ့သည်ကို သိသာနိုင်ပေသည်။ ယနေ့ မြန်မာအမျိုးသား ယဉ်ကျေးမှုတွင် မိဖနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ခင်ပွန်းနှင့်ဇနီး၊ ဆွေမျိုးအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် ပြုကျင့်လိုက်နာရမည့် စည်းကမ်းစနစ်များ အတိအကျ ပြဋ္ဌာန်းထား၏။ ထိုစည်းကမ်းစနစ်များကို အခြေပြု၍ပင် မြန်မာ့လူအဖွဲ့အစည်းသည် အေးချမ်းသာယာစွာ တိုးဘက်ဖွံ့ဖြိုးလာခဲ့လေသည်။ ထိုစည်းကမ်း စနစ်များသည် မင်္ဂလသုတ်ပါ တန်ဘိုးများအပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မင်္ဂလာတရားတော်သည် မြန်မာလူနေမှုစနစ်၏ ပန်းတိုင်ဖြစ်ကြောင်းဆိုသော် လျော်ကန်သည်သာ ဖြစ်ပေသည်။

ဗုဒ္ဓဝါဒ (ဗုဒ္ဓဘာသာ)အကြောင်း ရေးသားပြောဆိုကြသော အချို့သော ပုဂ္ဂိုလ်တို့က ဗုဒ္ဓဝါဒတွင် ဒုက္ခသစ္စာကို အခြေခံထားသည်ကို အကြောင်းပြုပြီး ဗုဒ္ဓဝါဒကို အောက်ပါအတိုင်း စုပ်စွဲလျက်ရှိကြလေသည်။

ဗုဒ္ဓဝါဒသည်-

(က) အဆိုးဘက်ကိုသာကြည့်တတ်သောဝါဒ(Pessimism) ဖြစ်ကြောင်း၊

(ခ) ကမ္ဘာဒြင့်လူဘဝကို ငြင်းပယ်သောဝါဒ (World and life Negation) ဖြစ်ကြောင်း၊

(ဂ) ဤဘဝတွင် မျော်လင့်ချက်ကင်းမဲ့မှုအပေါ်တွင် အခြေပြုသောဝါဒ ဖြစ်ကြောင်း၊

(ဃ) လူ၏အားမာန်တက်ကြွမှုကို အားမပေးသော ဝါဒ ဖြစ်ကြောင်း၊

(င) နောင်ဘဝကိုသာ မျော်သောဝါဒ ဖြစ်ကြောင်း၊

(စ) ဘုန်းကြီးကျောင်းဝါဒသက်သက် ဖြစ်ကြောင်း၊

(ဆ) မိမိတဦးတည်း၏ ကောင်းကျိုးကိုသာ ရှာကြသော တကိုယ်ကောင်းဝါဒဖြစ်ကြောင်း စသည် စသည်။

ဗုဒ္ဓဝါဒအပေါ်တွင် ဤသို့မြင်ကြသော ပုဂ္ဂိုလ်များအတွက် ဤမင်္ဂလသုတ်တွင်သည် အကောင်းဆုံးအဖြေပင် ဖြစ်လေသည်။ ဗုဒ္ဓဝါဒသည် လူဘဝကို လျစ်လျူမပြုကြောင်း၊ ယခုဘဝ ကောင်းစားရေးအတွက် ကိုယ်ပြည့်စုံသော လူနေမှုစနစ်တရပ်ကို ပေးစွမ်းနိုင်ကြောင်း၊ လူအချင်းချင်း ဆက်ဆံရေးတရားများကို

လည်း ညွှန်ပြနိုင်ကြောင်း၊ ဤဘဝမှာပင် အရှယ်အလိုက်၊ အသက်အလိုက် တက်တက်ကြွကြွ နေထိုင်လုပ်ဆောင်နိုင်ရန် အားပေးကြောင်း၊ ဗုဒ္ဓဝါဒသည် လူကို အရာရာ၏ဝင်ရိုးအဖြစ် ထားရှိမြင်သော လူသားဝါဒဖြစ်ကြောင်းတို့ကို ဤသုတ္တကထင်ရှားစေပေလိမ့်မည်။ ဤသုတ္တကကို ဒေါက်တာဆိုနီက အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ ကမ္ဘာသို့ ဖြန့်ချိပေးခဲ့သည်မှာ ဗုဒ္ဓဝါဒအတွက် ကြီးမားသော အဆောက်အကူကြီး ဖြစ်ပါပေသည်။

ဗုဒ္ဓဝါဒကို စိတ်ပျက်အားလျော့သောဝါဒဟု အထင်ရှိကြသော ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာ နိုင်ငံသူ နိုင်ငံသားတို့၏ နေထိုင်စားသောက်ပုံ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုတို့ကို ကိုယ်တွေ့မျက်မြင် ကြုံရသောအခါ အံ့အားသင့်သွားလေ့ရှိကြ၏။ ဗုဒ္ဓဘာသာဝင်များသည် စိတ်ပျက် အားလျော့နေကြသူများ၊ မိုင်တွေနေကြသူများ၊ မိမိကိုယ်ကို သတ်သေကြသူများမဟုတ်ပဲ ကမ္ဘာပေါ်တွင် 'အပျော်ရွှင်ဆုံး လူသားများ' ဖြစ်နေသည်ကို ၎င်းတို့တွေ့ရလေသည်။ ထိုအခါ ဗုဒ္ဓဝါဒသည် သူတို့ထင်သလို မဟုတ်ကြောင်း၊ ဗုဒ္ဓဝါဒတွင် လူများ၏ ချမ်းသာသုခကို ပေးရန် အတွက် 'တစုံတခု' ရှိနေကြောင်း သဘောပေါက် လာကြလေသည်။

မြန်မာပြည်တွင် အရာရှိတဦးအဖြစ် နေထိုင်သွားသော အိပ်ချ်၊ ဖီးလ်ဒင်းဟောလ် (H. Fielding Hall)က 'လူမျိုးတမျိုး၏ ဝိညာဉ်' (The Soul of a People) အမည်ရှိ သူ၏စာအုပ်တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ချခဲ့လေသည်။

"သေချာသည်မှာ ၎င်း (ဗုဒ္ဓဘာသာ) သည် လျှို့ဝှက်မှုနှင့် တရားသေဆန်မှု၊ ပူဇော်ပသမှုနှင့် ကိုယ်ကျိုးရှာဘုန်းကြီးများမှ ကင်းစင်သည့် ကမ္ဘာပေါ်တွင် တခုတည်းသော ရိုးသားသော ယုံကြည်မှုတခု ဖြစ်သည်ဆိုသော အချက်ပင်တည်း။ ၎င်းသည် ချစ်စဖွယ်သော ယုံကြည်မှုတရပ် ဖြစ်သည်ဆိုသော အချက်ကို သိသာရန် သင်သည် ၎င်းကို ယုံကြည်သူများကို ကြည့်လျှင် ထင်ရှားပေလိမ့်မည်။ အကယ်၍ လူဘမျိုးသည် သူတို့၏ယုံကြည်မှုတွင် နှစ်သိမ့်နေကြသည်ဆိုလျှင်၊ သူတို့၏ယုံကြည်မှုကို ချစ်မြတ်နိုးပြီး မြင့်တင်ကြသည်ဆိုလျှင်၊ တိုယုံကြည်မှုကလည်း သူတို့အား ပြန်၍မြင့်တင်ပြီး ပျော်ရွှင်အောင် ဖန်တီးပေးသည်ဆိုလျှင်၊ အခြား ဆက်သေအဆထောက်အထား ရှာဖွေရန် လိုပါဦးမည်လော။"

ကမ္ဘာကျော် ပါဠိပညာရှင် ဒေါက်တာ ရိုင်းစ်ဒေးဗစ်စ် (Dr. Rhys Davids)သည် ခရစ်ယန် ဓမ္မဆရာတဦး၏သား ဖြစ်၏။ သူသည် ခရစ်ယန် ဘာသာက ဗုဒ္ဓဘာသာထက် သာလွန်ကြောင်း ပြဆိုရန် ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့၏။ သို့ရာတွင် နောက်ဆုံးတွင် သူကိုယ်တိုင်ပင် ဗုဒ္ဓဘာသာစင်စစ် ဖြစ်သွားပြီး ဤသို့ သက်သေခံရေးသားခဲ့လေသည်။

"ကျွန်ုပ်သည် ကမ္ဘာ၏ ဘာသာကြီးများအားလုံးကို စစ်ဆေးခဲ့ပါသည်။ ဗုဒ္ဓ၏မြတ်သော သစ္စာလေးပါး၏ လှပမှုနှင့် ပြည့်စုံမှုအား ကျော်လွန်နိုင်သောအရာကို မည်သည့် ဘာသာတွင်မျှ မတွေ့ခဲ့ရပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝကို ထိုလမ်းကြောင်းအတိုင်း ပုံဖော်ရသဖြင့် နှစ်သိမ့်ကျေနပ်မိပါသည်။"

လူထုနှင့် အနီးစပ်ဆုံးဒေသနာကိုပြပါဟု ဆိုလျှင် 'မဟာမင်္ဂလသုတ်' ကို ညွှန်ရမည်သာဖြစ်၏။ ယနေ့ မြန်မာပြည်တွင် မဟာမင်္ဂလသုတ်ကို အာဂုံရသော ကလေးလူကြီး ထောင်ပေါင်းများစွာရှိ၏။ ၎င်းကို ကဗျာဖြင့်လည်း ရေးသားထားကြသည်။ သီချင်းဖြင့်လည်း ဖွဲ့ဆိုထားကြသည်။ ၎င်း၏ အဓိပ္ပာယ်အတ္ထကို ဖွင့်ဆိုထားကြသော မြန်မာဘာသာ ကျမ်းကြီး ကျမ်းငယ်တို့လည်း များပြားလှပါသည်။ မဟာမင်္ဂလသုတ်နှင့်ပတ်သက်၍ ကျွန်တော်သည် အောက်ပါ စာအုပ်စာတန်းများကို ဖတ်ရှုခဲ့ဘူးပါသည်။ ဤစာရင်းမှာ အကုန်ပါပြီဟု ယူဆရန် မဟုတ်ပါ။ ကျွန်တော် မဖတ်ဘူးသေးသာ စာအုပ်များလည်း များစွာ ကျန်ပေလိမ့်ဦးမည်။

(၁) ခုဒ္ဒကပါဋ္ဌ ပါဠိတော်မြန်မာပြန် ဆဋ္ဌမူ၊ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၂ ခု။ စာမျက်နှာ (၃)မှ(၄)တွင်ဂင်း၊ စာမျက်နှာ (၃၀၀)မှ(၃၀၁) တွင်ဂင်း၊ မင်္ဂလသုတ် မြန်မာပြန်ပါရှိသည်။

(၂) အခြေခြိုမင်္ဂလသုတ် အရှင် ဇနကာဘိဝံသ ရေးသည်။ နယူးဘားမား ပိဋကတ်ပုံနှိပ်တိုက်၊ အမရပူရမြို့၊ ၁၃၂၇ ခု။ ကလေးများအတွက် အထူး ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်သည်။ ပုံဝတ္ထုများ၊ ကဗျာများ၊ မေးခွန်းများ ပါရှိသည်။ ကလေးများ၏ ဘဝကို မင်္ဂလာတရားတော်နှင့် ဟပ်၍ထားသဖြင့် ပို၍ အဖိုးတန်သည်၊ ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာလည်း ပါရှိသည်။

2016

(၃) မင်္ဂလာပုံပြင်များ ပါဠိပါရဂူ ဦးအောင်မိုးရေးသည်။ လုပ်အားပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၄ ခု။ မင်္ဂလာပုံပြင်များကို မှတ်ရန်၊သင်ကြားစာလိုက်နာရန် ဥပဒေသများဖြင့် ရေးသားထားသည်။ မင်္ဂလာတခုစီကိုလည်း အဓိပ္ပာယ်ဖွင့်ပြထားသည်။

(၄) မင်္ဂလသုတ် လင်္ကာ အရှင်ပဏ္ဍိတ မထေရ် ရေးသည်။ ကုသလဝတီ ပုံနှိပ်တိုက်၊ရန်ကုန်မြို့၊ ၁၉၆၁ ခု။ မင်္ဂလာတရားနှင့် ဗုဒ္ဓဘာသာအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည်။

(၅) မင်္ဂလာအမြဲတေ ဥုးစန္ဒဇောတိ ရေးသည်။ ကုသလဝတီ ပုံနှိပ်တိုက်၊ရန်ကုန်မြို့၊၁၃၂၃ ခု။မင်္ဂလာတရားတော်များကို လောကီရေး၊ လောကုတ္တရာရေးများဖြင့် ဝေဖန်ပြထားရာ အတော်ကျယ်ပြန့်သည်။ စာမျက်နှာ (၄၂၂)ရှိသည်။

(၆) ၃၈ဖြာ မင်္ဂလာဝတ္ထုတော်ကြီး ပြည်တော်သာဦးထွန်းရီ ရေးသည်၊ပြည်တော်သာပုံနှိပ်တိုက်၊ရန်ကုန်မြို့၊၁၃၁၈ခု။ မင်္ဂလာတရားတော်များကို ပုံဆောင်၍ပြရာတွင် ဗုဒ္ဓစာပေသာမကသမိုင်း၊ရာဇဝင်၊ဝတ္ထုစသည်တို့မှလည်းထုတ်နုတ်ပြဆိုထားသည်။ ဆောင်ပုဒ်လင်္ကာများလည်း ပါရှိသည်။

(၇) မင်္ဂလသုတ် ပါဠိအနက် လယ်တီဆရာတော်ရေးသည်။ ဟံသာဝတီပုံနှိပ်တိုက်၊ရန်ကုန်မြို့၊ ၁၉၅၅ ခု။ ဤစာအုပ်ငယ်တွင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော မင်္ဂလသုတ် ပါဠိအနက်သာမက ပါဠိဆရာ ဦးအောင်ဘင်ရေး မင်္ဂလကြေးမုံနှင့် အသျှင် စန္ဒဇောတိ၏ မင်္ဂလာရှစ်လုံးဘွဲ့များလည်း ပါဝင်သည်။

(၈) ကျောင်းသုံးမင်္ဂလာ ဆရာဦးကျော်လှိုင် ရေးသည်။ မောင်ကို စာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၅၁ ခု။ မင်္ဂလာတခုစီကို ပုံဝတ္ထု ဥပမာများဖြင့်ရင်း၊ အဓိပ္ပာယ် ဖွင့်ချက်များနှင့်ရင်း၊ ဆောင်ပုဒ်လင်္ကာများနှင့်ရင်း ပြည့်စုံစွာ ရေးသားထားသည်။

(၉) မင်္ဂလာသာရ ဒီပနီကျမ်း စာရေးသူအမည်မပါ။သမတ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၁၂ ခု။ မင်္ဂလာတရားတော်များကို ပုံဝတ္ထုများဖြင့် တန်ဆာဆင်၍ ရေးသားထားသည်။

(၁၀) မင်္ဂလာဖွင့်အကျယ်လင်္ကာစွဲ စံကျောင်းဆရာတော် ရေးသည်။ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၀ ခု။ မင်္ဂလာတရားတော်များကို ဝတ္ထုပုံပြင် ဥပမာတို့ဖြင့် ပြည့်ပြည့်စုံစုံ ရှင်းပြထားသည့်အဘိုးတန်ကျမ်းတစောင်ဖြစ်သည်။ ဘာသာခြားတို့နှင့် ယှဉ်တွဲလေ့လာထားချက်များလည်း ပါရှိသည်။

(၁၁) လင်္ကာတွဲမင်္ဂလာ အဂ္ဂမဟာပဏ္ဍိတ မိုးညှင်းဆရာတော် ဘုရားကြီးရေးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၄၉ ခု။ မင်္ဂလာတရားတော်သည် ဗုဒ္ဓဘာသာတို့၏ ဘာသာရေးသက်သက်မဟုတ်ပဲ မည်သူမဆို ကျင့်သုံး၍ ကြီးပွားချမ်းသာနိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့်ရေးသားထားသည်။

(၁၂) လင်္ကာတွဲမင်္ဂလာ မေးဖြေစာ အဂ္ဂမဟာ ပဏ္ဍိတ မိုးညှင်းဆရာတော်ဘုရားကြီး ရေးသည်။ တိုင်းလုံးမိတ်ဆွေ ပုံနှိပ်တိုက်၊ မုံရွာမြို့၊ ၁၃၀၉ ခု။

(၁၃) လင်္ကာတွဲ မင်္ဂလာ ကျင့်စဉ်တရား အဂ္ဂမဟာဝဏ္ဏိတ မိုးညှင်း ဆရာတော်ဘုရားကြီးရေးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၀၁ ခု။

(၁၄) ပရိတ်ကြီး နိဿယသစ် အရှင်ဝါသဒ္ဓာဘိဝံသ ရေးသည်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆ ခု၊ စာမျက်နှာ(၃၁)မှ(၁၈၈)အထိ မဂ်လသုတ် နိဿယသစ် ပါရှိသည်။လောကဓမ္မ မှတ်သားဖွယ်များဖြင့်တန်ဆာဆင်၍ ရေးသားထားသည်။ခေတ်မှီ၍ ရှင်းလင်းပြတ်သားသည်။လောကီလောကုတ် ဗဟုသုတများ ပြည့်စုံလှသည်။

(၁၅) မဟာပရိတ်တော်ကြီး နိဿသစ် မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဓမ္မပုလ္လဘိဒေရေးသည်။ ဇေယျာသိန်းပုံနှိပ်တိုက်၊ရန်ကုန်မြို့။စာမျက်နှာ(၁၉)မှ(၃၄)အထိ မဂ်လသုတ် နိဿပါရှိသည်။ အနက်ကို လက်ဝများဖြင့် ပေးထားသည်။

(၁၆) ပရိတ်ကြီး ပါဠိမြန်မာပြန် ဓမ္မာစရိယ ဦးတင်မြင့်ရေးသည်။ ဂျွန်ဆွာသယ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။ စာမျက်နှာ (၁၅)မှ(၂၃)အထိ မဂ်လသုတ် မြန်မာပြန် ပါရှိသည်။ လက်ဝဿားဖြင့်ပင် ရေးသားထားသည်။

ဤသို့အားဖြင့် မဂ်လသုတ်နှင့်ပတ်သက်သော စာအုပ်စာတန်းမြောက်မြောက်များများ ရှိပြီးဖြစ်သော်လည်း ဤဒေါက်တာဆိုနီ၏စာအုပ်အတွက်လည်း နေရာကျန်နေသေးသည်သာဖြစ်၏။ အာဘယ်ကြောင့်ဟူမူ သူ၏အရေးအသား၊ ယူပုံဆပုံနှင့် ရှင်းလင်းတင်ပြပုံတို့မှာ ယခင်စာအုပ်များနှင့်မတူ ခြားနားနေသောကြောင့်ပေတည်း။ ထို့ပြင် တနည်းအားဖြင့်လည်း ဒေါက်တာဆိုနီသည် ကမ္ဘာသိ ဗုဒ္ဓကျမ်းပြုဆရာတယောက်ဖြစ်ပြီး ဤစာအုပ်သည်လည်း ကမ္ဘာ့သို့ တင်ပြခဲ့သောစာအုပ်ဖြစ်ရာ သူ၏အယူအဆများကို မြန်မာစာဖတ်ပရိသတ်အနေနှင့် လေ့လာ

ကြည့်သင့်လှပေသည်။ ဤသဘောထားဖြင့်ပင် ဤစာအုပ်ကို မြန်မာဘာသာ ပြန်ဆိုလိုက်ရခြင်း ဖြစ်ပေသည်။

(c)

ဤစာအုပ်ကို လေ့လာခြင်းမပြုမီ ကျမ်းပြုဆရာနှင့် စာဖတ်သူတို့အား မိတ်ဆက်ပေးရန် ကျွန်တော့်တွင် တာဝန်ရှိသည်ဟု ယူဆမိပါသည်။

ဒေါက်တာ အာရ်၊ အယ်လ်၊ ဆိုနီ (Dr.R.L.Soni) အား ၁၉၀၄ ခုနှစ်တွင် အိန္ဒိယပြည် ပန်ဂျပ်နယ်တွင် မွေးဖွားခဲ့၏။ ငယ်စဉ်က အာဖရိကနှင့် ဥရောပတွင် နေထိုင်ခဲ့သည်။ ပန်ဂျပ်နယ်လာဟိုမြို့ရှိ အက်ဒွပ်ဘုရင် ဆေးကောလိပ် (King Edward Medical College) မှ ဘွဲ့ရပြီးနောက် မြန်မာပြည်တွင် လာရောက်အခြေစိုက်ခဲ့သည်။ ဒေါက်တာဆိုနီသည် M.B.B.S, F.R.H.S,F.Z.S,M.C.G.P စသော ဘွဲ့ထူး ဂုဏ်ထူး များစွာ ရရှိသည့် ပုဂ္ဂိုလ်ထူးတဦး ဖြစ်ပေသည်။

မူလက အာရိယာသမဂ္ဂ ဟိန္ဒူဘာသာဝင် ဖြစ်သော်လည်း ဒေါက်တာဆိုနီသည် ၁၉၃၃ ခုနှစ်တွင် အီတာလျံသာသနာပြုဆရာတော်ဦးလောကနာထနှင့်တွေ့ဆုံမိပြီးနောက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့လေသည်။ ထိုအချိန်မှစ၍ သူသည် ဗုဒ္ဓကျမ်းစာများကို အားကောင်းမောင်းသန်ဖြင့် လေ့လာအားထုတ်ပြီး ဗုဒ္ဓကျမ်းစာများစွာကို ရေးသားခဲ့သည်။

ဒေါက်တာဆိုနီသည် မြန်မာပြည် စာနယ်ဇင်းတို့တွင်သာမက ပြင်သစ်၊ ဂျာမနီ၊ ဂျပန်၊ အင်္ဂလန်၊ သီဟိုဠ်၊ အိန္ဒိယ စသော

တိုင်းပြည်များ၌ ထုတ်ဝေသော ဂျာနယ်မဂ္ဂဇင်းတို့တွင်လည်း ဗုဒ္ဓဘာသာဆိုင်ရာ စာပေများကို ရေးသားခဲ့လေသည်။ ၎င်းတို့အပြင် စာအုပ်စာတန်းအဖြစ် သူ ရေးသားထုတ်ဝေခဲ့သည်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ Life's Highest Blessings.
၂။ A Cultural Study of the Burmese Era.
၃။ Buddhism: My Conception of It.
၄။ A Glimpse of Buddhism.
၅။ Cultural Background of India.
၆။ Some Fundamental Values of Buddhism.
၇။ The Fundamentals of Wellbeing.
၈။ Shwedagon: The Cultural Lighthouse of Burma.
၉။ Buddhism and the Indian Outlook.

ဒေါက်တာဆိုနီသည် ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့အစည်းများတွင် ခေါင်းဆောင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၆၁ ခုနှစ်က ပါကစ္စတန်ပြည်တွင် ကျင်းပသော မဟာဗုဒ္ဓဇယျန္တီပွဲတော်တွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ သူသည် သီဟိုဠ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ တောင်ဗီယက်နမ်၊ ဟောင်ကောင်၊ ဂျပန်၊ မလေးယား၊ စင်္ကာပူ စသော တိုင်းပြည်ပေါင်းများစွာသို့ အနှံ့အပြား လှည့်လည်ခဲ့ဘူးလေသည်။ ဒေါက်တာ ဆိုနီသည် ယခုအခါဘွင် မန္တလေးမှို့ စီလမ်းတွင် နေထိုင်လျက်ရှိသည်။

ဒေါက်တာ ဆိုနိုက သူ၏စာအုပ်ကို Life's Highest Blessings ဟု အမည်ပေးထားရာ မြန်မာဘာသာအားဖြင့် ဘဝ၏အမြင့်ဆုံး ကောင်းခြီးမင်္ဂလာများဟု အဓိပ္ပာယ်ဖော်နိုင်ပါသည်။ ကျွန်တော်ကမူ ဤစာအုပ်ကို 'ဘဝ၏မင်္ဂလာ'ဟု မှည့်ခေါ်လိုက်ပါသည်။

မြန်မာပြည်သည် ထေရဝါဒ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ကျမ်းစာများ ကြွယ်ဝလှပါသည်။ အကယ်၍သာ ဤစာအုပ်ငယ်သည် မူလကပင် ဝေဇယန္တာအလား ခန့်ငြားလှပပြီးဖြစ်သော ဓမ္မဗိမာန်တော်ကြီးဝယ် သေးငယ်သော မှန်ကူကွက်တခု တပ်ဆင်ခြင်းအဖြစ်မျှ ယူဆရမည်ဆိုသော် ကျွန်တော်၏ သေးဖဲ့သော ဝိရိယအတွက် ထိုက်တန်သော အကျိုးကျေးဇူးကို ရရှိပြီဟု နှစ်နှစ်ခြိုက်ခြိုက် မှတ်ယူမည် ဖြစ်ပါသတည်း။

သန်းထွန်း
၁၊ ၅၊ ၆၇
ဗုဒ္ဓဟူးနေ့

ကျမ်း ပလ္လင်

မဟာမင်္ဂလသုတ္တာ ၎င်း၏ ဂုဏ်ရည်။

၎င်းသည်- မိမိကိုယ်ကို ယဉ်ကျေးစေမှု။
မိမိကိုယ်ကို တိုးတက်စေမှုနှင့်
မိမိကိုယ်ကို သိရှိမှုတို့အတွက် အခြေခံချပေး
သည်။

၎င်းသည်- ကိုယ်ခန္ဓာ၏ ယဉ်ကျေးမှု၊
အသိဉာဏ်၏ ယဉ်ကျေးမှုနှင့်
စိတ်ဓာတ်၏ ယဉ်ကျေးမှုတို့အတွက် လမ်းညွှန်
ပေးသည်။

၎င်းသည်- လောကီသားဘဝ
ဘာသာရေးဘဝနှင့်
လောကုတ္တရာဘဝတို့အတွက် အဆင့်ဆင့် ပြင်
ဆင်ပေးသည်။

၎င်းသည်- မကောင်းမှုကို ပယ်ရှားရန်၊
ကောင်းမှုကို ဆည်းပူးရန်နှင့်
စိတ်ကို စင်ကြယ်စေရန်တို့အတွက် နည်းပြပေး
သည်။

ဤသို့အားဖြင့် ၎င်းသည် မြတ်သော နည်းလမ်း
များဖြင့် ဂုဏ်ပြောင်သော ပန်းတိုင်များသို့
ရောက်စေ၏။ ပန်းတိုင်များကား-

အောင်မြင်မှုနှင့် ပျော်ရွှင်မှု၊
ဘေးကင်းမှုနှင့် ငြိမ်းချမ်းမှု၊
သုဂတိသို့ ရောက်မှုနှင့်
ဒုက္ခမှ လွတ်မြောက်မှုတို့ပင် ဖြစ်သတည်း။

အာရ်၊ အယ်လ်၊ ဆိုနီ

ဆာဦးသွင်၏ အမှာ

ဤစာအုပ်ကို ရေးသားသူ ဒေါက်တာ အာရဲ၊ အယ်လ်၊ ဆိုနီအား တရားတော်၏ တန်ဘိုးများကို စိတ်အား ထက်သန်စွာ မြှင့်တင်သူအဖြစ် ကိုယ်တိုင်သိရှိသောကြောင့် တကြောင်း၊ ကျွန်ုပ်တို့အကြားတွင် ဗုဒ္ဓ၏မြင့်မြတ်သော သင်ကြားချက်များဖြင့် ကမ္ဘာကြီးအား အကျိုးပြုလိုသော ဆန္ဒက ပြင်းပြနေသောကြောင့် တကြောင့်၊ ဤစာအုပ်သည် ထိုရည်ရွယ်ချက်အတွက် နှစ်လိုဖွယ်ကောင်းသော အထောက်အပံ့တခုဖြစ်သောကြောင့် တကြောင်း၊ ဒေါက်တာဆိုနီသည် ဗုဒ္ဓ၏ သဝဏ်လွှာကို ပြန်လည်သယ်ဆောင်သွားရန် သူဆုံးဖြတ်ထားသော သူ၏ မိခင်တိုင်းပြည် (အိန္ဒိယပြည်)ထက်မလျော့နည်းသော ချစ်ခြင်းဖြင့် ကျွန်ုပ်၏တိုင်းပြည်ကို ချစ်ခင်သူတဦးဖြစ်သောကြောင့်တကြောင်း၊ ဤအကြောင်းများကြောင့် ဤစာအုပ်တွင် အမှာရေးပေးရသည်မှာ ကျွန်ုပ်အား အကြီးဆုံး ပျော်ရွှင်မှုကို ပေးပါသည်။

ဒေါက်တာဆိုနီသည် ကျွန်ုပ်၏ နှလုံးသားတွင် အရင်းနှီးဆုံးသော အကြောင်းအရာကို ရွေးချယ်ထားသဖြင့် ပျော်ရွှင်မိပါသည်။ မဟာ မင်္ဂလသုတ္တသည် လူသားတို့ အမြဲရှာဖွေခဲ့သော ပျော်ရွှင်မှုကို ရရှိရေးအတွက် ပြည့်စုံပြီး လက်တွေ့ကျသော အဖြေပင်ဖြစ်ပါသည်။ ၎င်းက ရုပ်ပိုင်းချမ်းသာရေး ဆာလောင်

မှုကို ဖြေဖျောက်စေသည်သာမကဘဲ စိတ်ပိုင်း ပျော်ရွှင်ရေး
ငတ်မွတ်မှုကိုလည်း ငြိမ်းအေးစေပါသည်။ အမှန်စင်စစ်အားဖြင့်
ဤသုတ္တာသည် ထူးခြားသော ဆေးဝါးဖြစ်ပါ၏။ ၎င်းက စိတ်
ဓာတ်ရေးရာတွင် ငတ်မွတ်နေပြီး ကျင့်ဝတ်ရေးရာတွင် သွေးအား
နည်းနေသော ယနေ့ ကမ္ဘာက အပူတပြင်း လိုအပ်နေသည့်
အားတိုးဆေးကို ပေးပါသည်။ ချက်ခြင်းပင် ကျွန်ုပ်၏ စိတ်တွင်
ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ရှိ ပညာ၊ သိပ္ပံနှင့်
ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ အခြေခံ ဥပဒေနိဒါန်းတွင်
ပါသော ချီးကျူးထိုက်သည့် ဤစာပိုဒ်ကို သတိရမိပါသည်။
"ထာဝစဉ်တည်မြဲသော ငြိမ်းချမ်းရေးကို ရရှိလိုပါက ၎င်းအား
လူသားတို့၏ အသိဉာဏ်နှင့် ကျင့်ဝတ်ခိုင်မာမှုပေါ်တွင် တည်
ဆောက်ရပေမည်။"

ဒေါက်တာ ဆိုနီသည် ဤသုတ္တာကို ပညာရှင်၏ ရှုထောင့်မှရော
ခေတ်အမြင်တို့မှပါ ကောင်းစွာ ရေးသားထားပေသည်။ သူသည်
လူသိများသော စာရေးဆရာတဦးဖြစ်ပြီး ဗုဒ္ဓ၏ သင်ကြားချက်
များကို ရိုးသားစွာ ဖော်ပြလေ့ရှိသူတဦးလည်း ဖြစ်သောကြောင့်
ဤအကြောင်းအရာကို ကိုင်တွယ်ရန် အရည်အချင်းပြည့်ဝပါ၏။
လာလတ်သော စာမျက်နှာများက သူ၏ ပညာရည်ကို ပြသရုံမျှ
မက သူသည် လူသားများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းပြန်လည်
ဆန်းဆစ်ရေးအတွက် ရှေးကျမ္ဘီ မမှားယွင်းနိုင်သော ဆေးဝါးကို
ပေးရန် မည်မျှ ရိုးသားစွာ တင်ပြသည်ကိုလည်း ပြသပေသည်။
ဤစာအုပ်သည် အပြုလုပ်ငန်းများကို စဉ်းစားလိုသူတို့အတွက်
ကြီးစွာသော အားဟာရ ဖြစ်ပေသည်

မြန်မာပြည်ဆစ်ကြီးသည် ဤဆေးဝါးကို မှီဝဲရုံမက ၎င်း၏ အညွှန်းအတိုင်း လိုက်နာလျက်ရှိသည်ကို တွေ့ရသဖြင့် ကျွန်ုပ် မျှားစွာ ဝမ်းမြောက်မိပါသည်။ ကမ္ဘာကြီးဆည်လည်း ထိုအတိုင်း လိုက်နာပြီး တကယ်ချမ်းသာမှုကို ရရှိပါစေဟု စိတ်အားထက် သန်စွာ ဆန္ဒပြုလိုက်ပါသည်။

စာရေးသူသည် သူ၏ တာဝန်ကို ကောင်းစွာ ဆောင်ရွက်ခဲ့ ပါ၏၊ အင်္ဂလိပ်ဘာသာဖြင့် ဤကြောင်းအရာနှင့် ပတ်သက်၍ ပဌမဆုံးရေးသားခြင်း ဖြစ်သော ဤစာအုပ်ကို ကောင်းစွာ အောင်မြင်ပါစေဟု ကျွန်ုပ် ဆုတောင်းလိုက်ပါသည်။ စာရေးသူ အားလည်း ကျွန်ုပ်၏ အလိုက်လဲ့ဆုံး ဂုဏ်ပြုမှုမျှားနှင့် လက်ရှေး စဉ် ကောင်းခြီးမင်္ဂလာများကို ပေးပို့လိုက်ပါသည်။

ဦးသွင်
(သတိုးသီရိသုဓမ္မ ဆာဦးသွင်)
ဥက္ကဋ္ဌ၊ ဗုဒ္ဓသာသနာ့ကောင်စီ
ပြည်ထောင်စုမြန်မာနိုင်ငံ
ရန်ကုန်မြို့
၁၉၅၅ ခု၊ ဇွန်လ (၂၂) ရက်

စာရေးသူ၏ အမှာ

ဤစာအုပ်ဖြစ်ပေါ်လာပုံကို ဦးစွာဖော်ပြပါရစေ။

စစ်မဖြစ်မီက ကျွန်ုပ်၏ နေရာဟောင်းမှ စာကြည့်တိုက်နှင့် စာရွက်စာတန်းများကို မန္တလေးမြို့သို့ လွှဲခဲ့သော နှစ်နှစ်ခန့်က ပြောင်းရွှေ့ခဲ့ပါသည်။ ပဌမတွင် စစ်ဖြစ်နေသောကြောင့်ရင်း၊ စစ်ပြီးသောအခါတွင်လည်း တိုင်းပြည်မငြိမ်မသက်သောကြောင့်ရင်း၊ ကျွန်ုပ်သည် နေရာဟောင်းနှင့် ဆယ်နှစ်ခန့် အဆက်ပြတ်နေခဲ့၏။ စာအုပ်များစွာမှာ ခြကိုက်နေသည်ကို တွေ့ရသော်လည်း စာကြည့်တိုက်၏ အဓိကအပိုင်းမှာ အကောင်းပကတိပင် ဖြစ်သဖြင့် ဝမ်းမြောက်ရပါ၏။ သို့ရာတွင် မကြာမီပင် ကျွန်ုပ်၏ ရတနာသေတ္တာကြီးမှာ မမှတ်မိနိုင်လောက်အောင်ပင် ခြစားနေသည်ကို တွေ့ရသဖြင့် ပဌမပျော်ရွှင်မှုမှာ ကွယ်ပျောက်သွားပါတော့သည်။ ရတနာဟု ဆိုရခြင်းမှာ ထိုသေတ္တာထဲတွင် အဖိုးတန်၍ ရှားပါးလှသော စာအုပ်များအပြင် ကျွန်ုပ်ကိုယ်တိုင် ကိုးနှစ်ကျော် ဆယ်နှစ်မျှ ကြိုးကြိုးစားစား ရေးသားပြုစုခဲ့ရသော စာမူများ ပါဝင်နေသောကြောင့်ပင်။ ဖိုင်တွဲများမှာ သန်းပေါင်းများစွာသော ခြတို့ဖြင့် ပြည့်လျက် နှံ့စေးအပုံများကဲ့သို့ ဖြစ်နေလေသည်။ ဤအဖျက်သတ္တဝါများသည် မီးရထားကုန်တွဲများတွင် ခရီးရှည်နှင့်လာစဉ် ဤသေတ္တာအဘွင်းသို့ ဝင်ရောက်ခဲ့ကြ

ဟန်တူ၏။ ကျွန်ုပ်၏ တုန်လှုပ်မှုကို ရေးပြသည်ထက် တွေးကြည့်လျှင် ပို၍ သိနိုင်ပေလိမ့်မည်။ ရန်သူများ၊ ဝံုးများ၊ ကျည်ဆံများ၊ ရာသီဥတုနှင့် မုန်တိုင်းများ၏ ဘေးဒုက္ခတ်ခဲ့ပြီး နောက်ဆုံးခရီးတွင်မှ ဆုံးရှုံးရခြင်း ဖြစ်ပေသည်။ ဤသည်ပင်လျှင် အရာခပ်သိမ်း၏ မမြဲမှုတည်းဟူသော အနိစ္စတရားပေတည်း။

ကျွန်ုပ်သည် များစွာစိတ်ပျက်မိသော်လည်း မျှော်လင့်ချက်ကို မလျော့ဘဲ ချက်ခြင်းပင် ရနိုင်သမျှကို ရွေးယူထားရန် အားထုတ်ပါသည်။ ဤသို့ဖြင့် ပျက်စီးနေသောစာရွက် ရာပေါင်းများစွာကို ပြန်၍ ရခဲ့၏။ ထိုစာရွက်များမှာ ဘဝအသစ် ဖြစ်ခြင်းနှင့် သိမှုဝိညာဉ်နှင့်ပတ်သက်သော ကျွန်ုပ်၏ သုတေသနပြုထားချက်များနှင့် မဟာမင်္ဂလသုတ္တ အကြောင်း ရေးသားချက်များ ပါဝင်၏။ ထို့မှစ၍ ကျွန်ုပ်သည် ဤသုတ္တအကြောင်းကို ပြန်၍ ရေးသားခဲ့၏။ ဤသို့ပြုခြင်းဖြင့် ကောင်းသော ရလာဒ်နှစ်ခု ပေါ်လာပါသည်။ ပဌမရလာဒ်ကား စာအုပ်များပျက်စီးခြင်းကြောင့် ဖြစ်သော တုန်လှုပ်မှုသည် ရည်ရွယ်ချက်သစ်တွင် နစ်မွန်းသွားခြင်းဖြစ်၏။ ဒုတိယရလာဒ်ကား ဤစာအုပ် ပေါပေါက်လာခြင်း ဖြစ်၏။ ဤစာအုပ်သည် အသုံးဝင်သော စာအုပ်တအုပ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါ၏။ သို့ရာတွင် ဤစာအုပ် ဖြစ်ပေါ်လာခြင်းအတွက် ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်မှာ စာရေးသူပင်လော သို့မဟုတ် ဖြေများပင်လော တွေးတောဘွယ် ဖြစ်ပေသည်။

မဟာမင်္ဂလသုတ္တသည် မျက်စမှာက်ခဏတ် လူ့ဘဝ၌ကျေးမှုကို ကောင်းစွာ ပံုသွင်းရန် ထင်ပေါ်သော စာတန်းကြီးဖြစ်ပေသည်။ လူသား၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းတို့ကောရေးအတွက် ထားဝရ

ပြဋ္ဌာန်းချက်ကြီး စင်စစ်ဖြစ်သော ဗုဒ္ဓ၏ အရေးကြီးသော ယင်း သုတ္တအား တခုစီခွဲ၍၎င်း၊ တူရာကို ပေါင်း၍၎င်း၊ လေ့လာရန် ဤစာအုပ်၌ ကြိုးစားထားပါသည်။ ဤသုတ္တတွင် ကျားမ မရွေး၊ အဆင့်အတန်းမရွေး၊ အလုပ်အကိုင်မရွေး၊ ဇာတ်ဇာတိမရွေး၊ လူမျိုးတိုင်းပြည်မရွေး၊ လူတိုင်း၏ ဘဝအဆင့်ဆင့်တွင် လက်တွေ့ကျင့်သုံးနိုင်သော သခ်ၤကၤစားများပါဝင်၏။ ၎င်း၏ ပြဋ္ဌာန်းချက်များတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးတို့အတွက် မမှားနိုင်သော ကတိပေးမျက်လည်း ပါဝင်၏။ မည်သူမျှ ကမ္ဘာ့သမဂ္ဂ အကြောင်းကို အိပ်မက်မမက်မိ မင်းတုန်းမင်းတရားကြီးသည် ဤအချက်ကို သိမြင်ခဲ့သည်။ ထိုဘုရင်ကြီးသည် ၁၀၅၅ ခု နှစ်တွင် အမရပူရနန်းတော်၌ ဗြိတိသျှ သံအမတ် ဆာ အာသာ ဖယ်ယာအား မင်္ဂလသုတ္တ၏ ဂုဏ်ရည်များကို ပြောပြရင်း မင်္ဂလ သုတ္တသည် ကမ္ဘာသားတိုင်း၏ဖတ်စာ ဖြစ်နိုင်ကြောင်း မိန့်ဆို ခဲ့သည်ဟုဆိုပါသည်။ မန္တလေးမြို့ကို တည်ထောင်ပြီး ပဉ္စမ သံဂါယနာ ဒါယကာကြီးအဖြစ် ကျော်ကြားသော ဘုရင်ကြီးသည် ဤသုတ္တကို အထူးမြတ်နိုးပုံရလေသည်။ ထို့အရင် တနှစ်ကပင် ထင်ရှားသော ဗုဒ္ဓပညာရှင် မင်္ဂလာဘုံးကျော် ဆရာတော်ဘုရား ကြီးသည်လည်း ထိုအကြောင်းအရာကို ဦးကာကြီးတစောင် ရေးသားတော်မူခဲ့လေသည်။

မင်္ဂလာတရားဘော်များကို ကမ္ဘာအနှံ့ဖြန့်ချိရန် လိုအပ်လှ၏။ အထူးသဖြင့် ယခုအခါတွင် ကမ္ဘာကြီးမှာ တဖြည်းဖြည်း ကြုံ့ဝင် လာသောကြောင့် တိုင်းပြည်နိုင်ငံဘခုနှင့်တခု ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ချည်နှောင်ပေးမည့် နှောင်ကြိုးတခု လိုအပ်နေသည်ဖြစ်သဖြင့် ထိုအချက်မှာ ပို၍ပင် လိုအပ်ပေသည်။

ထိုသို့ပြောင်လဲပေးနိုင်မှသာလျှင် ပြင်းထန်သော မုန်းတီးမှုများ၊ တပ်မက်မှုများနှင့် အထင်မှားမှုများကြောင့် လတ်တလော ကြုံနေရသော ဘေးဆိုးများမှ ကယ်ဘင်နိုင်ပေလိမ့်မည်။

လူအား ပြုပြင်ပြောင်းလဲပေးရန် လုံးဝ လိုအပ်၏။ ထိုသို့ ပြောင်းလဲပေးခြင်းဖြင့် အိမ်တွင်းရေးနှင့် လူမှုရေးတွင်သာမက နိုင်ငံရေးနှင့် နိုင်ငံတကာနေးကွင်းပါ တိုးတက်မှုကို ဖြစ်စေပေလိမ့်မည်။ ထိုသို့သော ချိုသာငြိမ်းအေးမှုကို ရရှိရန်အတွက် ခေတ်အဆက်ဆက်က တည်နေခဲ့သော မြတ်ဗုဒ္ဓ၏ မင်္ဂလာစကား တော်များသည် ကောင်းမွန်လှသည့် လမ်းညွှန် ဖြစ်ပေသည်။ ကျွန်စာအုပ်သည် ထိုလမ်းညွှန်ကို မိတ်ဆက်ပေးထားပါသည်။ ကျွန်စာအုပ်သည် လူ့ဆက်ဆံရေးပိုင်းတွင် တိုးတက်စေရန် ကမ္ဘာအား ကူညီနိုင်လိမ့်မည်ဟူသော မျှော်လင့်ယုံကြည်ချက်ဖြင့် ရေးသားထားအပ်သည့်စာအုပ် ဖြစ်ပါသည်။ ကျွန်တွင် ကျွန်စာအုပ်သည် မင်းတုန်းဘုရင်ကြီး၏ နန်းပြည်တော်ဖြစ်ခဲ့ပြီး ယနေ့ခေတ်တွင်လည်း ဗုဒ္ဓစာပေနှင့် မြန်မာ့ယဉ်ကျေးမှု၏ ဗဟိုချက်ဖြစ်သောဌာနမှစတင်ခရီးထွက်ရခြင်းမှာ ပျော်ရွှင်ဘွယ်ကောင်းသော တိုက်ဆိုင်မှု တခုပင် ဖြစ်ပေသည်။

ကျွန်စာအုပ် ရေးရသဖြင့် ကျွန်ုပ်၏ နှစ်သိမ့်မှုသည် ဦးသွင်၏ နှစ်လိုဖွယ်အမှာစကားကြောင့် ပြည့်စုံသွားပါသည်။ ဦးသွင်သည် မြန်မာပြည် ဗုဒ္ဓသာသနာ့ကောင်စီ၏ ကမ္ဘာသို့ ဥက္ကဋ္ဌကြီးနှင့် ကမ္ဘာကျော် ရွှေတိဂုံစေတီတော်ကြီး၏ မဟာဂေါပကကြီးဖြစ်ပြီး ပြည်ထောင်စု၏ ပဌမတန်းစား ဗုဒ္ဓဥပသကာကြီးလည်း ဖြစ်၍ ခေတ်သစ်မြန်မာပြည်၏ အနာထ ပိဏ္ဍိကလည်း ဖြစ်ပါသည်။ သူသည် အသက်ခုနစ်ဆယ်ဝန်းကျင်သို့ ရောက်ပြီဖြစ်သော်လည်း

အထူးအားဖြင့် လူမှုရေး၊ ငြိမ်းချမ်းရေး၊ ဘာသာရေးနှင့် ပတ်သက်သော လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူငယ်များ၏ ရဲစွမ်းသတ္တိနှင့် တက်ကြွမှုများ ရှိဆဲပင် ဖြစ်လေသည်။ သူကိုယ် တိုင်ကပင်လျှင် မင်္ဂလာသုတ္တ၏ ကိုယ်ထင်ပြုချက်ဖြစ်ပေရာ သူ၏ ကောင်းခြီးပေးမှုများသည် ဤစာအုပ်အား ကမ္ဘာအနှံ့ လှည့် လည်ပြီး အကျိုးပြုရန် သန်မာသောဘီးများ တပ်ဆင်ပေးပါ့ သည်။

ဆိုနီအဆောက်အဦ
မန္တလေး (မြန်မာပြည်)

အာရ်၊ အယ်လ်၊ ဆိုနီ

အခန်းတစ်

နိဒါန်း

(၁)

ဂုဏ်ပြောင်သောသူတွေ

အယူသည်းမှုနှင့် ကိုယ်ကျိုးရှာကြံမှုတို့ ပူးပေါင်းမိသောအခါ လူသားတွင် စိတ်ဓာတ်တမျိုး အမြစ်တွယ်လာ၏။ ထိုစိတ်ဓာတ်အရ နေ့စဉ် ဖြစ်ပျက်နေမှုများတွင် လူ၏ရှေရေးကို သတိပေးသော အတိတ်နိမိတ်သဘောများ ပါရှိသည်ဟု ယူဆလေ့ရှိ၏။ ဤသို့အားဖြင့် နံနက်အိပ်ယာနိုးစတွင်ဖြစ်စေ၊ ခရီးသွားနေစဉ်ဖြစ်စေ၊ လုပ်ငန်းတခု ဆောင်ရွက်နေစဉ်ဖြစ်စေ၊ အထွဋ်အမြတ်ပွဲတော်တခုခု ကျင်းပနေစဉ်တွင်ဖြစ်စေ အတိတ်နိမိတ်ကောင်းသော အရိပ်လက္ခဏာများကို တွေ့ရှ၊ မြင်ရ၊ ကြားရပါက (ဥပမာ ပွင့်နေသောပန်းတပွင့်၊ ပြုံးနေသောလူတယောက်၊ ကောင်းသောသတင်းတပုဒ်) ထိုနေ့အဘို့ သို့မဟုတ် ထိုလုပ်ငန်းများတွင် အောင်မြင်မှုများရလိမ့်မည်ဟု ယုံကြည်ကြ၏။ ဤယုံကြည်မှုမျိုးသည် တစုံတခုသော အတိုင်းအဘာအထိ အသုံးဝင်ကောင်းဝင်ပေလိမ့်မည်။ သို့ရာတွင် လုပ်ငန်းရည်ရွယ်ချက် အောင်မြင်ရေးအတွက် တကယ်အမှန် လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စ

များကို လုံးဝ မေ့လျော့ထားပြီး ဤအတိတ် နိမိတ်များကိုသာ အာရုံကိုးမှီခိုနေသည်မှာကား သက်သက် စိတ်ကူးယဉ်ခြင်းပင် ဖြစ်လေသည်။ ဤသို့ စိတ်ကူးယဉ်နေခြင်းသည် ပျက်စီးဆုံးရှုံးခြင်းဆာ ရလာဒ်ရှိပေလိမ့်မည်။ ဤအတိတ်နိမိတ်များကို လူဆာ့တို့က အရေးပေးကြလွန်းသဖြင့် ၎င်းတို့ခြင့်ပတ်သက်၍ သိပ်ပံဆန်ဆန် ပညာရပ်တခုပင် ပေါ်ထွန်းခဲ့၏။ ဤပညာရပ်များးတိုးတက်လာခြင်းသည် လူသားတို့၏ တီထွင်ကြံဆမှု စွမ်းအင်ကို ပိတ်ဆို့လျက်ရှိ၏။ လူသားတို့၏ကြောက်စိတ်ကို တိုးပွားစေလျက်ရှိ၏။ လူသားတို့၏ ကိုယ့်အားကိုယ်ကိုးလိုသော စိတ်ဓာတ်ကို ဖိနှိပ်လျက်ရှိ၏။ ဗုဒ္ဓ၏ခေတ်ကာလကလည်း ထိုအခြင်းအရာမျိုးတို့သည် ယခုအချိန်အခါထက် မပိုစေကာမူ မလျော့ပေ။ဗုဒ္ဓသည် လူသား၏စိတ်ဓာတ်အား မှန်ကန်စွာ သန့်စွမ်းတိုးတက်ခြင်း မပြုနိုင်တောင် ပိတ်ပင်ချုတ်ချယ်သောအရာမှန်သမျှကို ဆန့်ကျင်လှုံရှိသူဖြစ်ရာ ဤအယူသည်းမှုများကိုလည်း အင်အားကြီးမားစွာ ကန့်ကွက်ခဲ့ပေသည်။ ဗုဒ္ဓက ကံကြမ္မာ၊ အတိတ်၊ နိမိတ် စသည် ယုံကြည်ခြင်းများကို ရှုတ်ချပြစ်တင်ပြီး လူ၏အမူအကျင့်၊အဆက်အသွယ်နှင့် လှုပ်ရှားမှုများကသာ ကံကောင်းမှု၊ မကောင်းမှုကို ဖန်တီးပေးသောအရာများ ဖြစ်ကြောင်း ပြဆိုခဲ့ပေသည်။ ဤသို့အားဖြင့် လူသားအား အခြေခံမဲ့ ကြောက်ရုံမှုများနှင့် အယူသည်းမှုများကို အရေးတယူပြုနေရာမှ လွတ်လပ်စွာ ဆောင်ရွက်မှု၊ သဘာဝကျကျ တွေးခေါ်မှု၊ မိမိကိုယ်ကို ယုံကြည်မှုမျိုးအားအခွင့်အလမ်းပေးစေရန် လမ်းကြောင်းပေးခဲ့၏။ ဤနည်းအားဖြင့် လူသား၏ စိတ်ဓာတ်ကို ချုတ်ချယ်ထားသည့် နှောင်ကြိုးများအား ပြတ်တောက် သွားစေခဲ့ပေသည်။

ထိုခေတ်ထိုအခါက လူအဖွဲ့အစည်းသည် အတိတ်နိမိတ် အကောင်းအဆိုးကို လွန်စွာယုံကြည်နေကြ၏။ အတိတ်နိမိတ် အကောင်းအဆိုးဆိုသည်မှာလည်း ဤသို့၊ ထိုသို့ဟု အငြင်းပွားနေကြ၏။ထိုသို့သောအခြေအနေတွင် ဤပြဿနာနှင့်ပတ်သက်၍ သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်၏ ရှင်းလင်း ဟောကြားချက်ကို တောင်းခံကြမည်မှာ သဘာဝကျလှပေသည်။ ဗုဒ္ဓ၏စကားသည် အာဏာရှိသူ၊ အဆင့်အတန်းရှိသူ၊ ပညာရှိသူအားလုံးအပေါ်တွင် သြဇာသက်ရောက်ပေသည်။ ဤရည်ရွယ်ချက်ဖြင့်ပင် အထူး စေသမန်(နတ်သား)ကို စေလွှတ်လိုက်ခြင်းဖြစ်၏။နတ်သားသည် မြတ်စွာဗုဒ္ဓအား သာဝတ္ထိပြည် အနာထပိဏ္ဍိက၏ ဥယျာဉ်တွင်းရှိ ဇေတဝန်ကျောင်းတော်တွင် လာရောက်တွေ့ဆုံလေသည်။

နတ်သားအား ဘုရားရှင်၏ ဟောကြားချက်များသည် လက်တွေ့ကျသော အမြော်အမြင်ဉာဏ်ပညာ၏ အကောင်းဆုံး လက်ရာပင်ဖြစ်တော့သည်။ ၎င်းတို့ကို မဟာမင်္ဂလသုတ္တတွင် မှတ်တမ်းတင်ထား၏။ပဌမသံဂါယနာတင်စဉ်က ဤမဟာမင်္ဂလ သုတ္တကို ဗုဒ္ဓ၏ရာသက်ပန် အလုပ်အကျေး အဖော်သဟဲဖြစ်ခဲ့သော အရှင်အာနန္ဒာမထေရ်မြတ်က ရွတ်ဆို၍ သံဂါယနာတင်ခဲ့လေသည်။

ဤသုတ္တသည် အိမ်ခထောင်ရေးတာဝန်များ၊ လူမှုရေးဝတ္တရား များ၊ မိမိကိုယ်တိုင် ပြုစုပျိုးထောင်ရေးနှင့် စိတ်ပိုင်းတိုးတက်ရေး များကို ပြဆိုသည့် ခမ်းနားလှသော စာတန်းကြီးပင် ဖြစ်တော့ သည်။ တဒါဇင်မျှရှိသော ဂါထာများအတွင်းမှာပင် လူဘဝ ခရီးကို မှုစ်ခင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ပြည့်စုံခြင်းဆိပ်ကမ်းသာသို့ ဆိုက်ရောက်ဦးငိုရန် လမ်းညွှန်မည့် လေးနက်သော အကြံဉာဏ်

များနှင့် ရှေစည်းမျဉ်းများ ပါဝင်နေ၏။ ၎င်းသုတ္တာသည် သင့်တင့်လျောက်ပတ်သော ပတ်ဝန်းကျင်အကြောင်းမှ အစပြု၍ ပြောဆိုပြီးနောက် လူ၏စည်းကမ်းများ၊ ကောင်းသော အကျင့်များနှင့် ထမ်းဆောင်ရမည့်တာဝန်များကို ပြဆို၏။ ထိုနောက် ဒုံမ့်ချခြင်း၊ ကျေးဇူးသိတတ်ခြင်း၊သည်းခံခြင်း၊စင်ကြယ်ခြင်းစသော အထက်တန်းကျလှသည့် ဂုဏ်အရည်အချင်းများကို ပြဆိုပြန်သည်။ ဤသို့အားဖြင့် တဆင့်ပြီးတဆင့် မြင့်တက်သွားသည်မှာ နောက်ဆုံးတွင် သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိမြင်ပြီး အသိဉာဏ်ထွန်းပေါက်သည့် အခြေအနေအထိပင် ဖြစ်၏။

ဤတိုးတဲက်မှုဇယားသည် မုန်တိုင်းထန်လှသော ဘဝခရီးတွင် လမ်းမှန်ကိုပြနိုင်မည့် 'ဘဝအိမ်မြှောင်'ပင် ဖြစ်ပေ၏။ ၎င်းက ခရီးစဉ်ကို မှန်ကန်စွာပြရုံမက လမ်းတွင်ကြုံတွေ့ရမည့် ကျောက်ဆောင်ကျောက်ခဲနှင့် ဘေးဒုက္ခများကိုလည်း ရှောင်ကွင်းနိုင်အောင် ကြိုတင်သတိပေး၍ ဖေါ်ကြူးထားသေးသည်။

မဟာမင်္ဂလသုတ္တာသည် အမှန်ပင်မွန်မြတ်လှသော ဟောကြားချက်တခုဖြစ်၏။ ၎င်း၏မွန်မြတ်မှုကို ပိုမိုမြင့်မားစေသော အချက်တခုရှိသေး၏။ ၎င်းသည် လူသားအား မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများအကြောင်း ပြဆိုသော်လည်း လူ၏တကယ့်ဘဝကိုလည်း မေ့မထားပေ။ လူ၏လက်တွေ့ဘဝ လောကကိုလည်း အသေးဘမူပြုထားသည်ကို တွေ့ရ၏။ ဤသုတ္တာက လူအား ကောင်းကင်ဝယ်သို့ ငှက်သွင်ပျံကြွနိုင်အောင် အမွှေးအတောင်များ တပ်ပေးသော်လည်း မြေမှုန့်ဖြင့် လိမ်းကျံအပ်သော လူ၏ခြေအစုံသည် မြေကြီးနှင့်ပင် အခြေပြုကြောင်း မမေ့လျော့ပေ။ ဤအချက်ကြောင့်ပင် လမ်းပေါ်မှ လူများအား

ဆွဲဆောင်နိုင်ခြင်းဖြစ်၏။ လူသားသည် စွဲနှံလွတ်မှုနှင့် မြင့်မား သော စိတ်ပိုင်းတိုးတက်မှု သဘောတရားများကို အားကျသည် မှန်သော်လည်း လက်တွေ့တွင်မူ လူလောကအား ခုံခုံမင်မင် ငြိတွယ်လျက်ပင် ရှိတတ်လေသည်။

ဤသုတ္တ၏တန်ဘိုးသည် လူတိုင်းအတွက် ဖြစ်ဆည်မှာလည်း အံ့သြဘွယ်တပါးပင်။ ကျောင်းမှ စာဆင်သားတယောက်သည် တက္ကသိုလ်မှ ပညာရှင်တဦးနည်းတူပင် ဤသုတ္တ၏အကျိုးကို ခံစားနိုင်၏။ ဤသုတ္တအား တော်သူတောင်သားတို့ သုံးနိုင်သကဲ့ သို့ပင် မြို့သူမြို့သားများလည်း သုံးနိုင်၏။ ဗုဒ္ဓ၏စကားတော် ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ်သူများအားလည်း အခါ ရာသီမရွေး၊ တိုင်းပြည်နေရာမရွေး ကျေးဇူးပြုနိုင်၏။ ၎င်းသည် နိုင်ငံရေးသမားများအား အမှားပြင်၍ အမှန်မြင်နိုင်စေရန် ဖန်တီးနိုင်သလိုပင် တိုင်းပြည်တခု၏ သို့မဟုတ် လူမျိုးတစု၏ အကျင့်တရားကိုလည်း ထူထောင်ပေးနိုင်ပေသည်။

အားလုံးထက် ထူးခြားသည်ကား ဤသုတ္တသည် ပြုပြင် ပြောင်းလဲရေး ရှေဆောင်ပုဂ္ဂိုလ်အတွက် အံ့သြဘွယ် မျက်စေ့ ပွင့်လန်းစေသောအရာဖြစ်ခြင်းပင်။ ဗုဒ္ဓသည် လူများအား အယူ သည်းမှု ပပျောက်စေရန် မည်သို့ဆောင်ရွက်ခဲ့သည်ကို ဤသုတ္တက ပြသစေသည်။ ဗုဒ္ဓက လူများအား အသိဉာဏ် ပွင့်လင်းစေရန် ဆောင်ရွက်ခဲ့၏။ သူ၏ဆောင်ရွက်နည်းမှာလည်း အမျှားနှင့်မတူ တမူထူးခြားလှသေသည်။ လူများသည် အတိတ်နိမိတ်များကို ယုံကြည်လျက်ရှိကြကြောင်း ဗုဒ္ဓက သိမြင်၏။ ထိုသို့ယုံကြည်မှုမှာ မှားယွင်းသော်လည်း ဗုဒ္ဓသည် ၎င်းကို တိုက်ရိုက်အပြစ်မဆိုပေ။

ထိုယုံကြည်မှုမျှားအား 'အဓိပ္ပာယ်သစ်' ပေးလိုက်ခြင်းအားဖြင့် မှားယွင်းသော အယူအမြင်မှာ အလိုလို ပပျောက်သွားပြီး မှန်ကန်သော အတွေးအခေါ်များ ထွန်းပေါက်လာလေသည်။ အကျိုးတရားကား အတိတ်၊ နိမိတ်၊ လက္ခဏာများ၏နေရာတွင် တာဝန်၊ ဝတ္တရား၊ အမြင်မှန်၊ အသိမှန်နှင့် တိုးတက်မှုတို့က အစားဝင်လာခြင်းပေတည်း။

ကျမ်းစာများတွင် ၎င်း၏တည်နေရာ

မဟာမင်္ဂလသုတ္တသည် ဗုဒ္ဓကျမ်းစာများတွင် ရှေးအကျဆုံး စာစုဖြစ်သော သုတ္တနိပါတတွင် ပါဝင်နေသည်မှာ ထူးခြားလှပေသည်။ သုတ္တနိပါတသည် ရှေးအလွှာကျသော ကျမ်းစာဖြစ်ကြောင်း ဝေါဟာရသုံးနှုန်းပုံ၊ ဂါထာသီကုံးပုံ၊ အဓိပ္ပာယ်လေးနက်ပုံစသည့် မည်သည့်ရှုထောင့်မှကြည့်ကြည့် ထင်ရှားပေသည်။

သုတ္တနိပါတသည် ငါးခုမြောက် နိကာယဖြစ်သော ခုဒ္ဒကနိကာယ၏ ပဉ္စမအုပ် ဖြစ်၏။ သုတ္တနိပါတကို အစု (ဝဂ္ဂ) ငါးခုခဲ့ခြားထားရာ မဟာမင်္ဂလသုတ္တသည် ဒုတိယအစု ဖြစ်သော စူဠဝဂ္ဂ၏ လေးခုမြောက် သုတ္တ ဖြစ်လေသည်။

မဟာမင်္ဂလသုတ္တသည် ခုဒ္ဒကနိကာယ၏ ပဌမအုပ်ဖြစ်သော ခုဒ္ဒကပါဌတွင်လည်း 'မင်္ဂလသုတ္တ' အမည်ဖြင့် ပါဝင်နေ၏။

အခြား စိတ်ဝင်စားဖွယ် အချက်တခု ရှိသေး၏။ ခုဒ္ဒက နိကာယ၏ ဒဿမအုပ်တွင် အခန်း (၅၄၇)ခန်း ပါရှိရာ အခန်းတခုစီတခုစီမှာ ဗုဒ္ဓ၏ ဖြစ်တော်စဉ် တခုစီတခုစီကို မှတ်တမ်းတင်ထား၏၊ ၎င်းအခန်းတခုစီကို 'ဇာတကတခု' (ဇာတ်တခု)ဟု ခေါ်ဆိုကြ၏။ ဤတွင် စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ် အချက်

တခုမှာ (၈၇) ခုမြောက် ဇာတကကို 'မဂ်လဇာတက' ဟူ၍၎င်း၊ (၄၅၄)ခုမြောက် ဇာတကကို 'မဟာမဂ်လဇာတက' ဟူ၍၎င်း အသီးသီး ခေါ်ဆိုထားခြင်းပင်။ ၎င်း ဇာတက နှစ်ခုမှာ အကြောင်းအရာချင်း ကဲပြားသော်လည်း အနှစ်သာရ အားဖြင့်ကား မဂ်လသုတ္တန့် မဟာမဂ်လသုတ္တကို ဖော်ကြူးထားသော ဇာတ်လမ်းများ ဖြစ်ကြပေသည်။ အဘယ်ကြောင့်ဟူမူ ၎င်းတို့လေးခု (သုတ္တ နှစ်ခုနှင့် ဇာတက နှစ်ခု)တို့တွင် ထပ်တူညီသော သဘောတရား ရှိသောကြောင့်ပင်တည်း။


အောက်ပါ ဇယားက မဂ်လသုတ္တ၊ မဟာမဂ်လသုတ္တ၊ မဂ်လဇာတကနှင့် မဟာမဂ်လဇာတကတို့သည် ကျမ်းစာများတွင် မည်သည့်နေရာ၌ တည်ရှိသည်ကို အတိအကျ ပြသပေဆည်။

ဗုဒ္ဓကျမ်းစာ

တိပိဋက

ဝိနယပိဋက | သုတ္တပိဋက (၎င်းတွင် နိကာယ[1]းခု ပါဝင်ရာ ပဉ္စမနိကာယမှာ) | အဘိဓမ္မပိဋက

ခုဒ္ဒကနိကာယ
(၎င်းတွင် တဆယ့်ငါးအုပ် ပါဝင်ရာ)



မှတ်စု။ ။အထက်ပါသစ်ပင်တွင် ကျွန်ုပ်တို့၏ ရှင်းလင်းချက်အတွက် လိုအပ်သော ကျမ်းစာ
များကိုသာ ပြဆိုလိုက်သည်။

(၃)

အကြောင်းအရာများ

မင်္ဂလာတကာ၏ ဇာတ်လမ်းမှာ အဝတ်တန်ဆာ ဝတ်ဆင်ခြင်းနှင့်ပတ်သက်၍ ရှေရှေးကိုနိမိတ်ဖတ် ဟောပြောတတ်သော ဗြာဟ္မဏတယောက်အကြောင်းပင်ဖြစ်၏။ မည်မျှအဘိုးတန်သည်ဖြစ်စေ၊ မည်မျှသစ်လွင်သည်ဖြစ်စေ၊ ကြွက်ကိုက်ထားသော အဝတ်ကိုဝတ်ဆင်လျှင် နိမိတ်မကောင်း(အမင်္ဂလာ)ဟု ယူဆသူဖြစ်လေရာ ဗြာဟ္မဏသည် သူ၏အဝတ်သစ်ကို ကြွက်ကိုက်ရာတွေ့သဖြင့် မဝတ်တော့ဘဲ သုသာန်၌ စွန့်ပစ်လိုက်၏။ ဗုဒ္ဓသည် စွန့်ပစ်ထားသောအဝတ်ကို ကောက်ယူခဲ့၏။ ဗြာဟ္မဏသည် ဤအကြောင်းကိုကြားလျှင် ဗုဒ္ဓနှင့်တကွ ကျောင်းတော်ကြီးတခုလုံးတွင် မကောင်းသောဘေးရန်များ ဆိုက်ရောက်တော့မည်ဟု များစွာစိုးရိမ်မိခလသည်၊ ထို့ကြောင့် သူသည် ဗုဒ္ဓထံသို့ အကျိုးအကြောင်း ရှင်းပြရန် ပြေးသွားခဲ့၏။ သို့ရာတွင် ဗုဒ္ဓက သူ၏အယူများကို ချေဖျက်တော်မူပြီးလျှင် အသိမှန် အမြင်မှန်ကို ရရှိစေခဲ့လေသည်။ ထို့ဗြာဟ္မဏသည် ယခင်ဘဝကလည်း ဤသို့ပင် အယူအစွဲ သည်းခဲ့သူဖြစ်ကြောင်း ဗုဒ္ဓက မိန့်တော်မူလေသည်။

ဗုဒ္ဓက ထုံးစံအတိုင်း သူ၏မြင့်မြတ်တည်ကြည်သော လေသံဖြင့် ဤသို့ ပြောပြခဲ့၏။ ‘‘ဤအရာတို့က နိမိတ်မကောင်းခြင်း

(အမင်္ဂလာ)ကို ဖြစ်စေသည်မဟုတ်။ အရာဝတ္ထု ဆိုမဟုတ် လူပုဂ္ဂိုလ်များအား မြင်ခြင်း၊ ကြားခြင်း၊ ထိတွေ့ခြင်းတို့နှင့် ပတ်သက်၍ တည်ရှိနေသော အယူအစဲများ၊ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ အိပ်မက်မက်ခြင်း၊ ပတ်ဝန်းကျင်၌ အရိပ်လက္ခဏာများ တွေ့ရခြင်းတို့နှင့်ပတ်သက်၍ တည်ရှိနေသော အယူအစဲများ၊ ဤသို့စသော များသူစွာသော အယူအစဲများကို ပြစ်ပယ်လိုက်ခြင်းဖြင့် နိမိတ်ကောင်းခြင်း (မင်္ဂလာ) ကို ဖြစ်စေနိုင်ပေသည်။ဤသို့အားဖြင့် မြင့်မြတ်သော အဆင့်အတန်းကိုပင် ရရှိစေနိုင်သည်။''

မဟာမင်္ဂလဇာတက၏ ဇာတ်လမ်းမှာ ဗုဒ္ဓသည် ယခင်ဘဝတခုတွင် အိန္ဒိယပြည် ဗာရာဏသီအနီးဝယ် ရဿေဖြစ်ခဲ့စဉ်က မင်္ဂလာရှစ်ပါးကို ဟောကြားခဲ့ခြင်းအကြောင်း ဖြစ်၏။ ၎င်းမင်္ဂလာများကား အကန့်အသတ်မထားသော ပေးကမ်းစွန့်ကြဲခြင်း၊ နှိမ့်ချခြင်း၊ လူမှုဝန်တာဆောင်ရွက်ခြင်း၊ အိမ်ထောင်ရေးသာယာခြင်း၊ ရက်ရောခြင်း၊ တော်ဖြောင့် မှန်ကန်ခြင်း၊ ကမ္မတရားကို နားလည်ခြင်းနှင့် စိတ်နှလုံးတည်ငြိမ်အေးချမ်းခြင်း (ရဟန္တာဘဝ)တို့ပင်တည်း။

အထက်ပါ ဇာတ်လမ်းနှစ်ခုက ဗုဒ္ဓသည် အယူအစဲများနှင့် ပတ်သက်၍ မည်သို့သဘောထားသည်ကို ပြဆိုရုံမျှမက ဗုဒ္ဓသည် မှန်ကန်သောအမြင်နှင့် ကျင့်ဝတ်သိက္ခာ ပြည့်ဝသော ဘဝကို ထူထောင်ရန် မည်မျှအလေးထားသည်ကို ထင်ရှားစေရန် မီးမောင်းထိုးပြသည့်နှယ် ရှိပေသည်။

ဤဒုတိယအချက်ကို မင်္ဂလသုတ္တနှင့် မဟာမင်္ဂလသုတ္တတို့တွင် အကျယ်ချဲ့ပြဆထားပေသည်။ ၎င်းသုတ္တနှစ်ခု၏ ဂါထာများမှာ

အတူတူပင် ဖြစ်၏။ မင်္ဂလသုတ္တတွင် စကားပြေနိဒါန်း မပါဘဲ မဟာမင်္ဂလသုတ္တတွင် ပါရှိခြင်းသာလျှင် ထူးခြားပေသည်။

ကျွန်ုပ်တို့သည် ဤစာအုပ်တွင် ဖတ်စာအဖြစ် အသုံးပြုရန် မဟာမင်္ဂလသုတ္တကို ရွေးချယ်ထား၏။ ဆိုခဲ့ပြီးသည့်အတိုင်း ၎င်းတွင် စကားပြေနိဒါန်း ပါရှိ၏။ စာကိုယ်မှာကား ဂါထာ (၁၂)ပုဒ် ပါဝင်၏။ ဂါထာတပုဒ်တွင် စာကြောင်းလေးကြောင်း စီ ပါဝင်၏။ ဂါထာအားလုံးမှာ တပုဒ်နှင့်တပုဒ် အရွယ်အစား၊ အသံနှင့် အဆုံးသတ်များ တူညီလျက်ရှိ၏။ ဤဂါထာများမှာ ဗုဒ္ဓ၏သင်ကြားချက်အစစ်ဖြစ်ကြောင်း ယုံမှားဘွယ်မရှိချေ။ ပဌမသံဂါယနာတင်စဉ်က (ခရစ်မပေါ်မီ ၅၄၃ခုနှစ်) ဤသုတ္တကို အာနန္ဒာမထေရ်မြတ်က ရွတ်ဆိုခဲ့သည်ဟု အဆိုရှိလေသည်။ ၎င်းသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ မူလပင်မ စာစုတွင် အစိတ် အပိုင်းတခု ဖြစ်နေခြင်းကပင်လျှင် ၎င်းအား ရှေးကျမှု အရှိန် အဝါကို ဖြစ်စေလျက်ရှိပေသည်။

မှတ်စု။ ။ပဌမသံဂါယနာကို သာသနာတော် ပဌမနှစ် (ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူပြီး သုံးလအကြာ)တွင် တင်လေသည်။ သာမန်လူများမပါဝင်ရဘဲ ရဟန္တာအရှင်မြတ် ငါးရာတို့က ဗုဒ္ဓ၏ ဟောကြားချက်များကို ခုနှစ်လကြာအောင် ရွတ်ဖတ်၊ ရွေးချယ် စီစဉ်တော်မူကြ၏။ အာနန္ဒာမထေရ်မြတ်သည် အဘိဓမ္မာနှင့် (မဟာမင်္ဂလသုတ္တအပါအဝင်)သုတ္တများကို ရွတ်ဆိုတော် မူလေ သည်။

(၄)

ခေါင်းစည်း

မဟာမင်္ဂလသုတ္တ ဟူသော အမည်တွင် 'မဟာ'၊ 'မင်္ဂလ'၊ 'သုတ္တ' ဟူ၍ စကားလုံးသုံးခု ပါဝင်၏။ မဟာဆိုသည်မှာ ကြီးကျယ်သောဟု အဓိပ္ပာယ်ရ၏။ ၎င်းသည် ၎င်း၏နောက်မှ တွဲ၍ထားသော စကား၏အဓိပ္ပာယ်ကို ကျယ်ပြန့်စေပြီး လေးနက်စေသော သတ္တိ ရှိ၏။ ဤသို့အားဖြင့် မဟာဓန (ကြီးကျယ်သော စည်းစိမ်ဥစ္စာ)၊ မဟာကရုဏာ(ကြီးမားသောသနားကြင်နာမှု)၊ မဟာပထ(လမ်းကြီး)၊ မဟာပုရိသ (ကြီးမြတ်သော ပုဂ္ဂိုလ်)၊ မဟာရာဇာ (မင်းကြီး)၊ မဟာယဿ (ကြီးကျယ်သောဂုဏ်သတင်း)၊ မဟာစရ (ရဟန်းကြီး) စသည်ဖြင့် ဖြစ်၏။ မဟာဗောဓိနှင့် မဟာဝိဟာရတို့မှာလည်း ဤသို့သော ဥပမာများပေတည်း။

မဟာကို စာအုပ်၏အမည် သို့မဟုတ် အခန်းတခန်း၏အမည်နှင့် တွဲထားပါက ၎င်းစာအုပ် သို့မဟုတ် ၎င်းအခန်းတွင်ပါသော အကြောင်းအရာများကို ပို၍ အရေးပါစေ၏။ ပို၍ အလေးချိန်စီးစေ၏။ ဤသို့အားဖြင့် မင်္ဂလသုတ္တတွင် ၎င်းတွဲဖက်ထားခြင်းကို သိသာစေနိုင်၏။ ဤသုတ္တကို မဟာတပ်ပေးခြင်းဖြင့် ၎င်း၏တန်ဘိုးကို ညွှန်ပြရုံမျှမက ကျွန်းခတ် ဗုဒ္ဓကျမ်းပြုဆရာကြီး

များက ၎င်း၏တန်ဘိုးကို မည်မျှ အသိအမှတ် ပြုသည်ကိုလည်း သက်သေပြပေသည်။

မင်္ဂလ၏ အဓိပ္ပာယ်မှာ ကောင်းသော၊ ကံကောင်းသော၊ ပျော်ရွှင်ဘွယ်ဖြစ်သော၊ နိမိတ်ရှိသော စသည်ဖြင့် ဖြစ်၏။ ဥပမာ မင်္ဂလသုပိန (အိပ်မက်ကောင်း)၊ မင်္ဂလဆန (ပျော်ပွဲရွှင်ပွဲ)၊ မင်္ဂလသေလာပတ (နိမိတ်ကောင်းသော ကျောက်ပြား) စသည်။

မင်္ဂလသည် နိမိတ်ကောင်းသော ပွဲဟုလည်း အဓိပ္ပာယ် သက်ရောက်နိုင်၏။ ဥပမာ၊ ဝိဝါဟမင်္ဂလ (လက်ထပ်ပွဲ)၊ နာမကရဏမင်္ဂလ(အမည်မှည့်ပွဲ)။အချုပ်ကား မင်္ဂလဆိုသော ဝေါဟာရ၏ နောက်ကွယ်ရှိ အဓိပ္ပာယ်မှာ ပျော်ရွှင်ခြင်း၊ မြူးတူးခြင်း၊ ကျေနပ်ခြင်း၊ နိမိတ်ကောင်းခြင်း စသော အခြေအနေတို့ကို ညွှန်ပြနေလေသည်။ ၎င်းမှာ ပျော်ရွှင်မှုနှင့် တည်ငြိမ်မှုတို့ ပေါင်းစပ်၍ သင့်လျော်ပြီး အဓိပ္ပာယ်ရှိသော ရွှင်လန်းမှုကို ဖြစ်စေသည့် အခြေအနေမျိုးပင်တည်း။

ပုဒ်ခွဲ၍ ပြရမည်ဆိုလျှင် မင်္ဂလဆိုသော ဝေါဟာရမှာ မံ (ဒုက္ခရောက်သော အခြေအနေ)နှင့် ဂလ (ပယ်ဖြတ်ခြင်း)တို့ ပေါင်းစပ်ထားခြင်း ဖြစ်၏။ ထိုကြောင့် ၎င်း၏အဓိပ္ပာယ်မှာ "ဒုက္ခကို ပိတ်ပင်ဆီးဆို့သောအရာ" ဟူ၏။ လက်တွေ့အားဖြင့်ကား ၎င်းမှာ "သုခသို့ ခေါ်ဆောင်သောအရာ" ဟူသော ရည်ညွှန်းချက် ရှိပေသည်။

မင်္ဂလကို ရံဖန်ရံခါ စိတ်ပိုင်းဆိုင်ရာ (လောကုတ္တရာပိုင်း)၌ သုံးသော်လည်း များသောအားဖြင့်ကား လောကီရေးများဖြင့် စပ်ယှက်နေပေသည်။ ၎င်း၏ဆိုလိုချက်မှာ "ခွင့်သက် ကျေနပ်မှု၊ ပျော်ရွှင်မှု၊ချမ်းသာမှုကိုရစေသော အခြေအနေများ"ပင်တည်း။

ဤသို့အားဖြင့် ၎င်းသည် လောကီချမ်းသာရေးနှင့် အိမ်ထောင်မှု သုခများကို ရည်ညွှန်းလျက် ရှိပေသည်။ ၎င်းချမ်းသာသုခများ ရနိုင်သည်ဆိုမသာ နိမိတ်လက္ခဏာများကို လူတို့က 'မင်္ဂလာ'ဟု ခေါ်နေကြခြင်းမှာ အံ့ဘွယ်မရှိပေ။

လူတို့၏အတွေးအမြင်ချင်း မတူကြသဖြင့် မင်္ဂလကို အဓိပ္ပာယ် ဖွင့်ရာ၌လည်း ကွဲပြားကြပေသည်။ ဤကွဲပြားမှုများကို ဆုံးဖြတ်ပေးရန်အတွက် ဗုဒ္ဓအား ချဉ်းကပ်ကြခြင်းပင် ဖြစ်၏။ ဗုဒ္ဓက ၎င်းတို့၏ အတွေးအမြင်၊ အယူအဆများကို တိုက်ရိုက်ပြစ်တင် ရှုတ်ချခြင်းမပြုဘဲ ဤပြဿနာကို ရှုထောင့်အသစ်မှ စိစစ်ပြလိုက်၏။ မြင့်မားသော ကောင်းကင်ယံမှ ဝေဖန်ပြလိုက်၏။ ဤသို့ အားဖြင့် မင်္ဂလဆိုသောစကားသည် ဗုဒ္ဓ၏လက်တွင် မြင့်မြတ်သော ထူးခြားချက်ကို ဆောင်ယူခဲ့လေတော့သည်။

နောက်ဆုံး ဝေါဟာရကို ကြည့်ကြဦးစို့။ သုတ္တဆိုသည်မှာ မူလအားဖြင့် ကြိုးမျှင်၊ ချည်မျှင်ကိုခေါ်၏။ ဤအဓိပ္ပာယ်ဖြင့်ပင် ယခုလည်း သာမန်အားဖြင့် သုံးစွဲလျက်ရှိသေး၏။ ပုတီးစေ့များကို ကြိုးမျှင်ဖြင့် ပုတီးကုံးအဖြစ် သီးတန်းနိုင်သကဲ့သို့၎င်း၊ ပန်းပွင့်များကို ချည်မျှင်ဖြင့် ပန်းကုံးအဖြစ် သီတန်းနိုင်သကဲ့သို့၎င်း၊ ထိုနည်းတူပင် ပြောဆိုပုံစကားရပ်များကိုလည်း တက္ကဗေဒ အစီအစဉ်တကျ သီကုံးနိုင်ပေသည်။ ဟောကြားချက် သို့မဟုတ် ပုံဝတ္ထုတခုကိုလည်း ရည်ရွယ်ချက်တခုကို ပြဆိုရန် သီကုံးနိုင်ပေသည်။ ဤသို့သော အတူတကွ သီကုံးသွယ်တန်းထားမှုကိုပင် သုတ္တဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်လေသည်။

ကြိုးမျှင်မှာ ဆက်လက်ဖြစ်ပေါ်မှု၏ ကိုယ်စား သဘောလည်း ဖြစ်၏။ ဥပမာ၊ အတွေးကြိုးမျှင်၊ ဘဝကြိုးမျှင်စသော အသုံး

အနှုန်းများကို ကြည့်နိုင်သည်။ တက္ကနည်းကျကျ ဆက်သွယ်ထားသော သဘောတရား သို့မဟုတ် ဟောကြားချက်တခုတွင် တဆင့်ပြီး တဆင့် ဆက်သွယ်စပ်ယှက်မှုရှိနေသည်ကို အကြောင်းပြု၍ ၎င်းကို သုတ္တ (ကြိုးမျင်)ဟု တင်စားထားခြင်းပေတည်း။

ရှေးခေတ် အိန္ဒိယတွေးခေါ်ရှင်များနှင့် သူတော်စင်များသည် 'သုတ္တ'ကို ဤအဓိပ္ပာယ်ဖြင့် သုံးနှုန်းခဲ့ကြ၏။ ၎င်းတို့၏ အတွေးအခေါ်များကိုလည်း ဤပုံစံဖြင့်ပင် ဖော်ပြကြလေသည်။

မဟာမင်္ဂလသုတ္တကား တကယ်ပင် 'သုတ္တ'တခု ဖြစ်ပါပေ၏။ ၎င်းတွင် လူ၏ အဆင့်အဘန်းအလိုက် တဆစ်ပြီးတထစ် အစီအစဉ်တကျ စီစဉ်ထားသော မင်္ဂလာများကို ပြဆိုထားပေသည်။ အမှန်ပင် ဤသုတ္တသည် 'မြင့်မြတ်သော မင်္ဂလာပန်းကုံး' တခု ဖြစ်ပါပေ၏။ ၎င်းပန်းကုံးသည် အမှန်တရားနှင့် လက်တွေ့အသုံးဝင်မှုတည်းဟူသော အရောင်များ ထိန်ဝေ တောက်ပနေပြီး အဆင်း၊ အနံ့နှင့်လည်း သင်းပြန့် ပြည့်စုံလှပါပေသည်။

(၅)

မြန်မာ့တက်ကြွမှု

မဟာမင်္ဂလသုတ္တကို သတ်သတ်ဖြစ်စေ၊ သုတ္တနိပါတ သို့မဟုတ် ခုဒ္ဒကပါဋ္ဌတို့နှင့် တဲ့လျက်ဖြစ်စေ၊ အခြားစာမျှားနှင့်တဲ့၍ ဖြစ်စေ မြန်မာဘာသာနှင့် ယိုးဒယားဘာသာမျှားဖြင့် ရေးသားထားသော စာမူမျှားစွာ ရှိ၏။ ပါဠိသင်္ဃသက် သို့မဟုတ် ဘာသာပြန်နှင့်တဲ့၍ သို့မဟုတ် အဖွင့်ဋီကာမျှားနှင့်တဲ့၍လည်း ရနိုင်၏။

ဤသုတ္တသည် မြန်မာ့အမျိုးသားရေးဘဝတွင် ထူးခြားသော အဓိပ္ပာယ်ရှိနေလေသည်။ ယနေ့ဆိုလျှင် ၎င်းသည် တမျိုးသားလုံး၏ ဘာသာရေး နိုးကြားမှုနှင့် ညီညွတ်မှုတို့၏ အမှတ်အသားဖြစ်နေ၏။ ၎င်းက တိုင်းပြည်၏ တိုးတက်မှု အုတ်မြစ်ကိုလည်း ခိုင်မာစွာ ချပေးလျက်ရှိ၏။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှသာ မဟုတ်။ လွန်ခဲ့သော ခေတ်အခါမျှားကလည်း ၎င်းသုတ္တသည် နည်းမှီး အတုယူဘွယ်၊ အားကျဘွယ်တခု ဖြစ်ခဲ့လေသည်။ ဤသုတ္တပါ သင်ကြားချက်မျှားကို လိုက်နာကျင့်ကြံခြင်းအားဖြင့် (၁၉၅၀ ခု၊ ဖေဖော်ဝါရီလထုတ် မဟာဗောဓိဂျာနယ်တွင် မြန်မာမျိုးချစ်တဦးယောက်က ရေးသားထားသည့်အတိုင်း ပြောရလျှင်) "မြန်မာပြည်၏ အမျိုးသား စာရိတ္တကို စိတ်ဓာတ်ကြံ့ခိုင်တည်ငြိမ်မှုက ထောက်ကူထားဖေသည်။" မဟာမင်္ဂလသုတ္တသည်

စင်စစ်အားဖြင့် မြန်မာပြည်၏ 'အဖိုးတန်ဆုံးအမွေအနှစ်' ဖြင်ပေသည်။

ဤသုတ္တာသည် မြန်မာပြည်တွင် ကလေးတယောက်အဖို့ ပဌမဆုံး အလွတ်ကျက်ရသော သင်ခန်းစာများတွင် အပါအဝင် ဖြစ်၏၊ သူသည် ၎င်းကိုအလွတ်ကျက်ပြီးနောက် ရိုးရိုးသားသား၊ ကုံးကိုင်းရှိုင်းရှိုင်း၊ ယုံယုံကြည်ကြည်နှင့် စိတ်တက်ကြွစွာ မပြတ်ရွတ်ဆိုနေလေ့ရှိရာ ဤသုတ္တာသည် သူ၏ ခန္ဓာတခုလုံးမှာပင် ပြန့်နှံ့၍ ပဲ့တင်ထပ်နေသည့်နှယ် ရှိတော့သည်။ ဤသို့ဖြင့် ၎င်းကလူ့ဘဝကို တူရိယာတေးတပုဒ်အဖြစ် ပြောင်းလဲစေ၏။ ဤအကြောင်းကြောင့်ပင် မြန်မာလူမျိုးများသည် ဆင်းရဲဒုက္ခနှင့် စစ်ဘေး စစ်ဒဏ်များခံရသော်လည်း မတုန်လှုပ် မချောက်ချားဘဲ ခံနိုင်ရည်ရှိခြင်းနှင့် ပြုံးရွှင်နိုင်ခြင်း ဖြစ်လေသည်။ ပို၍ အံ့သြဘွယ်ကောင်းသည်ကား ဤအကျိုးတရားသည် သက်ဆုံးတိုင်တည်နေခြင်းပင်။ လူပျိုလူရွယ်ဘဝသို့ ရောက်သည့်တိုင်အောင် ဤသုတ္တာ၏ အသံလှိုင်းများမှာ ကိုယ်ခန္ဓာတွင် ပြန့်နှံ့နေပြီး ဘုန်းတော်ကြီးကျောင်း သို့မဟုတ် စာသင်ခန်းအတွင်းမှ သင်ခဲ့ရသော ဘဝများကို အမှတ်ရနေကာ မိမိကိုယ်ကို ပြုပြင်တိုးတက်စေရန်နှင့် ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်နိုင်စေရန် ညွှန်ပြပေးလျက် ရှိလေသည်။

ယနေ့ဆိုလျှင် တိုင်းပြည်၏ အနုအလှများဘလျှောက်လုံးတွင် ဂုဏ်ပြောင်သော မဟာမင်္ဂလသုတ္တာကို သင်ကြားလျက် ရှိကြ၏။ တချိန်က တောဘုန်းကြီးကျောင်းတို့၏ အလုပ်သာ ဖြစ်ခဲ့သည့် လုပ်ငန်းမှာ ယနေ့ တတိုင်းတပြည်လုံး၏အလုပ် ဖြစ်ခဲ့ပေပြီ။

ဤအချက်သည် ပြည်ထောင်စု၏ အနာဂတ်ကို ကောင်းစွာ လမ်းထွင်ပေးလျက်ရှိသည်။

မြန်မာဘာသာဖြင့် နှစ်လိုဖွယ်ရာ ရေးသားထားသော မဟာမင်္ဂလသုတ္တန့်၊ ပတ်သတ်သည့် စာအုပ်ကြီး၊ စာအုပ်ငယ် ဒါဇင်များစွာ ရှိပေသည်။ ၎င်းတို့အနက် များစွာတို့မှာ လက်တွေ့သဘောကားကို အခြေခံ၍ ရေးသားထားသော စာအုပ်ကောင်းများ ဖြစ်ကြ၏။ ရှေးက စာအုပ်များအနက်တွင်မူ သက္ကရာဇ် ၁၀၅၄ ခုနှစ်က အမရပူရ ရွှေနန်းတော်တွင် မင်္ဂလာဘုံကျော် ဆရာတော် ရေးသား စီရင်တော်မူသည့် စာမျက်နှာ (၇၆၀)ရှိ 'မင်္ဂလဒီပနီ' ကျမ်းမှာ ဂန္ထဝင်စာပေတခု ဖြစ်ရုံမျှမက တိုင်းပြည် အတွက်လည်း လွန်စွာအသုံးဝင်လှလေသည်။ အဘယ့်ကြောင့် ဟူမူ ၎င်းကျမ်းမှာ မင်္ဂလာတရားတော်၏ တန်ဘိုးများကို လူအများနားလည်အောင် ပုံဝတ္ထုများဖြင့် တန်ဆာ ဆင်ထား သောကြောင့် ဖြစ်လေသည်။ ရေးပုံရေးနည်းမှာလည်း အထူး ဖတ်ရှုဆင့်၏။ အကြောင်းမူ ကလေး လူကြီး အားလုံးတို့အား မင်္ဂလာတရား၏ တန်ဘိုးကို နားလည် သဘောပေါက်စေသည် သာမက ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အခြေခံဗဟုသုတများ လည်း ရရှိစေသောကြောင့် ဖြစ်၏။ နောက်ရေးသော ကျမ်းစာ များမှာ ၎င်းကို တပိုင်းတစဖြစ်စေ၊ အပြည့်အစုံဖြစ်စေ၊ အားထား မှီခိုရကြောင်း ကျေးဇူးတင်ရှိဘွယ်တော့ရ၏။ ဤသို့အားဖြင့် ယခု ခေတ် မြန်မာစာ စာရေးဆရာတို့သည် ၎င်းတို့၏အရေးအသားကို ခေတ်ပုံစံဖြင့် ဖော်ပြကြသော်လည်း ရှေးခေတ်၏အမျိုးသားရေး၊ စာပေရေးနှင့် ဘာသာရေး ဌာတ်တိုင်များကို လက်လွှတ်စပယ် မပြုကြသည်မှာ အမြော်အမြင်ရှိသည်ဟု ဆိုရပေမည်။

အင်္ဂလိပ်ဘာသာကျမ်းများ

အင်္ဂလိပ်ဘာသာအားဖြင့်လည်း မဟာမင်္ဂလသုတ္တကို စာအုပ်များစွာ ရေးသားထားကြ၏။ ဆာအမ်ကုမာရဆ္ဌာမိ၏ သုတ္တနိပါတသာ သုတ္တ (၃၀)ခန်းကို ဘာသာပြန်ဆိုချက်မှာ အစောဆုံးဖြစ်၏။ (Sutta-Nipata or Dialogues and Discourses of Gotama Buddha တွင် ကြည့်ပါ။ ၁၀၇၄ခုနှစ် Messrs Trubner, London)

စာရေးသူသည် အောက်ပါ စာအုပ်စာတန်းများကို လေ့လာညွှန်ပြုခဲ့၏။ အချို့စာအုပ်များတွင် အင်္ဂလိပ်ဘာသာပြန်အပြင် ရောမအက္ခရာဖြင့် ရေးသားထားသော ပါဠိမူရင်းလည်း ပါဝင်၏။

1. The Sacred Books of the East Vol.X Part II by V. Fausball. 1924 (First Published 1881)
2. Harvard Oriental Series. Vol 37 by Lord Chalmers, 1937.
3. Woven Cadences of Early Buddhists. Tr. by E. M. Hare. (Oxford University Press, London, 1947)

4. The Sutta-Nipata Part II, by Sister Vajira, (Mahabodhi Society, Sarnath, India) 1942.
5. Buddhism: Bhikkhu Ananda (Columbo, Ceylon) 1957.
6. Buddhism for Students: (Pannalanpara Columbo,Ceylon) 1949.
7. Buddha: M.N. Shastri (Calcutta,India) 1901.
8. The Heart of Buddhism: K. J. Saunders (Calcutta,India) 1915.
9. Buddhism: Alexandra David-Nell (London) 1939.
10. The Mirror of the Dhamma: Part II,Narada Thera (Columbo) 1951.
11. Some Sayings of the Buddha: F.L. Wood-ward (London) 1925.
12. The Burman, His life and Notions: Shwe Yoe (London) 1896.
13. Early Buddhist Scriptures; E. J. Thanas (London) 1935.
14. Mangala Sutta and Metta Suttanta: A leaflet by D.Valiginha (Calcutta) 1940.
15. Mangala Sutta Vamnana: Gunaratana Thera (Penang) 1952.

မှတ်စု။ ။စာရေးသူတွင် ၁၀၃၃ ခုနှစ်က ထုတ်ဝေသော စာရေးဆရာ အမည်မသိ ဘာသာပြန်မူတခုလည်း ရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သော စာရင်းကို အားလုံးပါဝင်ပြီဟု ယူဆရန် မဟုတ်ပေ။ အဘယ့်ကြောင့်ဟူမူ ဤသုတ္တကို အခြားဘာသာစာပေများဖြင့် ရေးသားထားသည့် စာအုပ်စာတန်းများစွာ ရှိသည်သာမကဘဲ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂျာနယ်မဂ္ဂဇင်းတို့တွင်လည်း ၎င်းနှင့်ပတ်သက်သော အကိုးတန် အဖွင့်ဋ္ဌကထာများကို ဖတ်ရှုနိုင်သောကြောင့် ဖြစ်၏။ ဤသုတ္တ၏ ထင်ပေါ်ကျော်စောမှုကို ဤအချက်ထက်ပို၍ သက်သေခံနိုင်သော အရာ မရှိပေ။ ဤမျှကျော်ကြားထင်ရှားပြီး လူတိုင်း၏ ချီးကျူးမှုကို ခံယူရသော်လည်း ထူးဆန်းသည့် အချက်တခုမှာ စာရေးသူသည် မကြာသေးမီက ထုတ်ဝေသော စာအုပ်တအုပ် (Mangala Sutta by Ven. K. Gunaratana Thera) နှင့် စာအုပ်ငယ်အချို့မှ တပါး ဤသုတ္တကို သီးသန့် ရေးထားသော စာအုပ်စာတန်း မတွေ့ရခြင်းပင်။ ဤသုတ္တ၏ တန်ဘိုး၊ အရေးပါမှုနှင့် ထင်ရှား ကျော်ကြားမှုတို့ကို ထောက်ဆ၍ ၎င်းကို ပိုမိုကျယ်ပြန့်စွာ ရေးသားသင့်သည်ဆိုသော အချက်မှာ ထင်ရှားလှ၏။ ထို့ကြောင့် ဤစာအုပ်ကို စာဖတ်သူထံသို့ တင်ဆက်ရာတွင် အထူးတောင်းပန်စကား ပြောဖွယ်မရှိဟု ထင်မိပါသည်။

ဤစာအုပ်ကို စီစဉ်ထားပုံမှာ ရိုးရိုးကလေးပင် ဖြစ်၏။ ပဌမ မဟာမင်္ဂလသုတ္တကို မူရင်း ပါဠိဘာသာဖြင့် ဖော်ပြပြီး အနက် ပြန်ဆိုလိုက်၏။ ထိုနောက် ၎င်းကို မှတ်ချက်နှင့် မှတ်စုများဖြင့် ရှင်းလင်း ပြဆို၏။ ဤတွင် တင်ပြရန်အချက်တခုရှိသည်ကား သုတ္တပါ အချက်အလက်များအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြရန် မလိုကြောင်းပင်။ အချို့ ဗုဒ္ဓဘာသာနှင့်သာ အထူး သက်ဆိုင်သော အကြောင်းအရာများနှင့် ရှုပ်ထွေးသော ကိစ္စများ ကို ရှင်းပြရန် လိုအပ်သော်လည်း လူတိုင်း လွယ်လွယ်ကူကူ နားလည်နိုင်သော အရာများကိုမူ တိုတိုတုတ်တုတ်ပင် ပြလိုက် ပါသည်။ နောက်ဆုံးအခန်းတွင် မင်္ဂလာတရားများကို ခဲခြား စီစဉ်ထားပါသည်။

ဤစာအုပ်ကို စီစဉ်ရာ၌ အရှင်ဉာဏတိလောကမထေရ်၏ ဗုဒ္ဓအဘိဓာန် (Buddhist Dictionary by Ven. Nyanatiloka)မှ အတိုးတန် အကူအညီများ ရရှိခဲ့ကြောင်း ကျေးဇူး တင်ရှိစွာဖြင့် မှတ်တမ်းတင်လိုပါ၏။ စာရေးသူသည် သူအား မြန်မာစာမူများကို ဖတ်ပြကြသော ဦးဘသင်းနှင့် အခြားမိတ်ဆွေ များအားလည်း ဒကျေးဇူးတင်ရှိပါသည်။

စာဒေးသူသည် မဟာမင်္ဂလသုတ္တနှင့်ပတ်သက်သော အခြား အဖွင့်ဋီကာ စာအုပ် ရေးသားရန်လည်း ရည်ရွယ်ချက် ရှိပါ ကြောင်း။

အခန်းနှစ်

(၁)

မဟာမင်္ဂလသုတ္တ (ပါဠိဘာသာ)

ဧဝံမေသုတံ-

ကံသမယံ ဘဂဝါသာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ
ပိဏ္ဍိကဿအာရာမေ။ အထခေါအညတရာဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာအဘိကန္တဝဏ္ဏာ ကေဝလကပ္ပံဇေတဝနံဩဘာသေတွာ
ယေနဘဂဝါတေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါ
ဒေတွာ ကေမန္တံအဋ္ဌာသိ၊ ကေမန္တံဋ္ဌိတာခေါ သာဒေဝတာ
ဘဂဝန္တံဂါထာယ အဇ္ဈဘာသိ-

(၁)

ဗဟူဒေဝါမနုဿာစ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ၊ သောတ္ထာနံ၊
ဗြူဟိမင်္ဂလမုတ္တမံ။

(၂)

အသေဝနာစ ဗာလာနံ၊
ပဏ္ဍိတာန၌ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊
ဧတံမင်္ဂလမုတ္တမံ။

(၃)

ပတိရူပ ဒေသဝါသောစ၊
ပုဗ္ဗေစ ကတပုညတာ။
အတ္တသမာ ပဏိဓိစ၊
ဧတံမင်္ဂလမုတ္တမံ။

(၄)

ဗာဟုသစ္စ၌ သိပ္ပ၌၊
ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊
ဧတံမင်္ဂလ မုတ္တမံ။

(၅)

မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊
ဧတံမင်္ဂလမုတ္တမံ။

(၆)

ဒါနဥ္စ ဓမ္မစရိယာစ၊
ဉာတကာနဥ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံမင်္ဂလမုတ္တမံ။

(၇)

အာရတီ ဝိရတီပါပါ၊
မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊
ဧတံမင်္ဂလမုတ္တမံ။

(၈)

ဂါရဝေါစ နိဝါတောစ၊
သန္တုဋ္ဌိစ ကတညုတာ။
ကာလေန ဓမ္မသဝနံ၊
ဧတံမင်္ဂလမုတ္တမံ။

(၉)

ခန္တီစ သောဝစဿတာ၊
သမဏာနဥ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံမင်္ဂလမုတ္တမံ။

(၁၀)

တပေါ်စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊
ဧတံမင်္ဂလမုတ္တမံ။

(၁၁)

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံမင်္ဂလမုတ္တမံ။

(၁၂)

ဧတာဒိသာနိ ကတ္ဝာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ၊
တံတေသံ မင်္ဂလမုတ္တမံ။ ။

မဟာမင်္ဂလသုတ္တံနိဋ္ဌိတံ။

(J)

ဘာသာပြန်

ဧဝံ (ဤသို့) မေ (ကျွန်ုပ်) သုတံ (ကြားခဲ့ရပါသည်)

ဧကံ(တခုသော) သမယံ(အချိန်တွင်) ဘဂဝါ(ဘုရား၊ ဗုဒ္ဓ သည်) သာဝတ္ထိယံ (သာဝတ္ထိအနီး) ဝိဟာရတိ (နေတော်မူစဉ်) ဇေတဝနေ(ဇေတဉယျာဉ်အတွင်း၌) အနာထပိဏ္ဍိကသေ့ာ မေ(အနာထပိဏ္ဍိက၏ကျောင်းတွင်)။ အထခေါ (ထို့အချိန်တွင်) အညတရာ(အမျိုးအမည်မထင်ရှားသော) ဒေဝတာ(နတ်သား၊ ဒေဝ) အဘိက္ကန္တာယ(ချဉ်းကပ်၍) ရတ္တိယာ (ည) အဘိက္ကန္တ ဝဏ္ဏာ(အရောင်အဆင်း လွန်စွာထူန်းတောက်၍) ကေဝလကပ္ပံ (အလုံးစုံ) ဇေတဝနံ (ဇေတဉယျာဉ်) ဩဘာသေတွာ (ထွန်းလင်းစေလျက်) ယေနဘဂဝါ (မြတ်စွာဘုရားရှိရာ) ဘေနုပသင်္ကမိ (ထို့နေရာသို့ချဉ်းကပ်ပြီး) ဥပသင်္ကမိတွာ (ဆို့က်ရောက်သော်) ဘဂဝန္တံ အဘိဝါဒေတွာ (မြတ်စွာဘုရား အား ရိုသေစွာရှိခိုးပြီး) ကေမန္တံ (ဘေးတွင်) အဋ္ဌာသိ(ရပ်၏)။ ကေမန္တံ ဌိတာခေါ (ဘေးတွင်ရပ်၍) သာဒေဝတာ (နတ်သား သည်) ဘဂဝန္တံ (မြတ်စွာဘုရားအား) ဂါထာယ(ဂါထာဖြင့်) အဇ္ဈဘာသိ (လျှောက်၏)။

(၁)

ဗဟူ(များစွာသော) ဒေဝါ(နတ်များ) မနုဿာစ(လူသား)၊
မင်္ဂလာနိ (မင်္ဂလာတရားတို့ကို) အစိန္တယုံ (ကြံကြကုန်၏)။
အာကာသိမာနာ (တောင့်တ၍) သောတ္ထာနံ (ကောင်းကျိုး
ချမ်းသာ)၊
ဗြူဟိ (ဟောကြားတော်မူပါ) မင်္ဂလမုတ္တမံ (အမြင့်ဆုံး
မင်္ဂလာတရား)။

(၂)

အသေဝနာ(မမှီဝဲမဆည်းကပ်ခြင်း) စဗာလာနံ (သူမိုက်တို့)၊
ပဏ္ဍိတာနဉ္စ (နှင့် ပညာရှိများ) သေဝနာ (မှီဝဲဆည်းကပ်
ခြင်း)။
ပူဇာစ (ပူဇော်ခြင်း) ပူဇနေယျာနံ (ပူဇော်ထိုက်သူများ
အား)
ဧတံ (ဤ) မင်္ဂလမုတ္တမံ (အမြင့်ဆုံးမင်္ဂလာတရား)။

(၃)

ပတိရူပ (လျှောက်ပတ်သော) ဒေသ(အရပ်) ဝါသော
(နေရပ်) စ(နှင့်)၊
ပုဗ္ဗေစ (ရှေးက) ကတပုညတာ (ပြုခဲ့သောကောင်းမှု)။
အတ္တ(မိမိ) သမ္မာ(ကောင်းစွာ) ပဏိဓိစ(ဖြောင့်တန်းစေ)၊
ဧတံ (ဤ) မင်္ဂလမုတ္တမံ (အမြင့်ဆုံး မင်္ဂလာတရား)။

(၄)

ဗာဟု(များစွာသော) သစ္စံ(အကြားအမြင်) စသိပ္ပံ(အတတ်
ကို ကောင်းစွာတတ်မြောက်ခြင်း) စ(နှင့်)

ဝိနယောစ (ဝိနည်းဥပဒေ) သုသိက္ခိတော (ကောင်းစွာကျင့်သုံး)။
သုဘာသိတာစ (နှင့်ကောင်းစွာဆိုသော) ယာဝါစာ (စကား)၊
တေံ(ဤ) မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာတရား)။

(၅)

မာတာပိတု(မိဘများ) ဥပဋ္ဌာနံ(စောင့်ရှောက်ခြင်း)၊
ပုတ္တဒါရဿ (သားသမီးနှင့်ဇနီး) သင်္ဂဟော (ချီးမြှောက်ခြင်း)။
အနာကုလာစ(နှင့် အနှောင့်အယှက်မရှိ) ကမ္မန္တာ (အလုပ်အကိုင်)၊
တေံ(ဤ) မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာတရား)။

(၆)

ဒါနံ(အလှူ)စမမ္မစရိယာ(မမှုနှင့်သွားခြင်း) စ (နှင့်)၊
ညာတကာနံ (ဆွေမျိုးများ) စသင်္ဂဟော (ကူညီရန်)။
အနဝဇ္ဇာနိ (အပြစ်ကင်းသော) ကမ္မာနိ (အလုပ်အကိုင်)၊
တေံ(ဤ) မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာတရား)။

(၇)

အာရတီ(ရှောင်ခြင်း) ဝိရတီ(ချုပ်တည်းခြင်း) ပါပါ (မကောင်းမှု)၊
မဇ္ဇပါနာ(အရက်သေရည်) သံယမော (ချုပ်တည်းခြင်း)။
အပ္ပမာဒေါစ (နှင့်မမေ့လျော့ခြင်း) ဓမ္မေသု (တရားများ)၊
တေံ(ဤ) မင်္ဂလမုတ္တမံ (အမြင့်ဆုံး မင်္ဂလာတရား)။

(၀)

၀၀ရ၀၀၀ (ရိုသေခြင်း) စ (နှင့်) နိ၀၀တော (နှိမ့်ချခြင်း) စ(နှင့်)၊
သံန္ဒ၂ဋ္ဌိ (ရောင့်ရဲခြင်း) စကတည္၂ာ(နှင့်ကျေးဇူးသိတတ်ခြင်း)။
ကာလေန(သင့်လျော်သောအချိန်တွင်) ဓမ္မသ၀နံ(တရားနာခြင်း)၊
ဇေတံ(ကျွ်) မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာတရား)။

(၉)

ခန္တီ (သည်းခံခြင်း) စ သော၀စဿတာ (နှင့်ဆုံးမစကားကို နာလွယ်ခြင်း)၊
သမဏာန၌ (မြတ်သောပုဂ္ဂိ၂လ်များ) ဒဿနံ (ဖူးမြင်ခြင်း)။
ကာလေန(သင့်လျော်သောအချိန်တွင်)ဓမ္မသာကစ္ဆာ(တရားဆွေးနွေးခြင်း)၊
ဇေတံ(ကျွ်) မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာတရား)။

(၁၀)

တ၀ေပ၀ါ (မိမိကိုယ်ကို ထိန်းသိမ်းခြင်း) စပြဟ္မစရိယာ (နှင့်မြင့်မြတ်စင်ကြယ်သောဘ၀) စ (နှင့်)၊
အရိယာသစ္စာန(မြတ်သောတရားများ) ဒဿနံ(မြင်ခြင်း)။
နိဗ္ဗာနသစ္ဆိကိရိယာစ(နှင့်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း)၊
ဇေတံ(ကျွ်) မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာတရား)။

(၁၁)

ဖုဋ္ဌဿ(ထိတ္ဝေ) လောကဓမ္မေဟိ (လောကံတရားများ)၊
စိတ္တံယဿ (သူ၏စိတ်သည်) နကမ္ပတိ(မတုန်လှုပ်)။
အသောကံ (စိုးရိမ်ခြင်းမရှိ) ဝိရဇံ(ကိလေသာမရှိ) ခေမံ
(ဘေးမရှိ)၊
တေ (ဤ) မင်္ဂလမုတ္တမံ (အမြင့်ဆုံး မင်္ဂလာတရား)။

(၁၂)

တောဒိဿာနိ (ဤအရာများ) ကတ္ဝာန (ပြည့်စုံပြီ)၊
သဗ္ဗတ္ထ (နေရာတိုင်း)မပရာဇိတာ (မရှုံးနိုင်)။
သဗ္ဗတ္ထ (နေရာတိုင်း) သောတ္ထိ (ချမ်းသာခြင်းနှင့် ဘေးကင်း
ခြင်း)ဂစ္ဆန္တိ(သွား၏)၊
တံ(ထို)တေသံ(ဂုဏ်းတို့အား)မင်္ဂလမုတ္တမံ(အမြင့်ဆုံး မင်္ဂလာ
တရား)။
မဟာမင်္ဂလသုတ္တံ (မင်္ဂလာတရားများအကြောင်း ဟောကြား
ချက်) နိဋ္ဌိတံ (ပြီးပြီ)။

(ဍ)

မြန်မာဖြန်

ကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်အနီး ဇေတဝနကျောင်းတွင်း၌ အနာထပိဏ္ဍိကကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နတ်သားတယောက်သည် (ညဉ့်ဦးယံ) ကုန်လွန်ပြီးသောအခါ၌ အလွန်ဒုစ်လိုဖွယ်အဆင်း ရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ဆိုက်ရောက်လာ၏။ သူသည် မြတ်စွာဘုရားကို ရှိခိုးကာ တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား အောက်ပါ ဂါထာဖြင့် ရိုသေစွာလျှောက်၏။

(၁)

များစွာကုန်သော နတ်လူတို့သည်(မိမိ)ချမ်းသာကို တောင့်တကုန်သည်ဖြစ်၍ (မင်္ဂလာ)တရားတို့ကို ကြံကြကုန်၏။ (အသျှင်ဘုရားသည်)မြင့်မြတ်သော (မင်္ဂလာ)တရားကို ဟောတော်မူပါလော့။

(ဤအမေးကို မြတ်စွာဘုရားက ဖြေကြားတော်မူ၏။)

(၂)

သူမိုက်တို့ကို မမြဲဝဲမဆည်းကပ်ရခြင်းငှင်း၊ ပညာရှိတို့ကို မြဲဝဲဆည်းကပ်ရခြင်းငှင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်းငှင်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၃)

သင့်လျော်လျောက်ပတ်သောအရပ်၌ နေရခြင်းငှင်း၊ ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုရှိသူ ဖြစ်ခြင်းငှင်း၊ မိမိ၏ စိတ်ကို ကောင်းစွာ ဖြောင့်တန်းစေခြင်းငှင်း၊ ဤတရားသုံးပါး သည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၄)

အကြားအမြင်များခြင်းငှင်း၊ အတတ်များကို ကျွမ်းကျင်စွာ တတ်ရခြင်းငှင်း၊ (မိမိတို့ဆိုင်ရာ) ဝိနည်းဥပဒေကို ကောင်းစွာ ကျင့်သုံးရခြင်းငှင်း၊ စကားကိုကောင်းစွာဆိုခြင်းငှင်း၊ ဤတရား လေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၅)

အမိအဖတို့ကို လုပ်ကျွေးခြင်းငှင်း၊ သားမယားကို ချီးမြှောက် ထောက်ပံ့ခြင်းငှင်း၊ အနှောက်အယှက်မရှိမှု၍ အားဆေးစွာ အလုပ်အကိုင်တို့ကို ပြုလုပ်ရခြင်းငှင်း၊ ဤတရားသုံးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၆)

အလှူပေးရခြင်းငှင်း၊ ကုသိုလ်ကမ္မပထဘာရားကို ကျင့်ရခြင်း ငှင်း၊ ဆွေမျိုးတို့ကို ချီးမြှောက်သောက်ပံ့ရခြင်းငှင်း၊ အပြစ် ကင်း

သော အမှုတို့ကို ပြုရခြင်းငှင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၇)

မကောင်းမှုမှ (ဝေးစွာ)ရှောင်ကြဉ်ခြင်းငှင်း၊ မကောင်းမှုကို (မပြုမိအောင်) ချုပ်တီးခြင်းငှင်း၊ သေအရက်သောက်ခြင်းမှစောင့်စည်းခြင်းငှင်း၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းငှင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၈)

(ရိုသေထိုက်သူတို့အား)ရိုသေခြင်းငှင်း၊ (မိမိကိုယ်ကို) နှိမ့်ချခြင်းငှင်း၊ ရောင့်ရဲလွယ်ခြင်းငှင်း၊ သူပြုဘူးသော ကျေးဇူးကိုသိခြင်းငှင်း၊ သင့်တင့်သောအခါ၌ တရားနာခြင်းငှင်း၊ ဤတရားငါးပါးသည် မြင့်မြတ်သောမင်္ဂလာတရားတည်း။

(၉)

သည်းခံခြင်းငှင်း၊ သူတော်ကောင်းတို့၏ ဆုံးမစကားကို နာဘွယ်ခြင်းငှင်း၊ ရဟန်းတို့အား ဖူးမြင်ခြင်းငှင်း၊ သင့်တင့်သော အခါ၌ တရားကို ဆွေးနွေးမေးမြန်းခြင်းငှင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၁၀)

မိမိကိုယ်ကိုထိန်းသိမ်းခြင်းငှင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်းငှင်း၊ အရိယာသစ္စာတို့ကို (မင်္ဂဖြင့်) မြင်ခြင်းငှင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှင်း၊ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၁၁)

လောကဓံတို့နှင့်တွေ့သော အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်၊ စိုးရိမ်ခြင်းမရှိ၊ ကိလေသာမြို့ကင်း၏။ ဘေးရန်မရှိ။ ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

(၁၂)

ဤမင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ကို ပြုကျင့်သောကြောင့် ရန်သူဟူသမျှတို့တွင် (တယောက်မျှ) ရန်သူတို့ မအောင်နိုင် ကုန်သည် ဖြစ်၍ အလုံးစုံသော အရပ်တို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် ထိုတရားသုံးဆယ့်ရှစ်ပါးသည် ထိုနတ်လူတို့၏ မြင့်မြတ်သော မင်္ဂလာတရားမည်၏။

မဟာမင်္ဂလသုတ္တပြီး၏။

ဘာခန်းသုံး

မှတ်စုနှင့်မှတ်ချက်များ

(၁)

ခေါင်းစည်း

မဟာမင်္ဂလသုတ္တာ။ ။အမြင့်မြတ်ဆုံး၊ အကောင်းဆုံး မင်္ဂလာတရားတို့အကြောင်း ဟောကြားချက် သို့မဟုတ် စာညွှန်ပေါင်း။

(၂)

နိဒါန်း

(က) ဧဝံမေသုတံ ဤစကားစုဖြင့် ဗုဒ္ဓကျမ်းစာပါ သုတ္တများကို အစပြုလေ့ရှိ၏။

မြတ်စွာဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီး၍ သုံးလခန့်အကြာ အဇာတသတ္တုမင်း နန်းသက် ရှစ်နှစ်ခန့်အရှိတွင် ထိုမင်း၏ အားပေးကူညီ နှိုးဆော်မှုဖြင့် မင်းနေပြည်ဖြစ်သော ရာဇဂဟ (ရာဇဂြိုဟ်)ရှိ လှိုဏ်ဂူ၌ ပဌမသံဂါယနာတင်ကြ၏။ ထိုသံဂါယနာတင်ပွဲတွင် ကဿပ အရှင်မြတ်က ဦးစီးဧရှဆောင်ပြု၍ ရဟန္တာအရှင်မြတ် ငါးရာတို့သည် ဘုရားသခင်၏ ဟောကြားချက်များကို ပြန်လည်ရွတ်ဆို၊ ရွေးချယ်၊ စီစဉ်တော်မူကြ၏။ ထိုတွင် အရှင်

ဥပါလိကဝိနယ(ဝိနည်းစည်းကမ်းများ)ကိုဂုဏ်း၊အရှင်အာနန္ဒာက ဓမ္မ (တရားတော်)ကိုဂုဏ်း အသီးသီး ရွတ်ဆိုတော်မူကြလေသည်။ သံဂါယနာသဘင်ကြီးသည် ခုနစ်လကြာမြင့်ပြီးနောက် မြတ်စွာဘုရား၏ ဟောကြားချက်များကို အောက်ပါအတိုင်း 'စာချင်းကြီး သုံးချင်း' (တိပိဋက)အဖြစ် ခဲခြားလိုက်လေသည်။

၁။ ဝိနယပိဋက
(ဝိနည်းစည်းကမ်း ဥပဒေများ)

၂။ သုတ္တပိဋက
(ဟောကြားချက်များ)

၃။ အဘိဓမ္မပိဋက
(စံနစ်တကျ စီစဉ်ထားသော တရားသဘောများ)

} ဤပိဋက ၃စုစုကို ပေါင်းရုံးခြုံငုံမှုပိဋက ဟု ရံဖန်ရံခါ ခေါ်ဆိုကြ၏။

အထက်ပါပိဋက တခုစီလျှင် ကျမ်းစာပေါင်း မြောက်မြားစွာ ပါဝင်ရာ တိပိဋက (သုံးပုံစလုံး) ဆိုလျှင် စာကြည့်တိုက်တခု သဖွယ် ဖြစ်ပေသည်။

သံဂါယနာတင်ပွဲတွင် သုတ္တများကို ပြန်လည်ရွတ်ဆိုတင်ပြရန် အာနန္ဒာအရှင်မြတ်အပေါ်၌ တာဝန်ကျရောက်ခဲ့၏။ သူက သုတ္တန်တိုင်း၏ အစတွင် ဧဝံမေသုတံ (အက္ခန့်ပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။) ဟု ပြောဆိုလေ့ရှိ၏။ ဤသို့ ပြောခြင်း အားဖြင့် ၎င်းသုတ္တ၏ မှန်ကန်မှုကို သူကိုယ်တိုင် အာမခံချက် ပေးသော သဘောပင် ဖြစ်၏။ ဗုဒ္ဓဘာသာ၏ ရှေးဦးအစ အဆင့်တွင် စာပေမပေါသေးသဖြင့် ဗုဒ္ဓ၏ ဟောကြားချက် များမှာ အလွတ်ကျက်မှတ်ခြင်းအားဖြင့်သာ တဆင့် တဆင့်

ကမ်းလာခဲ့ရပေသည်။ အာနန္ဒာအရှင်မြတ်၏ "ကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။" ဆိုသောစကားမှာ ထိုသို့ ကျက်မှတ်ခဲ့မှုကို ဖော်ပြပေသည်။ ဗုဒ္ဓ၏ တရားတော်များကို သီဟိုဠ်ပြည် ဝန္နဂါမဏိအဘယမင်း လက်ထက်တွင် အလောကဝိဟာရ၌ ပဌမဆုံးအကြိမ် ပေထက်အက္ခရာတင်ခဲ့၏။ ထိုမင်းသည် နောက်မှ တည်ထောင်သော အဘယဂိရိ (ဗုဒ္ဓဘာသာ)ဂိုဏ်းကို အားပေးချီးမြှောက်သူ ဖြစ်သဖြင့် ရဟန်းတော်များသည် (စတုတ္ထ) သံဂါယနာကို သူ၏ နေပြည်တော် (အနုရာဓပုရ)တွင် မတင်ကြချေ။ ရဲရင့်ပြီး အခမြော်အမြင်ရှိသော နယ်စားတဦးက သံဂါယနာတင်ရေးကို အားပေးခဲ့လေသည်။ သံဂါယနာတင်ရခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓကျမ်းစာများကို စစ်မက်ဘေး၊ ကပ်ဘေး၊ မီးဘေး၊ မင်းဘေးတို့မှ ကယ်တင်ရန်ဖြစ်သည့်အပြင် မူရင်းကျမ်းများကို စည်းကမ်းမရှိသူတို့ ပြင်ဆင်ဖြည့်စွက်မည့် အန္တရာယ်ကိုလည်း တားဆီးလိုသောကြောင့် ဖြစ်၏။ ကျမ်းစာများ ရေးသားထားသည့် ရွှေပြားများကို အလောကဝိဟာရကျောင်းရှိ ကျောက်တုံးများအတွင်းတွင် မြှုပ်နှံထားသည်ဟု အဆိုရှိရာ ၎င်းတို့ကို တွေ့ရှိရပါမူ အဘိုး မဖြတ်နိုင်အောင် အရေးပါအရာရောက်ပေလိမ့်မည်။

အရှင်အာနန္ဒာသည် ဗုဒ္ဓ၏ နီးကပ်သော ဆွေရင်းမျိုးချာတဦး ဖြစ်ရုံသာမက ရာသက်ပန် အလုပ်အကျွေးလည်း ဖြစ်ခဲ့ပေရာ မဟာမဂ်လသုတ္တန့် အခြားသုတ္တများကို သူက "အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။" ဟု ပြောခြင်းသည် ခန့်ငြားသော သက်သေခံချက်ပေးပြီး ခိုင်မာမှုတံဆိပ် ခပ်နှိပ်ပေးသည့်နှယ် ရှိပေသည်။

(ခ) ဘဂဝါ ဘဂဝါဆိုသော ဝေါဟာရသည် ဗုဒ္ဓ၏ အမည်ဘဲထူးတခုအဖြစ်ဖြင့် ကျမ်းစာများတွင် မကြာခဏတွေ့ရှိရ၏။ (ဝေဒကျမ်းများနှင့် သင်္ကဋ္ဌဘာသာတို့တွင် 'ဘဂဝတ်'ဟု ရှိရာ အဓိပ္ပာယ်မှာ ကံကောင်းသော၊ နိမိတ်ကောင်းသော၊ကံထူးသောဟု ဖြစ်၏။ ၎င်းတို့နှင့်နှိုင်းယှဉ်ကြည့်ပါ။)၎င်းကို မှားသော အားဖြင့် 'ပူဇော်အထူးကို ခံရသောအရှင်'၊ 'မြင့်မြတ်ထူးကဲသော အရှင်' ဟု ပြန်ဆိုကြ၏။ဘုရားအား ပူဇော်သော ဂါထာများ၏ အစဓ္ဒာ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ဖြစ်ရာ "ပူဇော်ခံထိုက်သောအရှင်၊ လွတ်မြောက်တော်မူပြီးသော အရှင်၊ လုံးဝအသိဉာဏ်ထွန်းပေါက်ပြီးသော အရှင်အား ရှိခိုးဦးညွတ်ပါ၏။" ဟု အဓိပ္ပာယ်ရ၏။ ဗုဒ္ဓ၏အခြားဘဲတော်များမှာ တိလောကနာထ (သုံးလောက၏အရှင်)၊ ဓမ္မရာဇာ (တရားမင်း)၊ တထာဂတ (ထိုသို့ဖြစ်သော၊ပွင့်တော်မူပြီးသော ဘုရားရှင် တို့ကဲ့သို့ဖြစ်သောအရှင်)၊ သုဂတ (ချမ်းမြေ့သောအရှင်)၊သာကျမုနီ (သာကျမျိုးနွယ်ပညာရှိ)၊ သာကျသီဟ (သာကျနွယ်ခြင်္သေ့မင်း) စသည်တို့တည်း။ ဗုဒ္ဓဆိုသော ဝေါဟာရမှာ စင်စစ်အမည်တခုမဟုတ်။ ဘဲထူးဂုဏ်ထူးတခုသာ ဖြစ်၏။ ၎င်း၏ ဆိုလိုချက်မှာ 'ပညာ၏ကိုယ်ထင်ပြရာ'၊ 'ပညာအရှိဆုံးပုဂ္ဂိုလ်'၊ 'လုံးဝအသိဉာဏ်ထွန်းပေါက်သော အရှင်'၊ 'လုံးဝ နိုးကြားနေသော သူမြတ်'စသည် ဖြစ်၏။ ဤအချက်က ဗုဒ္ဓသည် ဓုန်ကန်ပြည့်စုံမှုနှင့် ပြုပြင်စီရင်ခြင်းတို့မှ လွတ်မြောက်မှုတို့၏ အထွတ်အထိပ်သို့ရောက်ပြီး နိဗ္ဗာနဓာတ်ကို ရရှိမျက်မှောက်ပြုပြီးဖြစ်ကြောင်း ထူးခြားစေပေသည်။ (နိဗ္ဗာနအကြောင်း မှတ်စုတွင်လည်း ရှုပါ။)

မဟာမင်္ဂလသုတ္တတလျောက်လုံးတွင် 'ဗုဒ္ဓ' ဆိုသော ဝေါဟာရကို လုံးဝသုံးနှုန်းထားခြင်း မတွေ့ရသည်မှာ ထူးခြားး၏။ ဤအချက်ကပင်လျှင် ၎င်း၏ရှေးကျမှုကို ပြဆိုပေသည်။

(ဂ) သာဝတ္ထိ၊ ဇေတဝန၊ အနာထပိဏ္ဍိက သာဝတ္ထိ (သင်္ကဋ္ဌ ဆရဝစ်ထိ)သည် ရှေးမြို့တော်တခု ဖြစ်၏။ ၎င်း၏ တည်နေရာကို ယခုအိန္ဒိယပြည် ဥတ္တရပရာဒက်ရှ်နယ်ရှိ ဆဟက် မဟက်ရှ်ကလေးတွင် ထောက်ဆကြ၏။ ခရစ်မပေါ်မီ (၆)ရာစုကမူ ၎င်းသည် တန်ခိုးအင်အားကြီးမားသော ကောသလတိုင်း၏ နေပြည်တော် ဖြစ်၏။ မရှိဆင်းရဲ နှမ်းပါးသူများအား ထောက်ပံ့တတ်သဖြင့် လူမှုဝန်ထမ်းပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော အနာထပိဏ္ဍိက(သုဒတ္တ)သည် ဇေတမင်းသား၏ အပန်းဖြေဥယျာဉ်ကို ဒဏ္ဍာရီဆန်သော စျေးနှုန်းဖြင့်(ရှေဒင်္ဂါး တဆယ့် နှစ်ကုဋေ)ပေး၍ဝယ်ယူပြီး ခုနစ်ဆင့်ကျောင်းတော်ကြီး ခမ်းခမ်းနားနားဆောက်လုပ်ကာ ဗုဒ္ဓအားလှူဒါန်းခဲ့၏။ထိုကျောင်းတော်ကြီးမှာ အနာထပိဏ္ဍိကအာရာမဟု ထင်ရှားပြီး ဥယျာဉ်ကိုမူ ဇေတဝနဟု ခေါ်ကြလေသည်။ ထိုကျောင်းတော်ကြီးတွင် ဗုဒ္ဓသည် မိုး(၂၄)ရာသီကို ခိုလှုံတော်မူခဲ့ပြီး အရေးကြီးသော ဟောကြားချက်များကို ပေးခဲ့၏။ မဟာမင်္ဂလသုတ္တသည် ၎င်းတို့တွင် တခုအပါအဝင်ဖြစ်လေသည်။

(ဃ) ဒေဝတာ ဗုဒ္ဓ၏စကြဝဠာ အစီအစဉ်တွင် လူပြည်၏အထက်၌ နတ်ပြည်ခြောက်ထပ် (ဒေဝလောက) ရှိနေသေသည်။ ထိုနတ်တို့သည် မိမိတို့ပြုခဲ့သော ကုသိုလ်ကောင်းမှု၏ ပျော်ရွှင်ဘွယ် အကျိုးတရားများကို ခံစားရသဖြင့် အလွန်

ထွန်းလင်းလှပသောအဆင်း ရှိကြပြီး အသက်လည်းများစွာရှည်ကြလေသည်။ ထိုကောင်းမှုကုသိုလ်များ ကုန်လွန်သွားသောအခါတွင်ကား ၎င်းတို့သည် မိမိတို့၏ပြုခဲ့မှုများအရ အခြေအနေသစ်များသို့ ရောက်ကြရ၏။ အခြေအနေသစ်များမှာ အမြဲတန်းအကောင်းချည်းမဟုတ်ချေ။ တခါတရံ မဒကောင်းသော၊ လူထက်နိမ့်ကျသော အခြေသို့ပင် ဆိုက်ရောက်တတ်ကြ၏။

လူသည် သေးငယ်သော သတ္တဝါကလေးပင် ဖြစ်လင့်ကစား ကုသိုလ်ကောင်းမှုများဖြင့် မိမိ၏အပြုအမူကို အရောင်တင်နိုင်သည့်အပြင် ဘဝ၏အမြင့်ဆုံး ရည်ရွယ်ချက်ဖြစ်သည့် နိဗ္ဗာန်ကိုပင် သိမြင်ရရှိနိုင်သဖြင့် နတ်များထက် အဆင့်မြင့်သည်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် နတ်များသည် ဗုဒ္ဓ၏ နည်းလမ်းညွှန်ပြမှုကို ခံယူကြပြီး သူတော်စင်သူတော်မြတ်တို့၏ အကူအညီကို တောင်းခံခြင်း ဖြစ်သေသည်။

ဗုဒ္ဓသည် အိန္ဒိယပြည်တွင် တရားဓမ္မဟောပြနေစဉ် လူများသာမက နတ်များအချင်းချင်းပင် မင်္ဂလာတရားနှင့် ပတ်သက်၍ မဆုံးဖြတ်နိုင်ဘဲ အငြင်းအခုံဖြစ်နေကြသည်ဟု အဆိုရှိလေသည်။ ဤပြဿနာမှာ အရေးကြီးသဖြင့် နတ်ညီလာခံသဘင်ကြီးက ဗုဒ္ဓထံသို့ အထူးနတ်သား စေတမန်တဦး စေလွှတ်၍ ၎င်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ပေးပါရန် တောင်းခံကြလေသည်။

ဗုဒ္ဓထံသို့ နတ်များ လာရောက်ခြင်းနှင့်ပတ်သက်၍ ပုဂ္ဂိုလ်များစွာ ရှိ၏။ ၎င်းတို့သည် များသောအားဖြင့် ညဉ့်အခါတွင် (နံနက်မိုးသောက် အသင်းရောက်ခါနီးအချိန်တွင်) လာရောက်လေ့ရှိကြ၏။ ၎င်းတို့သည် တချိန်တခါတွင် လူသားအသွင်ဖြင့်

ဂုင်း၊ တကြိမ်အရံတွင် နတ်သားအသွင်ဖြင့်ဂုင်း၊ လာရောက်လေ့ ရှိကြ၏။ ဒေဝတာဆိုသောဝေါဟာရကို ဗုဒ္ဓထံသို့ လာရောက်လေ့ရှိသော တောစောင့်နတ်၊ တောင်စောင့်နတ်များအတွက် လည်း သုံး၏။ ဤသုတ္တန်မှကား နတ်ပြည်မှ အထူးရွေးချယ် စေလွှတ်သော နတ်တမန်ဖြစ်လေရာ ဂုင်း၏ ကိုယ်ရောင်ကိုယ်ဝါ တို့ကြောင့် ဇေတဝန်ဥယျာဉ်ကြီးတခုလုံးသည် နေ့အခါထက်ပင် ထွန်းလင်းသွားလေသည်။ ခေတ်လူတို့ကမူ ဤအချင်းအရာမျိုးကို ယုံတမ်းစကားဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ သို့ရာတွင် 'သိသူများ'ကသာ ဂုင်း၏ဖြစ်နိုင်ချက်ကို နားလည်နိုင်ပေသည်။

ဆိုခဲ့ပြီးသော နတ်ပြည်များအထက်တွင် ရူပလောက (တဆယ့်ခြောက်ဘုံ)နှင့် အရူပလောက(လေးဘုံ)တို့ ရှိသေး၏။

ဤဘုံနေတို့မှာ နတ်တို့ထက်သာလွန်ပြီး အသက်လည်း ပို၍ ရှည်ကြ၏။ဂုင်းတို့၏သက်တမ်းမှာ နှစ်ပေါင်း သန်းပေါင်းများစွာ ချီ၍ ရေတွက်ရ၏။ မည်သို့ဖြစ်စေ၊ ဂုင်းတို့မှာလည်း ပြောင်းလဲမှု စက်ဝိုင်းအတွင်း၌သာ ရှိသည်သာတည်း။ နတ်ဘုံ၊ နတ်အထက် ဘုံ၊လူဘုံနှင့် လူအောက်လေးဘုံ (ဒုဂ္ဂတိ သို့မဟုတ် မကောင်း သော အခြေအနေများ) အားလုံးပေါင်းလျှင် သုံးဆယ့်တဘုံ ဖြစ်ရာ ဂုင်းကို ဗုဒ္ဓဝေါဟာရဖြင့် သံဃရာဟု ခေါ်လေသည်။ လူ့ဘုံဖြစ်စေ၊ လူ့အောက်ဘုံဖြစ်စေ၊နတ်ဘုံဖြစ်စေ၊ နတ်အထက် ဘုံဖြစ်စေ အားလုံးမှာ'တမ္မေးတည်းသောဥက်များ'သာ ဖြစ်ကြ ရာ တဦးနှင့်တဦး အသွေးအရောင်သာ ကွာ၏။ နောက်ဆုံး ဆန်းစစ်ချက်အရမူ ဂုင်းတို့အားလုံးသည် အခြေခံနိယာမဖြစ် သော အနိစ္စ(မမြဲခြင်း)၊ ဒုက္ခ(ခံစားရခြင်း)နှင့် အနတ္တ (အစိုး

မရခြင်း)တို့၏ သားကောင်သာ ဖြစ်ကြလေသည်။ ခြားနားချက်ကား အရည်အချင်းတွင် မဟုတ်။ အရေအတွက်တွင်သာ ဖြစ်၏။ အမြဲလှည့်လည်နေသော သံသရာဘီး၏ တိုင်များတွင် ချည်နှောင်မိပြီး နောက်ဘဝသည် နိယာမသုံးပါး (တိလက္ခဏာ) အရ ရှေ့လျားလျက် ရှိလေသည်။ ထိုမှ ထွက်ပေါက် မရမချင်း သည်အတိုင်းပင် အဆုံးမရှိ အတောမသတ် သွားနေရပေလိမ့်မည်။ တပ်မက်မှု (လောဘ)၊ မုန်းတီးမှု (ဒေါသ)၊ အမြင်မှားမှု (မောဟ)တို့ဖြင့် ယစ်မူးလျက်ရှိသဖြင့် ဤတွင်လည်း ဒုက္ခ၊ ထိုတွင်လည်းဒုက္ခ၊ နေရာတိုင်းတွင်ပင် ဒုက္ခဖြင့် ပြွမ်းတီးလျက် ဘဝတွင် အဆုံးမရှိတော့ချေ။ လုံးဝအသိဉာဏ် ထွန်းပေါက်ပြီး နိဗ္ဗာန်သို့ လမ်းညွှန်ခဲ့သော ဗုဒ္ဓသည် မမြဲခြင်း၊ ခံစားရခြင်းနှင့် အစိုးမရခြင်းတို့၏ အရှုပ်အထွေးများမှ လွတ်ရာလမ်းကို ပြဆိုခဲ့ပေသည်။

ဗုဒ္ဓ၏ စကြဝဠာအစိအစဉ်၌ လူ၏နေရာသည် အမြင့်မြတ်ဆုံး ဖြစ်နေ၏။ အာဘယ်ကြောင့်ဟူမူ လူသားသည် အားနဲ့ချိန်နဲ့မှုရှိသည် မှန်သော်လည်း စိတ်ပိုင်းဆိုင်ရာ ဝေရက်တောင်ထွဋ်သို့ တက်ရောက်ပြီးနောက် ဟိမဝန္တာရိ အနန္တကမ္ဘာသို့ ခုန်ဆင်းနိုင်ရန် အခြေအနေများး ပြည့်စုံသောကြောင့်ပင်။ ဤသို့အားဖြင့် လူသားတိုင်းသည် ရဟန္တာတပါး (သို့မဟုတ်) ဗုဒ္ဓတဆူဖြစ်၏။ သူတွင် တန်ခိုးအကြီးဆုံး နတ်များးပင် မရောက်ပေါက်နိုင်သော အမြင့်ဆုံးသို့ ပင့်တင်နိုင်သည့် ရှေးကံ မရသော အခွင့်အလမ်းများနှင့် ခမ်းနားသော အရေးအခွင့်များ ရှိနေ၏။ သူက ၎င်းအခွင့်အရေးများကို မည်သို့အသုံးချသည်ဆိုသော အချက်တွင်သာ အားလုံးတည်ရှိပေသည်။ မည်သူမဆို သူကိုယ်သူ နတ်ပြည်သို့ သို့မဟုတ်

နိဗ္ဗာန်သို့ ခြေဦးလှည့်ရန်ဖြစ်စေ၊ ငရဲမီးတွင်းသို့ ဆဲ့ချမည့် နှောင်ကြိုးများဖြင့် ဖွဲ့ချည်ရန်ဖြစ်စေ၊ လုတ်လပ်ခွင့် ရှိသည်သာတည်း။ ဗုဒ္ဓသည် လမ်းပြုသူသာ ဖြစ်၏။ ဘုရားဖူးသည် မိမိကိုယ်တိုင် လျှောက်ရမည် ဖြစ်၏။

ဗုဒ္ဓသည် စကြဝဠာ၏ အလင်းရောင် ဖြစ်၏။ ထို့ကြောင့် နတ်များအပါအဝင် စကြဝဠာနေမှန်သမျှမည်သူမဆို နည်းလမ်းညွှန်ပြမှု ခံယူရန်အတွက် သူ၏ထံသို့ ချည်းကပ်နိုင်ကြ၏။ ဤသို့အားဖြင့် မဟာမဂ်လသုတ္တန်တွင် ပါဝင်သော နတ်သားကလာရောက်ခြင်း ဖြစ်လေသည်။

(၇)

သုတ္တ၏ စာကိုယ်

အပိုဒ် ၁

ဤအပိုဒ်က မေးခွန်းတခုကို ဖော်ပြ၍ ကျန် ၁၁ ပိုဒ်မှာ ၎င်း၏ အခြေပြများဖြစ်၏။ မေးခွန်းမှာ ဒေဝလောက၏ ကိုယ်စားလှယ် ဖြစ်သော ဒေဝ (နတ်သား)က မေးခြင်းဖြစ်၏။ (ဒေဝတာ အကြောင်း မှတ်စုတွင်ကြည့်ပါ။) သို့ရာတွင် ဒေဝတာသည် ဒေဝလောကတွင် ကြုံတွေ့နေရသော အခြေအနေများကိုသာမက လူ့လောက (မနုဿလောက)၏ ပြဿနာရပ်ကိုလည်း တင်ပြခြင်း ဖြစ်၏။ ဤသို့အားဖြင့် သူသည် ကာမလောက၏ သုဂတိ ခုနစ်ဘုံ (လူ့ဘုံနှင့်နတ်ဘုံများ) အားလုံးကို ကိုယ်စားပြုပေသည်။ နတ်သား၏ မေးခွန်းတွင် ပါဝင်သော သို့မဟုတ်, ဆိုလိုသော အချက်များမှာ-

(၁) နတ်ဘုံနေနှင့်လူဘုံနေတို့သည် ပျော်ရွှင်မှုနှင့် ချမ်းသာမှုကို အလိုရှိကြသည်ဖြစ်၍ မင်္ဂလာတရားကို တောင့်တကြ၏။

(၂) များစွာကုန်သော နတ်လူတို့သည် မင်္ဂလာတရား၏ တကယ့်အနှစ်သာရ သဘောများကို လေးလေးနက်နက်နှင့် ကြာမြင့်စွာ စဉ်းစားတွေးခေါ်ခဲ့ကြ၏။

(၃) ထိုစဉ်းစားတွေးခေါ်မှုမှာလည်း မိမိ၏ ချမ်းသာလိုမှု၊ ဘေးကင်းမှုနှင့် ပျော်ရွှင်လိုမှုတို့တွင် မြစ်ဖျားခံ၏။

(၄) ရိုးသားစွာ အပတ်တကုတ် အားထုတ်မှု ရှိလျက်ပင် ၎င်းတို့သည် အမြင့်မြတ်ဆုံး မင်္ဂလာတရားနှင့် ပတ်သက်၍ ညီညွတ်သော အဆုံးအဖြတ်ကို မရခဲ့ကြချေ။

(၅) အကြီးကျယ်ဆုံး ပညာ၏ ကိုယ်စားပြုရာ ဖြစ်သော ဗုဒ္ဓသည်သာ ဤအကြောင်းအရာအား အလင်းရောင်ပြနိုင်ပေလိမ့်မည်။

(၆) ထို့ကြောင့်ပင် ဒေဝ (နတ်သား)သည် လူနတ်တို့၏ ပြဿနာကို ယူဆောင်၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ခဲ့ခြင်း ဖြစ်၏။

(၇) နတ်နှင့်လူတို့၏ အကျိုးငှာရင်း၊ နတ်ပြည်နှင့်လူပြည်၏ ချမ်းသာပျော်ရွှင်ရေးအလို့ငှာရင်း၊ ပူဇော်အထူးကို ခံထိုက်သော အရှင်သည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ရှင်းပြတော်မူပါရန် စိတ်အားထက်သန်စွာ လျှောက်ထားပါ၏။

အထက်ပါအချက်များမှ အောက်ပါအတိုင်း ပြဿနာနှစ်ရပ် ပေါ်ထွက်လာ၏။

(၁) လူ့လောကနှင့် နတ်လောကတို့တွင် ပျော်ရွှင်မှု အခြင်းအရာသည် ပြည့်စုံသော အခြေအနေသို့ မဆိုက်ရောက်သေး။

(၂) လူနတ်တို့သည် ၎င်းတို့၏ ပျော်ရွှင်မှုကို ပြီးပြည့်စုံအောင် ပြုလိုသော စိတ်ဆန္ဒ ပြင်းပြလျက်ရှိကြ၏။

ကာမလောက (ကာမဂုဏ်ခံစားမှုလောက)တွင် ပျော်ရွှင်မှုဟူသည်မှာ စိတ်ဆန္ဒ၊ ကာမဂုဏ်ခံစားမှုနှင့် တဦးနှင့်တဦး ဆက်သွယ်မှုတို့က ဖန်တီးပေးသောအရာ ဖြစ်၏။ ၎င်းတို့မှာ အစဉ်ထာဝရ ပြောင်းလဲမှု၏ လက်အောက်ခံပင်ဖြစ်ရာ ရရှိသော

ခံစားမှု၊ ပျော်ရွှင်မှုမျှားမှာလည်း မတည်မြဲသော သဘော ရှိသဖြင့် အစဉ်စိတ်ကျေနပ်မှုကို မပေးနိုင်ကြချေ။ (သဗ္ဗေကာမာ အနိစ္စာ) ကာမဂုဏ် အာရုံခံစားမှုမှာလည်း ,စင်စစ်လှည့်ပတ်မှု မာယာမျှသာ ဖြစ်ပေရာ ဤအချက်ကို နားလည်လျှင် လွတ်မြောက်မှုလမ်းပေါ်သို့ ရောက်ရှိနိုင်ပေ၏။ ထို့သို့ နားမလည်ပါက ကာမဂုဏ်ကိုပို၍သာ ဆာလောင်လာမည်ဖြစ်ရာ ဝမ်းနည်းပူဆွေးမှုသာ အဆုံးသတ် ရှိပေလိမ့်မည်။

ဤအချက်များကို အခြေခံ၍ စဉ်းစားလျှင် အောက်ပါအတိုင်း မလွဲမရှောင်သာ နိဂုံးချုပ်ရပေမည်။

(၁) လူ့ဘုံနှင့် နတ်ဘုံနေတို့သည် ၎င်းတို့၏ ပျော်ရွှင်မှုကို ပြီးပြည့်စုံအောင် ပြုလုပ်လိုကြ၏။

(၂) ၎င်းတို့၏ ပျော်ရွှင်မှုမှာလည်း ကာမဂုဏ်အာရုံ ခံစားမှု၌သာ အမြစ်တွယ်နေပါက ပြီးပြည့်စုံမှုကို ရရှိနိုင်မည် မဟုတ်ချေ။

ဤသည်တို့၏ ကောက်ချက် (ကော်ရိုလာရီ)အဖြစ် ကပ်ပါလာသည်ကား ကာမဇလောကဌ် ပျော်ရွှင်မှုဟူသည် (အကောင်းဆုံး အခြေမှာပင်) မတည်မြဲသောသဘော ရှိသဖြင့် အစဉ်ပြောင်းလဲမှု၏ လက်အောက်ခံဖြစ်ခြင်းပင်။

ဗုဒ္ဓသည် မဂ်လာတရားနှင့် ပတ်သက်၍ ပြောင်းလဲသော သဘောနှင့် မပြောင်းလဲသော သဘော (ပညတ်နှင့်ပရမတ်) နှစ်ခုလုံးကို ကောင်းစွာ သိမြင်ဘော်မူ၏။ သူ၏ ဖြေကြားချက်တွင် ထိုမျက်နှာ နှစ်မျိုးလုံးကို လေ့လာထားပေသည်။ မဂ်လာတရားနှင့် ဘဝပြဿနာများနှင့် ပတ်သက်၍ တည်ရှိနေသော အယူအစွဲ

များကို လုံးဝ လျစ်လျူရှုပြီး ရဲတင်းစွာ စွန့်ပယ်၍ ဗုဒ္ဓသည် ဤပြဿနာကို လက်တွေ့ရှုထောင့်မှ ကြည့်မြင်ခဲ့လေသည်။ ဤရှုထောင့်မှ အစပြု၍ ပြောဆိုပြီးသူသည် တစတစနှင့် ပို၍ မြင့်မားသော ထို့ထက်ပို၍ မြင့်မားသော မင်္ဂလာတရားများကို ဟောကြားတော်မူရာ ထာဝရတန်ဘိုးများသို့ ရောက်သည်အထိ ဖြစ်တော့သည်။

သဝနာနှင့်အသဝနာ ဆိုသော ဝေါဟာရများမှာ သာမန်အားဖြင့် အမှုထမ်းရွက်ခြင်းနှင့် အမှုမထမ်းရွက်ခြင်းကို ဆိုလို၏။ ၎င်းစကားနှစ်လုံးကို ပဏ္ဍိတနှင့် ဗာလဆိုသော နာမ်များနှင့် တွဲဘက်လိုက်သောအခါ ပေါင်းဖော်ခြင်းဟု ယူဆရ၏။ ဤသို့အားဖြင့် ဗာလ (လူမိုက်)တို့နှင့် မပေါင်းဖော်ခြင်း၊ ပဏ္ဍိတ (ပညာရှိ)တို့နှင့် မှီဝဲဆည်းကပ်ခြင်းဟု အဓိပ္ပာယ်ထွက်လာ၏။ အချုပ်သဘောဆိုလိုချက်မှာ ဗာလတို့၏ နောက်လိုက်အဖြစ် မခံယူခြင်း၊ ၎င်းတို့အား နည်းမှီးအားကျဘွယ် လမ်းညွှန်အဖြစ် မယူဆခြင်း၊ ပဏ္ဍိတတို့၏ နောက်သို့ လိုက်ခြင်းဟူ၏။ လူမိုက်တို့နှင့် ပေါင်းဖော်သည် သို့မဟုတ် ပညာရှိတို့နှင့် ပေါင်းဖော်သည် ဆိုသောအချက်အပေါ်တွင် မူတည်၍ လူတို့သည် လဆုတ်ပမာ ဆုတ်ယုတ်ခြင်း သို့မဟုတ် လဆန်းပမာ ဆန်းသစ်ခြင်း ဖြစ်၏။

ပဏ္ဍိတ ဟူသည် ပညာရှိသော၊ စာပေတတ်ကျွမ်းသော၊ အတွေ့အကြုံများပြားသော၊ လက်တွေ့ကျပြီး ကောင်းသော အကြံအစည်များကို ပေးနိုင်သော ပုဂ္ဂိုလ်ပင်တည်း။

ဗာလ ဟူသည် သာမန်အားဖြင့် ကလေးသူငယ်များကို ဆိုလို၏။ သို့ရာတွင် ဤနေရာ၌ ပညာရှိ၏ ဆန့်ကျင်ဘက်ဖြစ်သော၊ မိုက်မဲ၍ အသိဉာဏ်ကင်းမဲ့သော ပုဂ္ဂိုလ်များဟု ယူဆရ၏။

(အကျယ်သိရန်အတွက် ဓမ္မပဒ၊ ဗာလဝဂ္ဂနှင့် ပဏ္ဍိတဝဂ္ဂတို့တွင် ရှုပါ။)

ဗလဆိုသော ဝေါဟာရဖြင့် ဦးဏှောက်ဥာဏ် မဖွံ့ဖြိုးသော၊ အမူအရာ မယဉ်ကျေးရိုင်းပြသော၊ မကောင်းသောအကြံအစည်များပေးတတ်သော ပုဂ္ဂိုလ်တို့ကို အထူးဆိုလို၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် ပိုင်းခြားဝေဖန်တတ်သောအသိဉာဏ်ကင်းမဲ့၏။ အားလုံးထက်ဆိုးသည်မှာ ၎င်းတို့သည် ဓမ္မ(တရား)ကို နာခံခြင်းမရှိ။ အကျိုးတရားကို ဂရုမစိုက်သဖြင့် ပြုလုပ်မှုတို့တွင် မဆင်မခြင်ပြုတတ်၏။ ဤပုဂ္ဂိုလ်မျိုးကို အပေါင်းအသင်း မပြုထိုက်ပေ။

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပြီး ကလေးများကို စွန့်ပယ်ရန် မဟုတ်ပေ။ ကလေးများသည် သူတို့၏ အသက်အရွယ်နှင့်စာကြည့်လျှင် အမှန်ပင် ကောင်းမွန်ကြ၏။ ကလေးများတွင်ရှိသော ချစ်ဖွယ်မျိုးမရှိဘဲ ကလေးများ၏အပြစ်မျိုးတို့နှင့်သာ ပြည့်နှက်နေသည့် လူကြီးများကို ရှောင်ရှားရန်သာ ဖြစ်၏။ ထိုသူတို့မှာ လူမိုက်တို့ ဖြစ်ကြကုန်၏။ သူတို့နှင့်ပေါင်းဖော်လျှင် ဒုက္ခရောက်ဖွယ်သာ ရှိသည်။ ထိုသူမျိုးဖြစ်ရသည်မှာ အမှန်ပင် ကံမကောင်း အကြောင်းမလှပေ။ သူတို့သည် တပါးသူက အကြံကောင်းများပေးသော်လည်း နာယူလက်ခံခြင်း မရှိရုံမျှမက လူကောင်းတယောက်ကိုပင် ပျက်စီးဆုတ်ယုတ်အောင်၊ ဒုက္ခတွေ့အောင် ဆွဲခေါ်တတ်၏။ အဇာတသတ္တုအား ငရဲသို့ ဆွဲချသည့် ဒေဝဒတ္တကို ဥပမာအဖြစ် ကြည့်နိုင်သည်။

ကျမ်းစာများသည် မကောင်းသောပုဂ္ဂိုလ်များနှင့် ပေါင်းသင်းခြင်းကို ပြင်းပြင်းထန်ထန် ရှုတ်ချပြစ်တင်လေ့ရှိ၏။ မကောင်းသောသူနှင့် ပေါင်းသဖြင့် မကောင်းသော အကြံအစည်များ

ရ၏။ မကောင်းဒဿ အကြံအစည်များကြောင့် မကောင်းသော စိတ်သားများ ပေါ်ပေါက်လာ၏။ မကောင်းသောစိတ်ထားများကြောင့် စိတ်ရင်းမဖြူစင်တော့ပဲ ရှုတ်တွေးပြီး အာရုံများမှာ အထိန်းအကွပ်မဲ့ ဖြစ်လာ၏။ အကျိုးဆက်အားဖြင့် အပြုအမူများမှာ အမှားမှားအယွင်းယွင်း ဖြစ်လာပြီး နိဝရဏငါးပါး (အနှောင့်အယှက်ငါးပါး) မှာ သန်စွမ်းလာ၏။ နိဝရဏတရားများကြောင့် တပ်မက်မှုတဏှာနှင့် မကောင်းသော ဆိုးကျိုးများ ပေါ်ပေါက်လာ၏။ အခြားဘဖက်တွင် ကြည့်ပါမူကား ပညာရှိနှင့် ပေါင်းဖော်ရသဖြင့် ရရှိသောအကျိုးတရားများမှာ ကျွှေသို့ ဖြစ်၏။ ကောင်းသောအကြံအစည်များ ရခြင်း၊ ဆင်ခြင်တုံတရားနှင့် ယုံကြည်ခြင်း၊ မြင့်မြတ်သော တွေးတောမှုရှိခြင်း၊ ရှင်းရှင်းလင်းလင်း တွေးတောနိုင်ခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်ခြင်း၊ ကောင်းသောအကျင့်စာရိတ္တ ရှိခြင်း၊ နိဝရဏတရားများကို အောင်နိုင်ခြင်း၊ ပညာရရှိခြင်းနှင့် ဒုက္ခမှ လွတ်မြောက်ခြင်းတို့ပင်တည်း။ [နိဝရဏတရား ငါးပါးဆိုသည်မှာ- ကာမဆန္ဒ (ကာမစ္ဆန္ဒ)၊ သူတပါးအား ပျက်စီးစေလိုသောစိတ်များ (ဗျာပါဒ)၊ ထိုင်းမှိုင်းခြင်း (ထိနမိဒ္ဓ)၊ ပူပန်ခြင်းနှင့် ကြောင့်ကြခြင်း(ဥဒ္ဓစ္စ၊ ကုက္ကုစ္စ)၊ သံသယဖြစ်ခြင်း(ဝိစိကိစ္ဆာ)တို့ ဖြစ်ကြ၏။ ၎င်းတို့ရှိနေလျှင် အတွေးနှင့်အလုပ်များမှာ မှားယွင်းတော့သည်။]

ကျွှေနေရာတွင် ဖော်ပြသင့်သော အချက်တခု ရှိ၏။ သာမန်ပုဂ္ဂိုလ်များသည် မကောင်းသော အပေါင်းအသင်းကို ရှောင်ကြည်သင့်သည်မှန်သော်လည်း မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်၍ မကောင်းသော အပေါင်းအသင်း၏ ဆိုးကျိုးများမှ

သိဒ္ဓိပြီးစီးသော သူတော်သူမြတ်သည်ကား မကောင်းသော သူများအား လမ်းမှားမှ ကယ်တင်ရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့နှင့် ရောနှောပေါင်းသင်းသင့်လေ၏။ သို့ရာတွင် ထိုသို့ လူမိုက်များအား ပြုပြင်မည့်ပုဂ္ဂိုလ်မှာ ၎င်းတို့၏ မကောင်းသောအရိုန်အဝါ သြဇာသက်ရောက်မှုများမှ အစဉ်သတိကြီးစွာဖြင့် စောင့်ကြည့်နေသင့်၏။ မိမိ၏ကိုယ်ကို ထိန်းသိမ်းနိုင်မှုကို စိတ်မချရသော သူများကား လူမိုက်နှင့် ဝေးစွာရှောင်ကြဉ်သင့်ပေ၏။ သူ၏သြဇာကို မိမိအပေါ်တွင် သက်ရောက်ခြင်းမခံဘဲ မိမိ၏ သြဇာကိုသာ သူအပေါ်တွင် သက်ရောက်ရန် သေချာမှသာလျှင် ၎င်းတို့နှင့် ပေါင်းဖော်သင့်၏။ ဗုဒ္ဓ၏ အကြံပေးချက်မှာကား မည်သည့်အခါမျှ လူမိုက်တို့နှင့် မပေါင်းဖော်ရန် ဖြစ်သည်။

ပူဇာနှင့်ပူဇနေယျာနံ ၏ အဓိပ္ပာယ်မှာ ရိုသေဉီးညွတ်ခြင်းနှင့် ရိုသေဉီးညွတ်ခြင်းခံထိုက်သောသူ ဟူ၏။ဥပမာ၊ဗုဒ္ဓ၊ပညာရှိများ၊ မြင့်မြတ်သော ပုဂ္ဂိုလ်များ၊ မိဖများ၊ ဆရာသမားများနှင့် ကျွန်ုပ်တို့အား ကုသိုလ်ကောင်းမှုဖြင့် တိုးတက်ရန် အကူအညီ ပေးသူများ ဖြစ်ကြ၏။

အဓိဋ္ဌာန ၇

ပတိဂ္ဂုပဒေသဝါသော၏ အဓိပ္ပာယ်ကား သင့်လျော်လျောက်ပတ်သော၊ သာယာသော၊ နှစ်လိုဖွယ်ရှိသော ဒေသတွင် နေထိုင်ခြင်းဖြစ်၏။ လူဖြစ်ကျိုးနပ်ရန်အတွက် နေထိုင်သော နေရာသည် စိတ်ကျေနပ်ဖွယ်တန်ဆာဆင်ထားခြင်း၊ ကျန်းမာသန့်ရှင်းအောင် စီစဉ်ထားခြင်း၊ လုံခြုံဘေးကင်းအောင် တည်ဆောက်ထားခြင်း၊ သေသပ်သန့်ရှင်းသော အသွင်သဏ္ဌာန်ရှိခြင်း၊ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားခြင်းနှင့် နှစ်လိုဖွယ်ကောင်းသော လူ့ပတ်ဝန်းကျင်ရှိခြင်းတို့ဖြင့် ပြည့်စုံသင့်လှ၏။ ဦးကာဆရာတို့က ခွဲထွင်ပြဆိုကြသည်မှာ နေရာဒေသတခုသည် သင့်တင့်လျောက်ပတ်သည်ဟု ဆိုရရန်အတွက် မြင့်မြတ်သောတရား(ဗုဒ္ဓဓမ္မ)ရှိနေရမည် ဖြစ်၏။ ‘ဥပမာ၊ စေတီပုထိုးများရှိခြင်း၊ ရဟန်းတော်များ သီတင်းသုံးကြခြင်း၊ ကျောင်းကန်ဘုရားများ တည်ဆောက်ထားခြင်း၊ နေထိုင်ကြသော ပုဂ္ဂိုလ်များမှာလည်း ကောင်းမှုကုသိုလ်ကိုပွားများအားထုတ်လေ့ရှိသူများ ဖြစ်ခြင်းတို့ပင်တည်း။

ရန်လိုသော၊ စိတ်ထားယုတ်ညံ့သော လူများနေထိုင်ကြသည့် အရပ်၊ ရာသီဥတုဆိုးဝါးသောအရပ်၊ ရေကြီးခြင်း၊ ငတ်မွတ်ခြင်း ငလျင်လှုပ်ခြင်း၊ ရောဂါထူပြောခြင်းတို့ မကြာခဏဖြစ်ပွားလေ့ရှိသော အရပ်၊ တဦးနှင့်တဦး မယုံမကြည် မုန်းတီးစိတ်များ ပြိမ်းတီးသောအရပ်၊ အချုပ်အားဖြင့် မြတ်စွာဘုရား၏ တရား

တော်ကို လေ့လာပွားများရန် မသင့်လျော်သောအရပ်နှင့် မိမိ၏ ကာယ၊ ဥာဏ၊ စာရိတ္တနှင့် ဝိညာဏ တိုးတက်ဖွံ့ဖြိုးမှုများကို ဆီးဆို့ပိတ်ပင်လေ့ရှိသော အရပ်ဒေသများကို ရှောင်ကြဉ်ရမည် ဖြစ်သည်။

နေရာတခုကို ရွေးချယ်သောအခါ ဥစ္စာ စည်းစိမ်ပေါ များမှထက် ပညာနှင့် ယဉ်ကျေးမှုရှိခြင်းကို ပို၍ အလေးထား စဉ်းစားသင့်၏။ ထိုသို့ရွေးချယ်ရာ၌ မိမိ၏ နှစ်သက်မှု မနှစ်သက်မှု များကို အနည်းငယ် အထိခိုက်ခံရမည်သာ ဖြစ်၏။ မိမိ၏ လုပ်ငန်းခွင်နှင့် နီးစပ်သော နေရာဌာနသည်လည်း အမှန်ပင် လိုလားအပ်သော အခွင့်အလမ်းတခု ဖြစ်၏။ သို့ရာတွင် နေရာ ရွေးချယ်ဆုံးဖြတ်ရာတွင် လူသည် ပေါင်မုန့်နှင့်သာ အသက်ရှင် ခြင်းမဟုတ်ကြောင်း (ထမင်းနှင့်သာ အသက်ရှင်ခြင်း မဟုတ် ကြောင်း)ကိုလည်း မည်သည့်အခါမျှ မမေ့သင့်ချေ။

ပုဗ္ဗစရိတပုဉ္ဇတာ ရွေးကပြုခဲ့သော ကောင်းမှု ရှိခြင်း။ လွန်ခဲ့သောဘဝများတွင် ကောင်းမှုကုသိုလ်ပြုခဲ့ရသောအဖြစ်သည် စင်စစ်ပင် မင်္ဂလာရှိလှပေ၏။ သို့ရာတွင် လူ့ဘဝကို မွေးသည့် အချိန်မှ စတင်ရေတွက်လေ့ရှိသူများနှင့် သဘောမတူဘဲ ဗုဒ္ဓ ဘာသာဝင်တဦးအဖို့ ပုဗ္ဗ(ရှေး)ဆိုသည်မှာ ယခုဘဝမတိုင်မီ တွင် အဆက်မပြတ် ဖြစ်ခဲ့သော ဘဝများစွာကို ဆိုလိုပေ၏။ အတိတ်ဆိုသော စကားကို ကျွှိသို့ယူဆခြင်း၏ ကြီးကျယ်မှု၊ အရေး ပါမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အဓိပ္ပာယ် ပြည့်ဝမှုတို့ကို ဗုဒ္ဓ ဘာသာ၏ ကမ္မဝါဒတွင် တွေ့မြင်နိုင်ပေသည်။

ပြုမူ(ကမ္မ)ကို ကိုယ်ဖြင့် ဖြစ်စေ(ကာယကမ္မ)၊ နှုတ်ဖြင့်ဖြစ် စေ(ဝစီကမ္မ)၊စိတ်ဖြင့်ဖြစ်စေ (မနောကမ္မ) ပြုလုပ်နိုင်၏။ ပြုမှုကို

လူကျင့်ဝတ်ဖြင့် ပိုင်းခြားလေ့လာ ကြည့်ရခြင်းမှာ ပြုမူတွင် ရည်ရွယ်ချက် (စေတနာ) ပါနေသောကြောင့် ဖြစ်၏။ ရည်ရွယ်ချက်မပါဘဲ ပြုမူလျှင် ထိုအပြုအမူအတွက် ပြုသူတွင် တာဝန်မရှိပေ။ ရည်ရွယ်ချက်ဖြင့်ပြုသောအခါ ပြုမူအတွက်သာမက အကျိုးတရားအတွက်ပါ ပြုမူသူ၌ တာဝန်ရှိ၏။ ဘဝတလျှောက်လုံးတွင် လူတို့သည် ပြုမူမျှားကိုပြုကြပြီး ၎င်း၏အကျိုးမျှားကို ခံစားကြရ၏။ အချို့သောအကျိုးမျှားမှာ ချက်ခြင်းပေါ်၏။ အချို့မှာကား အခြေအနေ အရပ်ရပ်ကြောင့် အကျိုးမပေါ်တော့ချေ။ လူသေသောအခါ ကိုယ်ခန္ဓာ (ရူပ)၊ ခံစားမှု (ဝေဒနာ)၊ မှတ်သားမှု (သညာ)၊ ပြုပြင်စီရင်မှု (သင်္ခါရ)နှင့် သိမှု (ဝိညာဏ)တို့သည် ပြိုကွဲသွား၏။ ပြုမူ၏ အကျိုးတရား (ကမ္မဝိပါက) သာလျှင် နောက်ဆုံးကြွင်းကျန်သော အမွေအနှစ်ဖြစ်၏။ နောက်ဆုံးကျန်နေသောကမ္မ၏ အကျိုးတရားမျှားမှာ မပေါ်ဘဲ မနေပေ။ ပေါ်ရမည်သာတည်း။ ဤသို့ပေါ်ရန်မှာ ဘဝသစ် ပြန်လည်မွေးဖွားခြင်းအားဖြင့်သာ ဖြစ်နိုင်လေသည်။

ဘဝအသစ်ဖြစ်ခြင်းသည် အတိတ်ဘဝ၏ ကမ္မအကျိုးတရားအချို့ကို ကုန်ခန်းသွားစေ၏။ လူလောက (မနုဿလောက)စသော အချို့လောကမျှားတွင်ကား ကမ္မ(ပြုမူ)မျှား ထပ်၍ပြုကြသဖြင့် ကမ္မဝိပါကမျှားလည်း တိုးပွားလျက်ပင်ရှိ၏။ လူသေသောအခါ ကမ္မဝိပါကသာ ကျန်ရှိပြီး ထိုကမ္မဝိပါကက တဖန် ဘဝအသစ်ကို ဖြစ်စေပြန်၏။ ဤသို့အားဖြင့် သေခြင်းနောက်ပြန်လည် မွေးဖွားခြင်းတည်းဟူသော သံသရာစက်ဝိုင်းမှာ ဒလစပ် လည်ပတ်နေလေဘော့သည်။ ဤ'သေ၊ မွေးစက်ဝန်း'မှ အဆုံးသတ်လွတ်မြောက်ချိန်ကား ပြန်လည်မွေးဖွားခြင်းကို ဖန်တည်းသည့်

ကမ္မဝိပါက လုံးဝ မရှိတော့သောအခါနိဗ္ဗာန်တွင်သာ ဖြစ်၏။ ဤသို့ ဒုက္ခစက်ဝိုင်း ထာဝရအနိစ္စနှင့် အတ္တစွဲတို့မှ လွတ်မြောက်ခြင်း သည်ကား ဗုဒ္ဓဝါဒ၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာနပင်တည်း။

ပြုမှု(ကမ္မ)များသည် တခုနှင့်တခု သဘာဝခြင်းမတူသလိုပင် ၎င်းတို့၏အကျိုးများမှာလည်း ကွဲပြားကြ၏။ကမ္မသည် မကောင်း သော အမျိုးအစား (အကုသလကမ္မ)နှင့် ကောင်းသော အမျိုး အစား (ကုသလကမ္မ)ဟု နှစ်မျိုးပြား၏။ ပဌမအမျိုးအစားသည် တပ်မက်မှု(လောဘ)၊မုန်းတီးမှု (ဒေါသ)၊အမြင်မှားမှု(မောဟ) တို့တွင် အခြေပြု၍ ဒုတိယအမျိုးအစားသည် စွန့်ကြဲခြင်း၊လောဘ မကြီးခြင်း (အလောဘ)၊ သူ့အကျိုးကိုလိုလားခြင်း (မေတ္တာ-အဒေါသ)၊ အသိဉာဏ် ထွန်းပေါက်ခြင်း၊ အမြင်မမှားခြင်း၊ မတွေဝေခြင်း (ပညာ-အမောဟ)တို့တွင် အမြစ်တွယ်သည်။

လူတဦးစီ တဦးစီသည် ကောင်းသော၊ မကောင်းသော ကမ္မ နှင့် ကမ္မဝိပါကတို့၏ အစုအဝေါင်းဖြစ်၏။ အရည်အချင်းသည် ပါဝင်ဖွဲ့စည်းထားသော ကမ္မအမျိုးအစားတို့၏ အရေအတွက် တွင် မူတည်၏။ လူတဦးသည် ကောင်းသောအမှုကို ပြုသည် ဖြစ်စေ၊ မကောင်းသောအမှုကို ပြုသည်ဖြစ်စေ ထိုပြုမှု၏အမွေ ကို ခံယူရ၏ဟု ဗုဒ္ဓက မိန့်တော်မူခဲ့၏။ဤသို့အားဖြင့် ကျယ်ပြော လှသော အတိတ်ဘဝက လူတဦး၏မျက်မှောက်ဘဝကို ဩဇာ သက်ရောက်သည်မှာ ထင်ရှားလှ၏။ယခင်ဘဝက သူတပါးအား ညှဉ်းဆဲခဲ့သောသူသည် ယခုဘဝတွင် အနာရောဂါထူပြော၏။ ဒေါသကြီးခဲ့သူသည် အရုပ်ဆိုး၏။ နှမြောတွန့်တိုခဲ့သူသည် ဆင်းရဲ၏။ ဝိရိယမရှိခဲ့သူသည် ပညာမဲ့၏။ မနာလို ဝန်တိုခဲ့သူ

သည် အဆင့်အတန်းနိမ့်ကျ၏ စသည်ဖြင့် ဖြစ်၏။ အခြားတဖက်တွင် ကြည့်လျှင်မူ ယခင်ဘဝက ကောင်းသောအပြုအမူများ ပြုခဲ့သောကြောင့် ယခုဘဝတွင် ကျန်းမာခြင်း၊ အဆင်းလှခြင်း၊ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ကံကောင်းမြတ်သောအမျိုးဌာဖြစ်ရခြင်း စသည်တို့ကို ခံစားရ၏။ ထို့ကြောင့် ရှေးဘဝကပြုခဲ့သော ကောင်းမှုရှိခြင်းသည် မင်္ဂလာတပါးစင်စစ် ဖြစ်ပေသည်။ ကောင်းသောပြုမှု(ကုသိုလ်)၏ အာနိသင်ကို ခံယူရသည်ထက် သာလွန်ကောင်းမွန်သော အမွေအနှစ် မရှိခဲ့။ ရှေးကောင်းမှု၏အာနိသင်ကို ခံယူရသောသူသည် ဘဝခရီးကို စတင်ရန် အခြေအနေကောင်းများ ရရှိ၏။ ဤအကြောင်းကြောင့်ပင် ဗုဒ္ဓသည် ရှေးဘဝက ပြုခဲ့သော ကောင်းမှုကုသိုလ်ကို ချီးမွမ်းတော်မူပြီး ယင်းကို မင်္ဂလာတပါးအဖြစ် ကျေညာတော်မူခဲ့ခြင်း ဖြစ်လေသည်။

အတ္ထသမာပတ္တိဓိ 'မိမိ၏ကိုယ်စိတ်ကို ကောင်းစွာတည့်မတ်စေခြင်း။' ဤအဓိပ္ပာယ်ကား လူတဦးသည် မိမိ၏ဘဝအတွက် သင့်လျော်သောရည်မှန်းချက်တခုကို ခိုင်မာစွာ ချမှတ်ပြီးနောက် ထိုရည်မျော်ချက်သို့ ရောက်အောင် နည်းမှန် စည်းမှန် လမ်းကြောင်းမှန်ဖြင့် ချီတက်ခြင်းဖြစ်၏။ အခြားစကားဖြင့်ပြောရလျှင် မိမိ၏စိတ်ကို ကျင့်ဝတ်အိမ်မြှောင် တပ်ဆင်ရန် ဖြစ်၏။ ဤသို့ ပြုစုခြင်းမှာ ဘဝသဘော်ကို လမ်းမှန်အတိုင်း ခုတ်မောင်းနိုင်စေန် ဖြစ်၏။ အထူးပြုချက်မှာ 'မိမိကိုယ်ကို' ဖြစ်၏။ လူသည် မိမိဘဝ၏လမ်းကြောင်းကို ပန်းတိုင်သို့ ရောက်အောင် ဖြောင့်တန်းစေရန် မိမိကသာလျှင် ပြုရမည်ဖြစ်၏။ ဤအချက်က မိမိကိုယ်ကို ယုံကြည်စေရန် စိတ်အားဘက်ကြွမှုဖြစ်စေပြီး အခြား

လူမျိုးနှင့် နတ်မျိုးအပေါ်တွင် မှီခိုခြင်းကို ရှုတ်ချ၏။ လူမျိုးစုဘုံသည် ကောက်ကျစ်စဉ်းလဲသော အလေ့အကျင့်များနှင့် မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများတွင် ကျက်စံးပြီး ဘဝကိုလမ်းများတွင် ကုန်လွန်စေကြ၏။သူတို့သည် ကောင်းသော စိတ်ဆန္ဒ(သမ္မာဆန္ဒ)ကို မွေးမြူကြပြီး မိမိတို့၏ လုပ်ငန်းစဉ်တွင် ကောင်းသော အခန်းကဏ္ဍာသစ်ကို ဖွင့်လှစ်သင့်ကြ၏။ ကောင်းသော နေထိုင်ကျင့်ကြံမှုရှိပြီဟု မိမိကိုယ်မိမိ ထင်ကြသူများကလည်း အမှားအယွင်းများရှိမရှိ အချိန်ရှိတိုင်း ပြန်လှန်စစ်ဆေးသင့်လှလေသည်။

အတ္တ 'မိမိ'။ လူကို ဗုဒ္ဓနည်းဖြင့်ခွဲခြမ်းစိတ်ဖြာကြည့်သော အခါ အစုငါးစု ပေါင်းစပ်ဖွဲ့စည်းထားကြောင်း တွေ့ရှိရ၏။ ရင်းတို့မှာ ရူပက္ခန္ဓာ(ရုပ်အစု)၊ ဝေဒနက္ခန္ဓာ(ခံစားခြင်းအစု)၊ သညက္ခန္ဓာ (မှတ်သားခြင်းအစု)၊ သင်္ခါရက္ခန္ဓာ(ပြုပြင်စီရင်ခြင်းနှင့် အကျိုးဆက်များအစု)နှင့် ဝိညာဏက္ခန္ဓာ (သိခြင်းအစု)တို့ ဖြစ်၏။ နာမ(စိတ်။ လူ၏စိတ်ပိုင်း)တွင် နောက်အစုလေးစုပါဝင်၍ ရူပ(ရုပ်။ လူ၏ရုပ်ပိုင်း)တွင် ပဌမအစုတစု ပါဝင်သည်။ အစဉ်အလာအားဖြင့် အစုငါးစုလုံးဘွင် တိသက္ခဏ (မမြဲခြင်း၊ ခံစားရခြင်းနှင့် အစိုးမရခြင်း) သုံးမျိုးမှာ မွေးရာပါ ဖြစ်ကြ၏။ လူဆိုသည်မှာလည်း ဤအစုငါးခုပင် ဖြစ်ပေရာ လူဘွင်မြဲသော 'ငါကိုယ်ထည်'(အတ္တ)မရှိပေ။ လူသည်ရေပွက်တခု သို့မဟုတ် လမ်းပေါ်မှ လှည်းတစီးကဲ့သို့သာ ဖြစ်၏။ ဤဥပမာအရ လူသည် အချို့သော အကြောင်းအချက်များ ပေါင်းစပ်ဖွဲ့စည်းလိုက်သော ကြောင့် ပေါ်ပေါက်လာခြင်းသာဖြစ်ပြီး ထာဝစဉ်မြဲသော အရာတစုံဘခုမျှမရှိသောသဘောကို ထင်ရှားစေလေသည်။

အမှန်တရား(သစ္စာ)သည် နှစ်မျိုးရှိသည်။ (၁) လူသုံးအမှန်တရား(ဝေါဟာရသစ္စာ သို့မဟုတ် သမုတိသစ္စာ)နှင့် (၂)တကယ်အမှန်တရား (ပရမတ္ထသစ္စာ) တို့ ဖြစ်ကြ၏။ ပဌမသစ္စာကို အရာဝတ္ထုများအား ထင်ရမြင်ရသည့်အတိုင်း ပြောပြရန် အသုံးပြု၍ ဒုတိယသစ္စာကို အရာဝတ္ထုများအား တကယ်အမှန်ရှိသည့်အတိုင်း ပြောပြရန်အသုံးပြုသည်။

ဗုဒ္ဓသည် တရားဟောကြားတော်မူရာ၌ သာမန် သူစားများကို ပြေးပြသောအခါ သို့မဟုတ် လူတို့၌သိသောအချက်များကို ပြောပြသောအခါ များသောအားဖြင့် လူသုံးအမှန်တရားဖြင့် ပြောလေ့ရှိ၏။ ဤသို့အားဖြင့် ဤသုတ္တန်တွင် 'အတ္တ'ဟု သုံးနှုန်းထားသော သဘောမှာ ပြောနေကျစကားဖြင့် လူကို ထင်ရမြင်ရသည့်အတိုင်း ဆိုလိုခြင်းဖြစ်၏။ အဆုံးစွန်သော စကားကို ဆိုရလျှင် လူဆိုသည်မှာ အမြဲစီးဆင်းနေသော အလျဉ်တခုသာဖြစ်ရာ တချိန်နှင့်တချိန်ပင် မတူတော့ပေ။ ၎င်းမှာ 'အနတ္တဝါဒ' ဖြစ်သည်။ ၎င်းသည် ထူးထူးကဲကဲ ဗုဒ္ဓ၏ ရှာဖွေတွေ့ရှိချက်ဖြစ်ပြီး လူနှင့်ပတ်သက်၍ တော်လှန်ရေးအကျဆုံး တွေ့ရှိချက်လည်း ဖြစ်၏။ ၎င်း၏တကယ်သဘောမှန်ကို မစမ်းဝါးမိသေးသမျှ ဗုဒ္ဓဘာသာကို အပေါ်ယံမျှသာ နားလည်နေကြပေလိမ့်မည်။

'ကိုယ်' (အတ္တ)ကို လူတို့သုံးနေကျစကားဖြင့် လက်ခံသုံးစွဲခြင်းဖြင့် 'အထက်တန်းကျသော အတ္တ' ဟူ၍ရှိသည်ဟု အယူမမှားသင့်ပေ။ တကယ်အားဖြင့် အတ္တဟူ၍ ဘာမှ အမျိုးအစားမျှမရှိ။ အောက်တန်းကျသော အတ္တလည်းမရှိ။ အထက်တန်းကျသော အတ္တလည်း မရှိ။ ဤမှာလည်း အတ္တမရှိ၊ ဟိုမှာလည်း အတ္တမရှိ၊

ထို့ကြောင့် ဗုဒ္ဓက အတ္တမရှိသော သဘော (အနတ္တ)ကို အထူးပြုပြီး ၎င်းကို ပုဂ္ဂိုလ်သတ္တဝါအားလုံး၏ လက္ခဏာရေးသုံးပါးတွင် တပါးအပါဝင်အဖြစ် ထည့်သွင်းတော်မူခြင်း ဖြစ်လေသည်။

လူသားအနှယ်ကြီး၏ အဓိက လေ့လာမှုမှာ အတ္တအကြောင်းဖြစ်၏။ အတ္တ၏ ဆိတ်သုဉ်းမှုကို နားလည်ပြီးသည်နှင့် တပြိုင်နက် အခြားအရာများကို လေ့လာရန်၊ ဆုပ်ကိုင်ရန် လွယ်ကူသွားလေတော့သည်။ ဝိသုဒ္ဓိမဂ္ဂကျမ်းတွင် တိုတိုတုတ်တုတ် ရှင်းပြထားသည့်အတိုင်း အဆုံးစွန်သော စကားကို ဆိုရပါမူ-

"ဒုက္ခသည်ရှိ၏။ သို့ရာတွင် ဒုက္ခကို ခံစားရသူမရှိ။
ကမ္မသည်ရှိ၏။ သို့ရာတွင် ကမ္မကို ပြုလုပ်သူမရှိ။
နိဗ္ဗာန်သည် ရှိ၏။ သို့ရာတွင် နိဗ္ဗာန်သို့ စံဝင်သူမရှိ။
မဂ္ဂသည်ရှိ၏။ သို့ရာတွင် မဂ္ဂသို့သွားသောသူမရှိ။"

ဤသို့အတ္တမရှိသော တကယ့်အမှန်တရားသဘောကို သိမြင်လျက်ပင် ဗုဒ္ဓသည် လူတိုင်းထင်မြင်ယူဆနေကြသော အတ္တကို လျစ်လျူမပြုခဲ့ပေ။ ဗုဒ္ဓကဂုင်းကို ထိုက်တန်သော အသိအမှတ်ပြုမှု ပေးပြီး တကယ့်အမှန်တရား ဖြစ်သော အနတ္တတရားကို နားလည်စေရန် ၎င်းကို အသုံးပြု၍ပင် ပြသခဲ့၏။ ဤအရာသည် 'အတ္တသမာဇဏိဓိ' (မိမိ၏ ကိုယ်စိတ်ကို ကောင်းစွာ တည့်မတ်စေခြင်း)ဆိုသော စကား၏ ဆိုလိုချက်ပင်တည်း။ ဤသို့အားဖြင့် အတ္တတည်းဟူသော လှည့်စားမှု မာယာကို တကယ်သိမြင်သော အခါ အတ္တကို ချစ်သောကြောင့် ပေါ်ပေါက်ရသော မကောင်းမှုများသည် ကောင်းသောအမူအကျင့်များကို နေရာပေးရလေတော့သည်။

ဤနေရာ၌ 'အတ္တ'ဆိုသော ဝေါဟာရကို လူတို့နားလည်နေသည့်အတိုင်းသာ ခံယူသုံးစွဲခြင်း ဖြစ်ကြောင်းနှင့် အနတ္တတရားတော်ကို သိမြင်သောအခါ တကယ်ရှိသည်ဟု ထင်ရသည့် အတ္တ၏ အနှစ်အသားကို လှည့်စားမှု (မာယာ)အဖြစ် သဘောပေါက်သွားမည် ဖြစ်ကြောင်းတို့ကို ကနဦး ပြေ (ပြည်)တည်ကတည်းကပင် သိထားသင့်ကြ၏။ ဤသိနားလည်မှုဖြင့် ဘဝခရီးကို စတင်ခြင်းသည်ပင် မိမိ၏ ကိုယ်စိတ်ကို မိမိကိုယ်တိုင်ကောင်းစွာ ဖြောင့်တန်းစေခြင်း မည်ပေသည်။ ပြင်ပအရေပ်ဘပါးမှ အကူအညီရနိုင်သည်ကို အပထား၍ တကယ်အထူးပြုရမည်မှာကား 'လမ်းမှန်'နှင့် 'မိမိကိုယ်ကိုအားကိုးမှု'တို့သာ ဖြစ်ကြ၏။ မိမိကိုယ်ကို အားကိုးမှုကို မီးရှူးတန်ဆောင်ဖြစ်စေလျက် သူဘပါး၏ အကူအညီ အမအစ အထောက်အပံ့ကို ခံယူရမည်ဖြစ်ငြားသော်လည်း မိမိ၏ ခွန်အားစွမ်းအင်မှတပါး မည်သည့်အရာကိုမျှ အလွန်အကျွံ မမှီခိုသင့်ပေ။

ဗာဟုသစ္စဉ္ဈသိပ္ပဉ္ဈ ဗာဟုသစ္စံနှင့် ဗာဟုသိပ္ပံ။

ဗာဟုသစ္စံကို အချို့က ဗာဟုသုတံဟု ဖတ်ကြ၏။ အဓိပ္ပာယ်ကား "ကြားခြင်းဖြင့် ရအပ်သော ကြီးကျယ်သည့် အသိပညာ" ဟူ၏။ ဗုဒ္ဓ၏ ခေတ်အခါက ပုံနှိပ်အတတ်နှင့် စာအရေးအသားအတတ်တို့မရှိကြသေးသဖြင့် ပညာရေးကို နှုတ်ငုံအစဉ်အလာဖြင့်သာ သွယ်တန်းယူလေ့ရှိကြ၏။ အကျိုးဆက်အားဖြင့် လူတဦးသည် ပညာရှိတို့ဟောပြောကြသည်ကို ကြားနာရပြီး ထိုကြားနာရသည်များကို နှုတ်တိုက်အာဂုံ ကျက်မှတ်နိုင်သည့် အချိုးအဆအလိုက်ပင် သူအား ပညာရှိ ပညာတတ်ဟု ခေါ်ဆိုကြရ၏။ ဤသို့အဆင့်အတန်းသတ်မှတ်မှုကို လောကီစာပေထက် ဘာသာရေးစာပေဆိုင်ရာတွင် ပို၍ အသုံးပြုလေ့ရှိ၏။ ဤပညာရေးစနစ်အရ တပည့်တဦးတွင် မှတ်ဉာဏ်ကောင်းခြင်း၊ ပညာတတ်လိုသောစိတ်ဆန္ဒပြင်းပြခြင်း၊ ပညာရှိတို့နှင့် ပေါင်းဖော်လိုခြင်း၊ ၎င်းတို့၏သင်ကြားချက်များကို လျင်စွာ သိနားလည်နိုင်စွမ်းရှိခြင်း စသော ဂုဏ်အရည်အချင်းများ လိုအပ်လေသည်။ ဤသို့အားဖြင့် ဗာဟုသစ္စံဆိုသော စကားသည် ပညာရှိတို့နှင့် တိုက်ရိုက်ထိတွေ့မှုမှ ရရှိအပ်သည့် များးပြားလှသော အသိဉာဏ်ပညာဆိုသော အဓိပ္ပာယ်ကို ရည်ညွှန်းလေသည်။ ဗာဟုသိပ္ပံအဓိပ္ပာယ်မှာ ဝိစ္စာပညာ သို့မဟုတ် လက်မှုပညာတခုခုတွင် ကျွမ်းကျင်ခြင်းဟုဖြစ်၏။

ၵုင်း၏ ဆိုလိုချက်ကား လူ့အကျိုးပြု ဝိဇ္ဇာပညာ သို့မဟုတ် အသုံး ဝင်သော သိပ္ပံပညာ သို့မဟုတ် အပြစ်ကင်းသော လက်မှုပညာ တခုခုကို လက်တွေ့ဘတ်ကျမ်းခြင်းဖြစ်၏။ ဤအချက်က မင်္ဂံသာ တရားကို ရလိုသူတို့၏ စိတ်နှလုံးဝယ် အလုပ်တခု၏ ဂုဏ်ရှိမှု တည်းဟူသော အသိစိတ်ခာတ် ကိန်းဝပ်စေ၏။ အတတ်ပညာ တခုခုကို ပိုင်နိုင်စွာ တတ်ကျမ်းထားခြင်းဖြင့် ၵုင်းကို အပျင်းခပြ လေ့ကျင့်မှုအတွက်သာ မဟာဘဲ တဝမ်းတခါး အတွက်လည်း ဂုဏ်သိက္ခာရှိရှိ လုပ်ကိုင်စားသောက်နိုင်ပေသည်။ ဤတွင် မကောင်းသော(အကုသိုလ်)လုပ်ငန်းများကိုကား ဝေးစွာရှောင် ကြဉ်ရန်ဖြစ်ကြောင်း အမြဲသတိရသင့်ပေသည်။

ဝိနယေဒေ သုသိက္ခိတော ''ကောင်းစွာ လေ့လာအပ်ပြီးသော စည်းကမ်း။''ဆိုလိုချက်ကား ကောင်းစွာ ပေါက်ဖွားကြီးပြင်း၍ ကောင်းစွာယဉ်ကျေး သိမ်မွေ့ခြင်းတို့တည်း။ ရဟန်း၏ ကျင့်ဝတ် စည်းကမ်းသည် လူ၏ ကျင့်ဝတ်စည်းကမ်းထက် တင်းကြပ်၏။ မည်သို့ဖြစ်စေ ရဟန်းလည်း ရဟန်းအလျောက်၊ လူလည်း လူ အလျောက် ဆိုင်ရာကျင့်ဝတ်စည်းကမ်းတို့ကို အဆင့်အတန်း မှီအောင် ဖြည့်ကျင့်ဆည်းပူးကြရန် ဖြစ်၏။

သုဘာသိတဒေ ယာဝါစံ ''ချို့သာယဉ်ကျေးသောစကား။''

ဤပုဒ်အရ အဆင့်အတန်းမြင့်ပြီး လျောက်ပတ်စွာ ပျိုးထောင် အပ်သော စကားဧဝါဟာရ အသုံးအနှုန်းရှိရမည်ဟု ဆိုလိုပေ ပေသည်။

ဥပဒ္ဒဝနံ၏ အနုက်ကားး လုံလောက်စွာ ထောက်ပင့်ခြင်း၊ ကောင်းမှုနှိုစ္စာ စောင့်ရှောက်ခြင်း၊ ကြိုးနှံစ္စာ လုပ်ကျွေးခြင်း၊ စိတ်ရှည်စ္စာပြုစုခြင်း၊ လျောက်ပတ်စ္စာ အမှုထမ်းခြင်း၊ ကိုင်းရှိုင်းစ္စာ ဂရုစိုက်ခြင်း၊ လိုအပ်ချက်များကို ဖြည့်စွမ်းခြင်း စသည်ဖြင့် ဖြစ်၏။ ဥပမာ မာတာပိတု ဥပဋ္ဌာနံ၊ ဗုဒ္ဓုပဋ္ဌာနံ။

အနာကုလာ အန+အာကုလာ=မရှုပ်ထွေးသော၊ မငြိစွန်းသော၊ ကမောက်ကမနှိုင်သော၊ အနှောက်အယှက် မရှိသော၊ ငြိမ်းခအေးသော (နှိုင်းယှဉ်ရန်၊ ဝိအာကုလာ=များစွာရှုပ်ထွေးသော) အနာကုလာကို အနုကုလဆိုသော စကားဖြင့် ရောထွေးတတ်၏။ ၎င်း၏ အဓိပ္ပာယ်မှာ မိမိ၏ သဘာဝနှင့် နှစ်ခြိုက်ဖွယ်ဖြစ်သော မိမိ၏ စိတ်နှင့် သင့်လျော်သော၊ လျောက်ပတ်သော၊ သဘာဝကျသော၊ ငြိမ်းအေးသော၊ ကောင်သော၊ ကျွန်ုပ်ဖွယ်ဖြစ်သောဟု ဖြစ်၏။

တစုံတခုသော အတိုင်းအတာအထိကား အာကုလာမရှိခြင်း (အနာကုလာ=ရှုပ်တွေးမှုမရှိခြင်း) ဟု ဆိုသဖြင့် အနုကုလ (သင့်လျော်ခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်းစသော) အဓိပ္ပာယ်ကိုလည်း ဆိုနိုင်ပါ၏။

ကမ္မန္တာ ကမ္မ+အန္တ။ ၎င်းကို လှုပ်ရှားမှု၊ ပြုမှု၊ အလုပ် အကိုင် လုပ်ငန်းဆောင်တာ၊ ဝါသနာလုပ်ငန်း စသည်ဖြင့် ပြန်ဆို

ကြ၏။ (ဥပမာ၊ သမ္မာကမ္မန္တာ=မှန်သောအလုပ်၊ ကမ္မန္တိက အလုပ်ကြီးကြပ်ရေးမှူး၊ ခေတ္တကမ္မန္တ=လယ်ယာလုပ်ငန်း။)

အနာကုလာကမ္မန္တာ သာမန်အားဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်ရပြီး စိတ်အရှုပ်အထွေးနှင့် အနှောက်အယှက်မရှိသော (ဝါဆနာလုပ်ငန်းနှင့် အသက်မွေးလုပ်ငန်းများ အပါအဝင်) လုပ်ငန်းဆောင်တာများကို ခေါ်၏။ မိမိ၏လုပ်ငန်းကို အနှောက်အယှက်ကင်းအောင် အားထုတ်ရမည်သာမက မိမိက သူတပါးအား အနှောက်အယှက်မပြုမိရန်လည်း ဂရုပြုရမည် ဖြစ်သည်။

ကမ္မ(အလုပ်)သည် အဆုံးစွန်သော ရည်ရွယ်ချက်(အန္တ)ကို အောင်မြင်စေရန် အသုံးပြုသောနည်းလမ်းမျှသာ ဖြစ်ကြောင်း သဘေးပေါက်သောအခါ ဤပုဒ်၏ တာဂယ်ဆိုလိုချက်ကို ပို၍ နားလည်နိုင်ပေလိမ့်မည်။ အနာကုလာဆိုသော နာမဝိသေသန ဖြင့် နည်းလမ်းနှင့်ရည်ရွယ်ချက်အားလုံးကို သိမ်းကြုံး ဆိုလိုပေသည်။

ဘဝဟူသည် အာကုလ (ရှုတ်ရှုတ်ထွေးထွေးဖြစ်နေသော) အခြေအနေပင်ဖြစ်၏။ ကမ္မ(ပြုလုပ်ခြင်း)နှင့်ကမ္မဝိပါက (ပြုလုပ်ခြင်း၏အကျိုး)တို့တွင် ရှိနေသော လောဘ၊ ဒေါသနှင့်မောဟ (တပ်မက်မှု၊ မုန်းတီးမှုနှင့် အမြင်မှားမှု)တို့က အာကုလ(ရှုပ်ထွေးမှု)ကိုဖြစ်အောင် ဖန်တီးပေးကြ၏။ ဘဝ၏ ရည်ရွယ်ချက်များကို ရှုတ်ထွေးမှုများက အမြောက်လက္ခဏာတင်၍ တိုးပွားစေရန် မဟုတ်။ တိုရှုတ်ထွေးမှုများ တဖြည်းဖြည်း နည်းသွားပြီး နောက်ဆုံးတွင် လုံးဝကွယ်ပျောက်သွားရန်သာ မိမိ၏ လုပ်မှုကိုင်မှုများကို ပြုကြရန်ဖြစ်၏။ ထိုသို့ပြုလျှင် အနာကုလာ ဖြစ်၏။ ဤတွင် ထင်ထင်ရှားရှား အလေးအနက်ပြုသော အချက်ကား

ကောင်းသောအလုပ် (ကုသလကမ္မ)များကို နည်းလမ်းအဖြစ် အသုံးချခြင်းဖြင့် လိုလားအပ်သော မြင့်မြတ်သည့် ရည်ရွယ်ချက် ပန်းတိုင်သို့ ရောက်စေရန်ဖြစ်၏။ ရည်ရွယ်ချက်ကောင်းရုံနှင့် မပြီးသေး။ ရည်ရွယ်ချက်ကလည်းကောင်း၊ ထိုရည်ရွယ်ချက်သို့ရောက်အောင် သွားသည့်လမ်းကလည်း မှန်ပါမှ တန်ဘိုးပေါ်မည် ဖြစ်၏။ ဤသို့အားဖြင့် နည်းလမ်း(ကမ္မ)သည်လည်း ရည်ရွယ်ချက် (အနှစ်)လောက်ပင် အရေးပါမှုရှိလေသည်။

ထို့ကြောင့် အလုပ်ဟူသမျှသည် ရည်ရွယ်ချက် အကျိုးများသကဲ့သို့ပင် နည်းလမ်းတွင်လည်း ကောင်းမှန်စေရမည် ဖြစ်လေသည်။

ဘဝိန် ၆

ဒါန ၎င်း၏ အဓိပ္ပာယ်မှာ ပေးကမ်းခြင်း၊ ရက်ရောခြင်း၊ စွန့်ကြဲခြင်းစသည်ဖြင့် ဖြစ်၏။ အခြားပြုမူ (ကမ္မ)များခဲ့ကဲ့သို့ပင် ဒါနတွင်လည်း အဆုံးအဖြတ်ပေးသော အချက်မှာ ၎င်း၏ နောက်ကွယ်ရှိ စေတနာနှင့်ရည်ရွယ်ချက်ပင် ဖြစ်၏။ ဤသို့အားဖြင့် ဒါနသည် ၎င်း၏နောက်ကွယ်ရှိ ကိုယ်ကျိုးငဲ့မှု မငဲ့မှုအပေါ်တွင် မူတည်၍ ယုတ်၊ လတ်၊ မြတ် သုံးမျိုးပြားလေသည်။

အလှူခံပုဂ္ဂိုလ်၏ အရည်အသွေးနှင့် ဒါန၏ ထုထယ်ပမာဏတို့သည် အရေးကြီးသည်ပင် မှန်သော်လည်း ၎င်းတို့သည် ထို ဒါနကိုဖြစ်စေသော စေတနာ၏ လက်အောက်ခံသာ ဖြစ်ကြ၏။

ကိုယ်ခန္ဓာ(ကာယ)ဖြင့်ပြုသော ရုပ်ပိုင်းဆိုင်ရာ ဒါနအပြင် အသံ(ဝစီ)နှင့် စိတ်ဓာတ်(မနော)တို့ဖြင့် ပြုသော ဒါနမျိုးသည်း ရှိသည်သာဖြစ်၏။ ဥပမာ၊ ချိုသာသောအပြုံး၊ အကျိုးလိုသော စကား၊ ရက်ရောသောစေတနာ၊ မေတ္တာဖြင့်ပြည့်လျှမ်းသော စိတ်နှလုံးစသည်တို့ပင်တည်း။

ဓမ္မစရိယာ ဓမ္မကိုကျင့်ကြံခြင်း၊ ဓမ္မဖြင့် ခရီးသွားခြင်း။ ဓမ္မ ဓမ္မဆိုသော ဝေါဟာရ၏ ကျယ်ပြောသော အဓိပ္ပာယ်မှာကား စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အခြင်းအရာများ၏ ဖြစ်ပေါ်ခြင်း၊ တည်တန့်ခြင်းနှင့် ပြိုကွဲခြင်းသဘောကို ဆိုလို၏။

ဗုဒ္ဓသည် လူဘဝနှင့်တကွ အရာအားလုံးကို တကယ်ရှိသည့် အတိုင်း သိမြင်ပြီး ထုတ်ဖော်ကျေညာခဲ့၏။သူသည် အနိစ္စ (မမြဲမှု)၊ ဒုက္ခ (ခံစားမှု)နှင့် အနတ္တ (အစိုးမရမှု)တို့ကို ပြဆိုသည့် တိလက္ခဏဝါဒကို ချမှတ်ခဲ့၏။ မြင့်မြတ်သော သစ္စာလေးပါး (အရိယာသစ္စာ)သည် တကယ့်သဘောအမှန်ကို လက်တွေ့ပြဆိုထား၏။ ထိုသစ္စာများက ခံစားမှု (ဒုက္ခ)၊ ၎င်း၏ ဇစ်မြစ် (သမုဒယ)၊ ၎င်း၏ ချုပ်ငြိမ်းရာ (နိရောဓ)နှင့် ၎င်းအား ချုပ်ငြိမ်းစေရန်နည်းလမ်း (မဂ္ဂ) တို့ကို သိပ်ံနည်းကျကျ စိစစ်ပြထားလေသည်။ နောက်ဆုံးဖြစ်သော လမ်းစဉ် (မဂ္ဂ)မှာ လူတဦးအား ကျင့်ဝတ်သိက္ခာပြည့်ဝသော ဘဝကို ထူထောင်စေပြီး အဆုံးစွန်၌ 'အမြတ်ဆုံး စံပြပုဂ္ဂိုလ်'အဖြစ် ဖန်တီးပေး၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဒုက္ခနှင့် အပေါင်းအဖော်တို့၏ စက်ဝန်းမှ ထာဝရ လွတ်မြောက်ပြီး ဖြစ်တော့သည်။ အစဉ်အလာအားဖြင့် သီလ(အကျင့်)၊ သမာဓိ (တည်ငြိမ်မှု)၊ ပညာ (အသိဉာဏ်ထွန်းပေါက်မှု)ဟူ၍ သုံးပိုင်း ခွဲခြားလေ့ရှိသော ထိုလမ်းစဉ်ကို အကြောင်းစွဲ၍ အကျိုးပေါ်မှုတရား (ပဋိစ္စသမုပ္ပါဒ)နှင့် ယှဉ်တွဲ၍ အနတ္တသစ္စာတရား၏ ရောင်ခြည်ဖြင့် သိမြင်ခြင်းသည် လူတဦး၏ကျင့်ဝတ်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ မိုးကုတ်စက်ဝိုင်းများကို ကျယ်ပြန့်စေလေသည်။ ဤသို့ သိမြင် နားလည်သော အခါ လူ၏ဘဝတခုလုံး ပြောင်းလဲသွားလေတော့သည်။သူသည် ဖြစ်ပျက် ပြောင်းလဲနေသော သံသရာကို နားလည်လာရုံမက ထိုသံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော ဗုဒ္ဓ ဟောကြားတော်မူသည့် လွတ်မြောက်ကြောင်း ဓမ္မတရားကလည်း သိမြင်လေတော့၏။ ထိုသို့သော ပုဂ္ဂိုလ်အား ဓမ္မာစရိယာ သို့မဟုတ်

ခမ္မကို တကယ်ကျင့်ကြံသူ သို့မဟုတ် ခမ္မဖြင့်ခရီးသွားသူဟူသော ဘွဲ့ထူးဖြင့် ခေါ်ဝေါ်ရလေသည်။

ပို၍ ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် ခမ္မဆိုသော စကားတွင် နိဗ္ဗာနအပါအဝင် လောကုတ္တရာအခြေအနေ ကိုးခုလည်း ပါဝင်၏။ ဤသို့အားဖြင့် ဤဝေါဟာရသည် လောကီရော၊ လောကုတ္တရာရော၊ နိဗ္ဗာန်ရော၊ လောကသုံးပါးရော (ကာမလောက၊ ရူပလောက၊ အရူပလောက)အားလုံး အကြုံးဝင်သော အလွန်ကျယ်ပြောလှသည့် ဝေါဟာရကြီးဖြစ်၏။

မည်သို့ဖြစ်စေ ဤစာပိုဒ်တွင်ပါရှိသော ခမ္မ၏အဓိပ္ပာယ်ကား မှန်ကန် တည့်မတ်မှုကိုသာ ဆိုလိုကြောင်း မှတ်သားသင့်၏။ ဤအချက်ကို ထောက်ခံသောအားဖြင့် ဋီကာတခုတွင် ၎င်းကို သမ္မာစရိုယာနှင့် တူသည်ဟု ပြဆိုထား၏။ (သမ္မာဆိုသည်မှာ ဤနေရာ၌ မှန်ကန်သောဟု အဓိပ္ပာယ်ရသည်။)

အနဝဇ္ဇာနိ အန+အဝဇ္ဇာနိ=ပညတ်မသားသော၊အပြစ်ဆိုဘွယ်မဟုတ်သော၊ရှောင်ကြဉ်ရန်မဟုတ်သော၊အပြစ်ကင်းသော။

ကမ္မာနိ=လုပ်ငန်းဆောင်တာများ။

အနဝဇ္ဇာနိကမ္မာနိ=အပြစ်ကင်းသော လုပ်ငန်းဆောင်တာများ။

'အနာကုလာကမ္မန္တာ' နှင့် 'အနဝဇ္ဇာနိကမ္မာနိ' ဆိုသော စကားနှစ်ရပ်ကို အချို့ဆရာတို့က အတူတူဖြစ်သည်ဟု လက်ခံကြသည်။ အပေါ်ယံကြည့်လျှင်ကား တူသယောင်ရှိပါ၏။ သို့ရာတွင် တကယ့် အနှစ်သဘောတွင်ကား ကွာခြားမှု ရှိနေပေသည်။

သို့မဟုတ်လျှင် မင်္ဂလာတရားများတွင် သဘောတူများ ပါနေသည်ဟု ဆိုဖွယ်ဖြစ်ပေလိမ့်မည်။

ဂုဏ်းစကားရပ်နှစ်ခု၏ ခြားနားချက်ကို သိထားရန် ဂုဏ်းတို့၏ ခြားနားသော အဲသုံးအနှုန်းကို ကြည့်သင့်၏။ အနာကုလာကမ္မန္တဝဒကဂုဏ်းသားတို့သည် မိမိပြုလုပ်သောလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် စိတ်စေတနာကို အလေးအနက်ပြုပြီး အနဝဇ္ဇာနို ကမ္မာနိက အပြစ်ရှိသော လုပ်ငန်းများကို ရှောင်ကြဉ်ခြင်းကို ထူးခြားစေ၏။ ကောင်းသော ရည်ရွယ်ချက်များအတွက် ကောင်းသောအလုပ်များလုပ်ခြင်းသည် တခြားဖြစ်၏။ မကောင်းသော၊ မဒလျှဉ်သော လုပ်ငန်းများကို ရှောင်ခြင်းသည် တခြားဖြစ်၏။ ဂုဏ်းတို့နှစ်ခုသည် တခုနှင့်တခု အညမညဆက်သွယ်မှုရှိသည် မှန်သော်လည်း အခေါင်းနှင့် အနှုတ်ကဲ့သို့ သီးခြားသာ ဖြစ်ကြ၏။ အခေါင်းလက္ခဏာဘက်တွင် ကောင်းသောအလုပ် (ကမ္မ)၊ ရက်ရောပေးကမ်းမှု (ဒါန)၊ ချစ်ခြင်းမေတ္တာ (မေတ္တာ)၊ အသိဉာဏ် (ပညာ) စသော ငြိမ်းအေးသည့်သဘောများ ပါဝင်၏၊ အနှုတ်လက္ခဏာဘက်တွင် သူ့အသက်ကိုသတ်ခြင်း၊ ပိုင်ရှင်မပေးသော ဥစ္စာကိုယူခြင်း၊ မှားယွင်းသော မေထုန်မှုကိုပြုခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းများ ပါဝင်၏။ အသက်မွေးဝမ်းကျောင်းပြုရာတွင်လည်း အချို့လုပ်ငန်းများကို တရားတော်က တင်းကြပ်ကြပ် တားမြစ်ထား၏။ ဥပမာ၊ လူသတ်လက်နက် ရောင်းဝယ်ခြင်း၊ ကျေးကျွန်ရောင်းဝယ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း၊ အရက်သေစာရောင်းဝယ်ခြင်း၊ တံငါလုပ်ငန်း၊ စစ်တိုက်ခြင်းလုပ်ငန်း၊ နက္ခတ်ဗေဒင်အဟောလုပ်ငန်း စသည်။

တခု မှတ်သားရန်ကား အဋ္ဌကထာပိုင်းသည် ဋီကာရန် သက်သက်သာ မဟုတ်၊ မကောင်းသောလုပ်ငန်းများကို နုတ်ပယ်ပြီးနောက် ကောင်းသောလုပ်ငန်းများ (ဥပမာ၊ လူမှုဝန်ထမ်းလုပ်ငန်း)ကို ပေါင်းထည့်ရမည်လည်း ဖြစ်လေသည်။

အဝိန် ၇

အာရုတီ ဝိရုတီ ဤဝေါဟာရနှစ်ခုကို အတူယှဉ်တွဲ၍ ကျမ်းစာများ၌ နေရာများစွာတွင် တွေ့ရ၏။ ၎င်းတို့၏ အဓိပ္ပာယ်ကို တခုစီ ပြန်ဆိုမည်ဆိုလျှင် စွန့်ပယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ဝေးစွာရှောင်ခြင်း၊ ဖယ်ခွာခြင်း စသည်ဖြစ်၏။ ၎င်းတို့နှစ်ခု၏အဓိပ္ပာယ်နီးစပ်မှုမှာ ရှင်းလှသည်။ ၎င်းတို့ နှစ်ခုလုံးသည်ပင် မလိုလားအပ်သော၊ ကာမရာဂနှင့် စပ်ယှက်သော (ဤအပိုဒ်တွင် ပါပ၊ ဝါ၊ မကောင်းမှုနှင့် ပတ်သက်သော) အရာများနှင့် ခွဲခွာရန် ကြိုးပမ်းခြင်းကို ပြဆို၏။ သို့ရာတွင် ၎င်းစကားနှစ်ရပ်ကို လက်တွေ့အသုံးပြုပုံတွင်ကား ခြားနားပေသည်။ ဤသို့ ခြားနားမှုကြောင့်ပင် ၎င်းတို့ နှစ်ခုကို မင်္ဂလာနှစ်ပါးအဖြစ် သီးခြားခွဲ၍ ဟောတော်မူခြင်း ဖြစ်လေသည်။ စင်စစ် အာရုတီ ဝိရုတီ ပါပါဆိုသောစကားရပ်မှာ အာရုတီ ပါပါနှင့် ဝိရုတီပါပါဟု ဆိုလို၏။

၎င်းတို့ နှစ်ခုလုံးကပင် ပါပ (မကောင်းမှု)နှင့် မပူးပေါင်းဘဲ ခွဲခွာရန် ရည်ညွှန်း၏။ သို့ရာတွင် အာရုတီပါပနှင့် ဝေးရာတွင် နေခြင်းကို ဆိုလို၍ ဝိရုတီပါပနှင့် မျက်နှာချင်းဆိုင်တွေ့နေသော အခါတွင် ချုပ်တီးထိန်းသိမ်းခြင်းကို ဆိုလို၏။ ပဌမရှောင်ကြဉ်မှုမှာ မမြင်ရ၊ မတွေ့ရအောင် ရှောင်ခြင်းဖြစ်၍ ဒုတိယ ရှောင်ကြဉ်မှုမှာ နဖူးတွေ့ ဦးတွေ့ တွေ့သောအခါပင် ရှောင်ကြဉ်ခြင်းဖြစ်၏။ ဥဒါဟရဏ်အားဖြင့် လူတယောက်သည် မကောင်းသော

နေရာသို့ မသွားရောက်မိအောင် ရှောင်ကြဉ်ရာ၏။ သို့ရာတွင် ရုတ်တရက် မမျှော်လင့်ဘဲ သူသည် ထိုနေရာသို့ ရောက်သွားပါက မကောင်းမှုကို မပြုမိအောင် သတိကြီးစွာဖြင့် ချုပ်တီးထိန်းသိမ်းရပေလိမ့်မည်။ ဤသို့အားဖြင့် ပဌမ မကောင်းမှုမှာ သဘော တရားနယ်ပယ်အတွင်းရှိ မကောင်းမှုဖြစ်ပြီး ဒုတိယ မကောင်းမှုကား လက်တွေ့နယ်ပယ်အတွင်းရှိ မကောင်းမှု ဖြစ်၏။ ပဌမ မကောင်းမှုမှ ကင်းရှင်းရန် ကြိုးစားအားထုတ်မှု အနည်းငယ် သာလို၍ ဒုတိယမကောင်းမှုမှ ကင်းရှင်းရန်ကား ကြိုးစား အားထုတ်မှု များစွာလို၏။

အာနှင့် ဝိဆိုသော စကားလုံးနှစ်ခုလုံးမှာ ချေဖျက်ခြင်း သတ္တိ ရှိကြ၏။ သို့ရာတွင် ဝိဟုဆိုခြင်းဖြင့် အထူးချေဖျက်မှုကို ပြ၏။ ဤသို့အားဖြင့် အာရတီသည် မကောင်းမှုမှ ဝေးရာတွင် နေခြင်း ကို ဆို၍ ဝိရတိကား မကောင်းမှုကို အောင့်နိုင်ခြင်း၊ မကောင်း မှုမှ သိဒ္ဓိပြီးခြင်းကို ဆိုလို၏။ အာရတီရှိသူတွင် မကောင်းသော စိတ်ဓာတ်များးပေါ်ပေါက်ရန် အခွင့်အလန်းရှိသေး၏။ ဝိရတီ ရှိသူမှာကား ပါပ (မကောင်းမှု)ကို မတပ်မက်ခြင်း (ဝိရာဂ) ဖြစ်ပြီး ဖြစ်၍ ပါပနှင့်တွေ့သောအခါတွင်လည်း အလွယ်တကူနှင့် အောင်မြင်နိုင်သေသည်။

ကျမ်းစာများက မကောင်းသော ပြောမှု၊ မကောင်းသော ပြုမှု နှင့် မကောင်းသော အသက်မွေးမှု သုံးမျိုးမှ အာရတီနှင့် ဝိရတီ ဖြစ်ကြရန် နှိုးဆော်ထား၏။ ဤအချက်က အာရတီနှင့် ဝိရတီ တို့သည် ကိုယ်ကျင့်သီလနှင့် ပတ်သက်ကြောင်း ပြဆိုပေသည်။

ပါပ မကောင်းမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ အကျင့်ပျက်မှု၊ မကောင်းသောပြောမှု၊ မကောင်းသောပြုမှုနှင့် မကောင်းသေသ

အသက်မွေးမှုတို့သည် လူတိုင်းရှောင်ကြဉ်သင့်သော မကောင်းမှုမျိုးဖြစ်ကြ၏။

မကောင်းသော ပြောမှု (အကုသလဝစီကမ္မ) ဟူသည်ကား လိမ်လည်ခြင်း၊ ဂုံးချောခြင်း၊ ကြမ်းတမ်းစွာ ဆိုခြင်း၊ အကျိုးမဲ့သော စကားကို ပြောခြင်းတို့ပင်တည်း။

မကောင်းသော ပြုမှု (အကုသလကာယ ကမ္မ) ဟူသည်ကား သူ့အသက်ကို သတ်ခြင်း၊ သူမပေးသော ဥစ္စာကို ခိုးယူခြင်း၊ ပညတ်ထားသော မေထုန်မှဉ် ပျက်မှေခြင်းတို့ပင်တည်း။

မကောင်းသော အသက်မွေးမှုဟူသည်ကား သူတပါးအား ထိခိုက်စေသော လုပ်ငန်းများပင်တည်း။ ဥပမာ၊ လက်နက် ခဲယမ်းမီးကျောက်၊ ကျေးကျွန်၊ အရက်သေစာ၊ အဆိပ်စသည်များကို ရောင်းဝယ်ခြင်း၊ သတ်ဖြတ် ညှဉ်းဆဲခြင်းနှင့် ပတ်သက်သော အသက်မွေးခြင်း၊ လိမ်လည်ခြင်းနှင့် နက္ခတ်ဗေဒင်ဖြင့် လှည့်ဖျားခြင်းစသည်။

ဤမကောင်းသော ပြောမှုနှင့် အသက်မွေးမှုတို့၏ ဆန့်ကျင်ဘက် တဘက်ထိပ်တွင်ကား ကောင်းသော ပြောမှု (သမ္မာဝါစာ)၊ ကောင်းသော ပြုမှု (သမ္မာကမ္မန္တ) နှင့် ကောင်းသော အသက်မွေးမှု (သမ္မာအာဇီဝ) တို့ ရှိကြလေသည်။ ဤသုံးခုသည် မြတ်သော အင်္ဂါရှစ်ပါး ရှိသောလမ်းစဉ် (မဂ္ဂင်ရှစ်ပါး)၌ အကျင့်သီလကိုယ်စားပြုသော လေ့ကျင့်သုံးထစ် ဖြစ်ကြသေသည်။

မင်္ဂလာပါနဲ့ မူးယစ်မှေ့လျော့စေသော သေရည်အရက်။ ၎င်းတို့သည် ကြောက်မက်ဖွယ်ကောင်းသော အကျိုးတရားများသို့ ရှေးရှုကြ၏။

မင်္ဂပါနဲ့ သံယဓမာ သေရည် အရက်များကို ရှောင်ကြဉ်ခြင်း။ ဤမင်္ဂလာတရားတော်အရ ထင်ရှားသည့် အချက်မှာ သေရည်သေရက်များကို ယဉ်ယီသဘောမှ ရှောင်ကြဉ်ရန် မဟုတ်ဘဲ ထာဝရရှောင်ကြဉ်ရန် ဖြစ်လေသည်။

အပ္ပမာဒါဓမ္မသု ဤစာပိုဒ်တွင် အပ္ပမာဒါ (လုံးလရှိခြင်း၊ ဇွဲကောင်းခြင်း၊ တသမတ်တည်း အားထုတ်ခြင်း၊ မမေ့မလျော့ခြင်း)ကို အထူးပြုထား၏။ အပ္ပမာဒါကို ဓမ္မေသု (ဗုဒ္ဓဘုရားရှင်၏ ဓမ္မတရားတော်နှင့် ညီညွတ်သည့်အမှုများ)နှင့် တွဲ၍ သုံးလိုက်သောအခါ အောက်ပါအတိုင်း ထူးခြားချက် နှစ်မျိုးပေါ်လာ၏။ ၎င်းတို့ကား-

(၁) ရရှိထူထောင်ပြီးသော ကောင်းမှုများကို ဆုတ်ယုတ်မသွားအောင် ထိန်းသိမ်းရန် ကြိုးပမ်းခြင်းနှင့်

(၂) နောက်ထပ်ကောင်းမှု အသစ်များ တိုးတက်ရရှိပြီး စုဆောင်းမိရန် ကြိုးပမ်းခြင်း။

အချုပ်အားဖြင့်ကား ဤမင်္ဂလာတရားတော်က လူတိုင်း လူတိုင်းအား-

(၁) မကောင်းမှုကို ပြုခြင်းမှ ရပ်စဲကြရန်နှင့်

(၂) ကောင်းမှုကို ပြုကြရန် တိုက်တွန်းလိုရင်း ဖြစ်ပေသည်။

လူတို့သည် ကောင်းသောဘဝ ထူထောင်ရာတွင် ရပ်တန့်တွေဝေမနေဘဲ ဆက်လက်ချီတက်ကြရန် မင်္ဂလာတရားတော်က သတိပေးထား၏။ အဘယ်ကြောင့်ဟူမူ ထိုသို့ ရွေ့မတက်ကြပါက နောက်ဆုတ်မည့် အန္တရာယ်ရှိနေသောကြောင့် ပေတည်း။

အဝိဒ် ဂ

ဂါရဝေါ ရိုသေခြင်း၊ ဗုဒ္ဓ၊ဓမ္မ၊ သံဃ၊ မိဘ၊ ဆရာ၊ ပညာရှိသူတော်ကောင်း၊ သက်ကြီးရွယ်အိုတို့အား ရိုသေလေးစားခြင်းကို ဆိုလို၏။

ထို့ပြင် အယုတ်အမြတ်မရွေး၊ အကြီးအငယ်မရွေး၊ အနိမ့်အမြင့်မရွေး၊ လူအားလုံးအား လေးစားရန်လည်း ရည်ညွှန်းသည်ဟု ဆိုနိုင်ပါ၏။ ဤသို့အားဖြင့် ဤမင်္ဂလာတရားတော်ကို ပွားများကျင့်ကြံသူ၏ စိတ်တွင် မုန်းတီးခြင်းဟူသော ဝေါဟာရ မရှိနိုင်တော့ပေ။ မိမိကိုယ်ကို ဗဟိုချက်တွင်ထားပြီး လေးစားမှုရောင်ခြည်များကို အရပ်ရှစ်မျက်နှာသို့ ပြန့်နှံ့နေစေရမည် ဖြစ်လေသည်။

နိဝါတော နှိမ့်ချခြင်း။ ၎င်းသည် မိမိကိုယ်ကို အလွန်အထင်ကြီးခြင်းနှင့် မိမိကိုယ်ကို အလွန်အထင်သေးခြင်းတို့၏ အကြားရှိ အလယ်လမ်းဖြစ်လေသည်။ ဤမင်္ဂလာတရားတော်အရ မိမိကိုယ်ကို ပို၍ နှုန်းသင့်ခြင်းနှင့် လျော့၍ စျေးဖြတ်ခြင်းတို့ကိုပယ်ပြီး မျှမျှတတပြုမူ ကျင့်ကြံကြရန် ဖြစ်လေသည်။

သန္တုဋ္ဌိ ရောင့်ရဲခြင်း။ ဤအဓိပ္ပာယ်မှာ ကြုံလာကျလာသော အခြေအနေများကို နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့် ဖြစ်စေ ညည်းညူခြင်း ယောကျ်ယက်ခတ်ခြင်း မဖြစ်ဘဲ တည်ငြိမ်စွာခံယူခြင်း ဖြစ်၏။

ကတည်းတာ ကျေးဇူးသိတတ်ခြင်း။ လူ့ဘဝ၏ ဖွဲ့စည်းထားပုံအရ လူတိုင်းသည် လူပေါင်းများစွာနှင့် နေရာပေါင်းများစွာမှ ကျေးဇူးပြုမှုများကို ခံယူရ၏။ ဤအချက်ကပင် ကျေးဇူးတုန့်ပြန်ရန် လိုအပ်ကြောင်း ဖော်ပြနေ၏။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ကြီးပြင်းအောင် မွေးမြူခဲ့ကြသော မိဘများ၊ ကျွန်ုပ်တို့အား အသိဉာဏ်ပညာပေးခဲ့ကြသော ဆရာသမားများနှင့် လမ်းညွှန်ပုဂ္ဂိုလ်များ၊ ကျွန်ုပ်တို့အား စောင့်ရှောက်ကြသော မိတ်ဆွေများ၊ ကျွန်ုပ်တို့အား ကူညီကြသော တိုရစ္ဆာန်များ၊ ကျွန်ုပ်တို့အား တက်လမ်းပေးသော အခြေအနေများ၊ ကျွန်ုပ်တို့အား အားတက်စေသော အချက်များ၊ နောက်ဆုံးပြောရလျှင် ကျွန်ုပ်တို့အား အေးရိပ်သာဖြင့် ပြုစုကြသော သစ်ပင်များကိုပင် ကျေးဇူးတင်ရှိစရာ ဖြစ်၏။ စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် စကြဝဠာနှင့် ချီ၍ပင် ကျေးဇူးတင်ရန် ဖြစ်လေသည်။

ကာလေနဓမ္မဿဝနံ ဓမ္မတရားကို အချိန်ကောင်းတွင် နာယူခြင်း။ ဆိုလိုချက်ကား ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို သင့်တင့်လျောက်ပတ်သော အချိန်တွင် နာယူရန် ဖြစ်၏။ တရားနာချိန်သည် လျောက်ပတ်ရမည် ဖြစ်၏။

တရားတော်၏ သဘောကို ခံယူနိုင်ပြီး စိတ်ဓာတ်ကလည်း အသစ်အဆန်းများကို ကြားချင် သိချင်နေသော ငယ်စဉ်အခါတွင် ဓမ္မဿဝနံ (တရားနာခြင်း)ကို စတင်၍ ပြုသင့်၏။ ငယ်ရွယ်သူအတွက် တရားကို လက်တွေ့ကျင့်ကြံရန်လည်း အချိန်လုံလောက်စွာရှိပေသည်။

မြတ်စွာဘုရား၏ တရားတော်ကို ကိုယ်ရောစိတ်ပါ ကြည်လင်နေသော အချိန်တွင် နာယူပါကပို၍ အကျိုးရှိမည်မှာ ထင်ရှားပေသည်။ မောဟိုက်ပင်ပန်းပြီး အိပ်ချင်မူးတူး ဖြစ်နေသော အချိန်သည် တရားနာရန် အချိန်ကောင်းမဟုတ်ချေ။

(တခါတရံ အနာရောဂါခံစားနေရချိန်တွင်ကား တရားနာရန် သင့်၏။)

တရားနာရန် လျောက်ပတ်သော အချိန်များအနက် အချို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

(၁) နေ့ထူး နေ့မြတ်များ။

(၂) အနာရောဂါခံစားနေရသဖြင့် ဒုက္ခ၏ သဘောကို သိမြင်နေသောအချိန်။ ဒုက္ခမှ လွတ်ကြောင်းကို ရှာလိုစိတ် ပြင်းပြနေသောအချိန်။

(၃) စိတ်ထည်းတွင် တရားနာလိုစိတ် အထူးဖြစ်ပေါ်နေချိန်။

(၄) မကောင်းသော အကြံအစည်များက စိတ်ဓာတ်ကို ချောက်ချားအောင် တိုက်ခိုက်နေချိန်။

(၅) သေခါနီးဆဲဆဲအချိန် (ထိုအချိန်မျိုးတွင် စိတ်ကို လျောက်ပတ်သော အာရုံ၌ ညွတ်စေနိုင်ပါက နောက်ဘဝတွင် ကောင်းရာသို့ ရောက်ခြင်း၊ သို့မဟုတ် ဒုက္ခမှ လုံးဝ လွတ်မြောက်ခြင်းတို့ကို ဖြစ်စေနိုင်၏။)

တရားနာရန် အချိန်နာရီနှင့် ပတ်သက်၍ကား တိတိကျကျ စည်းမျဉ်းချ၍ မရချေ။ တယောက်နှင့် သင့်လျော်သော အချိန်သည် အခြားတယောက်နှင့် သင့်ကောင်းမှ သင့်ပေမည်။ မည်သို့

ဖြစ်စေ အောက်ပါ အချက်များကိုကား စဉ်းစား ချင့်ချိန်ရန် သင့်ပေ၏။

(၁) တရားနာသော အချိန်တွင် ကိုယ်သို့မဟုတ် စိတ်တွင် အထူးပင်ပန်းနေခြင်း မရှိစေရ။ ထိုသို့ရှိနေလျှင် အာရုံဖူးစိုက်မှု ရှိနိုင်မည်မဟုတ်ဘဲ ငိုက်မျည်းစေတတ်၏။

(၂) တရားနာချိန်တွင် ကိုယ်ရေးကိုယ်တာ လုပ်ငန်းဆောင်တာ သို့မဟုတ် အိမ်တွင်းရေးနှင့် ပတ်သက်သော သောကများ မရှိစေရ။

(၃) စိတ်ဓာတ်အခြေအနေသည် တရားနာလိုသော အခြေအနေမျိုး ဖြစ်ရမည်။

(၄) တရားနာချိန်သည် အရက်သေရည်များ သောက်စား ထားချိန် မဖြစ်စေရ။

အဝိဒ္ဒ ၉

ခန္ဓိ အရေးကြီးသော ပါရမီတပါး ဖြစ်သည်။ စင်စစ် အမြင့်ဆုံးသော ပါရမီပင် ဖြစ်သည်။ (ခန္ဓိပရမံတပေါဆိုသော စကားကိုထောက်။)

ဂုဏ်ကို သည်းခံခြင်းဟု ပြန်ဆိုကြရာ ဂုဏ်တွင် စိတ်ရှည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သီးခံခြင်းနှင့် တည်ငြိမ်ခြင်းစသော ဂုဏ်အရည်အချင်းများ ပါဝင်နေ၏။ ဂုဏ်ကို လေ့လာ ကျင့်ကြံနေသူသည် ပတ်ဝန်းကျင် အပြောင်းအလဲများကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ပြီး အခြေအနေအမျိုးမျိုးတို့ကိုလည်း မလှုပ်မရှားဘဲ လက်ခံနိုင်သော အရည်အသွေးရှိပေ၏။ ဤသို့အားဖြင့် အားရုံ၏ တံခါးပေါက်များမှ ဝင်လာသော လှိုင်းလုံးများသည် ထိုသူ၏ စိတ်ချိန်ခွင်ညှာကို စောင်းငဲ့အောင် မတတ်နိုင်ကြချေ။ ပတ်ဝန်းကျင်တွင် ကမောက်ကမနိုင်သော အခြေအနေများ ပေါ်ပေါက်နေသည့် တိုင်အောင် စိတ်၏ ငြိမ်းချမ်းမှုရရှိပြီးသော ထိုသူအတွက် တည်ငြိမ်စွာပင် ဆက်၍ လျှောက်နိုင်ပေသည်။ (ခန္ဓိပါရမီကြောင့် ရအပ်သော) စိတ်သည် မှတ်သားဘွယ် ကောင်းအောင်ပင် သန့်ရှင်း တည်ငြိမ်နေ၏။

ညစ်ကျယ်သော ရေအိုး သို့မဟုတ် ဆူပွက်ခတ်သော ရေအိုး သို့မဟုတ် အရောင်ဆိုးထားသော ရေအိုးပမာ ဖြစ်သော လူသားမန်တို့၏ စိတ်ဓာတ်မျိုးကဲ့သို့မဟုတ်ဘဲ ခန္ဓိအကျင့်ကို လေ့ကျင့်သူ၏

စိတ်ခေတ်သည် ပကတိကြည်လင်သန့်စင်သော ရေပြင်ကဲ့သို့သော ဖြစ်လေသည်။

ခန္ဓီသည်ပါရမီတို့တွင် တပါးအပါအဝင်ဖြစ်၏။ မေတ္တာ၏ အခြေခံလည်းဖြစ်၏။ ခန္ဓီဗလနှင့် ခန္ဓီမေတ္တာဆိုသော စကား-နှစ်လုံးသည် ၎င်း၏ အဓိပ္ပာယ်ကို ပို၍ ရှင်းလင်းစေ၏။ ခန္ဓီဗလဆိုသည်မှာ 'သီးခံခြင်း၏ အစုမ်းသတ္တိ' သို့မဟုတ် 'စိတ်ရှည်သီးခံခြင်းသည် အင်အား'ဟု ဆိုလိုပြီး ခန္ဓီမေတ္တာဆိုသည်မှာ 'ချစ်ခြင်းမေတ္တာဖြင့် ပြည့်လျှမ်းသော သီးခံမှု'ဟု ဆိုလိုပေသည်။

သောဝစသတာ ဋီကာများတွင် ၎င်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်မှာ 'ပြောဆိုဆုံးမ၍၊ အကြံပေး၍ လွယ်ကူသော ပုဂ္ဂိုလ်'ဟု ဖြစ်၏။ ဤစကားအရ မိမိကိုယ်ကိုမိမိ ဝေဖန်ပိုင်းခြားတတ်ခြင်းနှင့် သူတပါးပေးသော အကြံဉာဏ်များကို ကျေးဇူးတင်စွာ ခံယူတတ်ခြင်း စသော ဂုဏ်အရည်အချင်းများကိုလည်း ရည်ညွှန်းပေသည်။

သောဝစသတာဆိုသော စကားရပ်ဖြင့် အောက်ပါ အချက်တို့ကိုလည်း ယူဆသင့်၏။

(က) မိမိကို ဝေဖန်ရှုတ်ချသောစကားပင် ဖြစ်စေ ကောင်းမွန်သော အကြံဉာဏ်များကို ခံယူလိုခြင်း။

(ခ) ကောင်းသော အကြံဉာဏ်များကို ကျေးဇူးတင်စွာ ခံယူသိမ်းပိုက်ခြင်း။

(ဂ) ကျေးဇူးတင်ရှိကြောင်းကို နှိမ့်ချ၍သာသော စကားဖြင့် ဝန်ခံပြောဆိုခြင်း။

(ဃ) ပေးသော အကြံဉာဏ်သည် လက်တွေ့ ဖြစ်နိုင်ပါက ထိုအတိုင်း လိုက်နာကျင့်ကြံခြင်း။

(c) မိမိကိုယ်ကိုကောင်းရာဘက်တွင် ပြုပြင်ပြောင်းလဲခြင်း။

ဤသို့အားဖြင့် သောဝစသတၱာဆိုသော စကားရပ်သည် အကြံပေးမှုနှင့် အမှားပြင်ပေးမှုတို့ကို စိတ်အားထက်သန်စွာ ခံယူတတ်သူကို ဆို၏။ ထိုသို့သောပုဂ္ဂိုလ်သည် ပြုသင့်သည်ကို တကြိမ်ပြောရုံဖြင့်ပင် ပြုတတ်၏။ သူသည် တံပြာကြိမ်လုံးဖြင့် နာကျင်စွာရိုက်နှက်ရသော မြင်းမိုက်ကဲ့သို့မဟုတ်ဘဲ တံပြာတို့ရုံမျှ တို့ရသော မြင်းလိမ္မာပမာသာ ဖြစ်လေသည်။

သမဏ ရသေ့၊ တောထွက်ပုဂ္ဂိုလ်၊ ရဟန်း၊ သူမြတ်။

ပုဒ္ဓအား သူ၏ နောက်လိုက်မဟုတ်သူများက တခါတရံ သမဏဟု ခေါ်ဆိုကြ၏။

သမဏီ (ရဟန်းမိန်းမ)နှင့် သာမဏေရ (ရဟန်းငယ်၊ကိုရင်) တို့သည် ထိုစကားမှ ဆင်းသက်လာကြခြင်း ဖြစ်၏။

ဒဿနံ မြင်ခြင်း။

ရိုးရိုးစကားတွင် ၎င်း၏အဓိပ္ပာယ်မှာ သာမန်မျက်စေ့ဖြင့် မြင်ရခြင်းဖြစ်၏။ဥပမာ၊သိပ္ပဒဿန(လက်မှုပညာပြပွဲ)။သို့ရာတွင် သူတော်သူမြတ်၊ ဓာတ်တော်မွေတော်၊ အထက်တန်းကျသော ပုဂ္ဂိုလ်စသည်တို့အား ဖူးမြင်ရင်းတွင် သုံးသောအခါ သာမန်မြင်ခြင်းအပြင် အခြားလေးနက်သော အဓိပ္ပာယ်လည်း ရှိနေ၏။ ထိုသို့ ဖူးမြင်ရခြင်းသည် ရိုသေကိုင်းရှိုင်းသော စိတ်ဓာတ်၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ဖြစ်ရလေသည်။

ပို၍လေးနက်သော အဓိပ္ပာယ်အရကား 'ဒဿနံ'ဟူသည် မျက်စေ့ဖြင့် မြင်ခြင်းဖြစ်၏၊ ဥပမာ၊ ဉာဏဒဿန (ဉာဏ်ဖြင့် ထိုးထွင်း၍ မြင်ခြင်း)၊ ဓမ္မဒဿန (တရားတော်ကို မှန်စွာ

သိမြင်ခြင်း) စသည်။ ထိုထက်ပို၍ လေးနက်သော အဓိပ္ပာယ် အရကား ဒဿနံဟူသည် ပညာဖြင့်သိခြင်း ဖြစ်၏။ ဥပမာ၊ အရိယာသစ္စာနဒဿန (မြတ်သောသစ္စာတရားကို ပညာဖြင့် သိခြင်း)

သမဏာနုဒ္ဒဿနံ သူတော်သူမြတ်များအား တွေ့ဆုံခြင်း၊ ဖူးမြင်ခြင်း။ ဤတွင် သာမန်အားဖြင့် တွေ့ဆုံခြင်းကို ဆိုလိုသည် မဟုတ်။ ထိုသို့ တွေ့ဆုံရန်အတွက် ကိုယ်စိတ်အမူအရာညီညွတ်မှုကို ပြဆို၏။ ဥပမာ

(က) သူတော်သူမြတ်များ (အထူးသဖြင့်) ဗုဒ္ဓမြတ်စွာ၏ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံနေကြဘော တောထွက် ပုဂ္ဂိုလ်များအား တွေ့ဆုံဖူးမြင်လိုသော စိတ်ဆန္ဒပြင်းပြခြင်း၊

(ခ) ထိုသို့ ဖူးမြင်ရရန်အတွက် ကြိုးစားအားထုတ်ခြင်း။ ဥပမာ ၎င်းတို့၏ ကျောင်းသခ်ိန်းသို့ သွားရောက်ခြင်း၊ သို့မဟုတ် ၎င်းတို့အား မိမိ၏နေအိမ်သို့ ပင့်ဆောင်ခြင်း။

(ဂ) ၎င်းတို့ထံမှ နှစ်လိုအားကျဘွယ်ရာများကို ! ရယူခြင်း။ သူတော်သူမြတ်များထက် ပိုမို၍ ကောင်းမွန်သောအဖော် အပေါင်းဟူ၍ မရှိချေ။ သူတော်သူမြတ်တို့ရှိနေသော အရပ်တွင် ဖြူစင်သောအခြေအနေနှင့် အပြုသဘောဖြစ်သော အားကျဖွယ် များ ဖြစ်ပေါ်၍ နေလေသည်။ ဤသို့ သူတော်သူမြတ်များနှင့် တွေ့ဆုံရခြင်းသည် မကောင်းသောနေထိုင်မှု (ပါပ) များအား တွန်းလှန်ဖြိုဖျက်ရန် အကောင်းဆုံးလှုံ့ဆော်နက်တပါး ဖြစ်လေ သည်။

ကာလေနဓမ္မသာကစ္ဆာ ဓမ္မတရားတော်ကို သင့်လျော် လျောက်ပတ်သောအချိန်၌ လေ့လာခြင်း၊ ဆွေးနွေးခြင်း။

ဓမ္မတရားသည် နက်နဲသောအရာ ဖြစ်လေရာ ၎င်းကိုကောင်း စွာ သဘောပေါက်ပြီး လက်တွေ့အသုံးပြုနိုင်ရန်အတွက် လိုလို ချင်ချင်ကြိုးစား အားထုတ်မှု လိုအပ်လေသည်။ ထိုသို့အားထုတ် ရာတွင်

(က) ဓမ္မတရားကို သဘောတရားတွင်ရော လက်တွေ့တွင်ပါ လေ့လာကျင့်ကြံနေသော ပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း။

(ခ) မိမိကိုယ်တိုင်လည်း လေ့လာ ဆွေးနွေးဘူးသော အချက်များအား ဝေဖန်စဉ်းစားခြင်းကို ပြုသင့်လှ၏။

ဓမ္မတရားကို ဆွေးနွေးမှုနှင့် စဉ်းစား ဝဖန်မှုတို့ကို လျော်ကပ်တော်သော အချိန်တွင် ပြုသင့်ကြ၏။ အသိဉာဏ်ပညာ ကျယ်၍ အခွင့်အကြုံများသော ပုဂ္ဂိုလ်များနှင့် ဆွေးနွေး နှီးနှောရန် အခါအခွင့် ကောင်းများကို မည်သည့်အခါမျှ လက်မလွှတ်သင့်ပေ။ မိမိ၏ကိုယ်ကျိုးကို အထိခိုက်ခံ၍ပင် ပြုသင့် ၏။ သို့ရာတွင် ဆွေးနွေးသောအချိန်၊ နေရာနှင့် အကြောင်းအရာ တို့သည် ဆွေးနွေးဖက်ပုဂ္ဂိုလ်အတွက် အဆင်မပြေ မဖြစ်စေရန် လည်း အထူးသတိပြုသင့်လှပေသည်။

အဖိုဒ် ၁၀

တပေါ် ၎င်း၏ အဓိပ္ပာယ်ရင်းမှာ အပူဓာတ်ဟု ဖြစ်၏။

ရှေးက မူ တပေါ်ဆိုသော စကားဖြင့် မိမိကိုယ်ကို ညှဉ်းပန်းသည့် တရားကျင့်နည်းများကို ရှုတ်ချခဲ့သော်လည်း ဤစကား အဓိပ္ပာယ်ကို စိတ်ပိုင်းဆိုင်ရာ (မိမိကိုယ်ကို ထိန်းချုပ်ခြင်း) တွင် အသုံးပြုခြင်းဖြင့် ဆန်းသစ်စေခဲ့၏။ မိမိကိုယ်ကို ထိန်းသိမ်းမှုသည် ဗုဒ္ဓဘာသာတွင် အမြင့်ဆုံးပါရမီဖြစ်၏။ (ပရမံတပေါ်)။ တပေါ် ဒါနဆိုသော စကားရပ်သည်လည်း မိမိကိုယ်ကို ထိန်းထိမ်းမှု၏ တန်ဘိုးကို ပေါ်လွင်စေသည်။

ဗြဟ္မစရိယာ ဝေါဟာရဇစ်မြစ်အတိုင်း ပြောရလျှင် ဗြဟ္မစရိယာဆိုသည်ခြာ 'ဗြဟ္မာနှင့်အတူ လျှောက်ခြင်း' သို့မဟုတ် 'ဗြဟ္မာနှင့်အဘူ ခရီးသွားခြင်း' ဟူ၏။ ဗုဒ္ဓဘာသာ၏ အဓိပ္ပာယ်ကား စင်ကြယ်မှုကို အထူးပြုသော မြင့်မြတ်သော နေထိုင်မှု ဖြစ်၏။ မြတ်သော ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သည့် မေတ္တာ (သတ္တဝါအားလုံးအား ချစ်ခင်ခြင်း)၊ ကရုဏာ (သနားခြင်း)၊ မုဒိတာ (သူအကျိုးလို၍ ဝမ်းမြောက်ခြင်း) နှင့် ဥပေက္ခာ (တည်ငြိမ်ခြင်း)တို့ကိုလည်း ဗြဟ္မစရိယာနှင့်အတူ ထည့်သွင်းနိုင်ပါ၏။

ဗြဟ္မစရိယာတွင် ဓမ္မစရိယာပါ အချက်များ ပါဝင်သော်လည်း ၎င်း၏ဝိသေသလက္ခဏာမှာ လုံးဝ အကျင့်ဖြူစင်မှုဖြစ်၏။

ဓမ္မတရားကို လေ့လာကျင့်ကြံသူသည် မိမိကိုယ်ကို ထိန်းချုပ်နိုင်သောသတ္တိ ရရှိလာ၏။ မိမိကိုယ်ကို ထိန်းချုပ်ခြင်း၏ အမြင့်ဆုံးလျှောကားထစ်ကား မေထုန်မှုတွင် ချုပ်တီးခြင်းဖြစ်၏။ ထိုသို့ ချုပ်တီးထားသော စိတ်သည် လူအား မြင့်မားသော တိုးတက်မှုနှင့် လုပ်ငန်းများသို့ ခေါ်ဆောင်သွားနိုင်လေသည်။

ကာမတဏှာကို ဘဝ၏ ဒုက္ခများ၏ အကြောင်းရင်းဟု ကင်ပွန်းဘပ်ကြ၏။ ရာဂတဏှာသည် ကာမတဏှာ၏ အချုပ်သဘောဖြစ်ပေရာ ဗုဒ္ဓဘာသာက ၎င်းအား သီလဖြင့်အရှိန်သတ်ပေးထား၏။လူများအဖို့ မေထုန်မှုကို တရားဝင် အစိတ်အပိုင်းတွင်သာ မှီဝဲရန် သတ်မှတ်ထားပြီး ရဟန်းတော်များမှာကား ၎င်းကို လုံးဝ ရှောင်ကြဉ်ရလေသည်။

(မေထုန်မှုမှ) စင်ကြယ်ခြင်းသည် ဗြဟ္မစရိယာ၏ အဓိက အနှစ်အသား ဖြစ်၏။ ရဟန်းတော်များသည် ၎င်းကို ခြင်းချက်မရှိ လေ့ကျင့်ရ၏။ လူများလည်း ၎င်းကို ဆန္ဒရှိပါက လေ့ကျင့်နိုင်ပါ၏။လူဝတ်ကြောင်ဘဝသည် လုံးဝ စင်ကြယ်မှုရရန်အတွက် များစွာ အထောက်အပံ့မပြုသော်လည်း လုံးဝ အနှောင့်အယှက်လည်း မဟုတ်ပေ။ စင်စစ်သော်ကား များစွာသော ဗုဒ္ဓဘာသာဝင်တို့သည် မြင့်မြတ်သောနေ့များတွင် ၎င်းအကျင့်ကို ကျင့်ကြံလေ့ရှိကြ၏။ မိမိကိုယ်ကို ထိန်းသိမ်းမှုနှင့် ဆုံးဖြတ်ချက် ပို၍ခိုင်မာသော ပုဂ္ဂိုလ်များမှာကား အခြား လူလုပ်ငန်းများကို ဆောင်ရွက်လျက်ပင် ဤအကျင့်ကို ကျင့်ကြံလေ့ရှိကြ၏။ ဤသို့ ကျင့်ကြံခြင်းသည် ၎င်းတို့အား များစွာ အကျိုးရှိစေပေသည်။

အရိယာသစ္စာနှင့် မြင့်မြတ်သော အမှန်တရား သို့မဟုတ် မြတ်သော သစ္စာလေးပါး။၎င်းသည် ဗုဒ္ဓ ဓမ္မ၏ ပင်မ ကျောက်

တိုင်ကြီးဖြစ်၏။ အခြားပုဒ္ဓ ကျမ်းစာများသည် စင်စစ်အားဖြင့် ၎င်းကို ခွဲထွင်ပြဆိုခြင်းသာ ဖြစ်လေသည်။

မြတ်သော သစ္စာလေးပါးသည် ဘဝ၏အချင်းအရာကို အတိုဆုံး၊ အကျဉ်းဆုံး ပြဆိုချက်ဖြစ်၏။ ၎င်သစ္စာများသည် ပုဒ္ဓ၏ အရေးပါ၍ ကြီးကျယ်သော တွေ့ရှိချက် ဖြစ်၏။ ၎င်းတို့ကို ပုဒ္ဓသည် ပဌမဆုံးသော သုတ္တမ္ပာပင် ထုတ်ဖော် ကျေညာတော်မူခဲ့လေသည်။ ၎င်းသစ္စာများကား

(၁) ဘဝမှန်သမျှသည် ခံစားမှုသာဖြစ်သည်ဆိုသော အချက် (ခံစားမှုကိုပြဆိုသော အမှန်တရား=ဒုက္ခသစ္စာ)

(၂) တပ်မက်မှု (တဏှာ) သည် ခံစားမှု၏ အကြောင်းရင်းဖြစ်သည်ဆိုသော အချက် (ခံစားမှု၏ အကြောင်းရင်းကို ပြဆိုသော အမှန်တရား=ဒုက္ခသမုဒယသစ္စာ)

(၃) ခံစားမှု၏ အကြောင်းတရားကို ဖယ်ရှားလိုက်ခြင်းဖြင့် အကျိုးတရားကို ချုပ်ငြိမ်းစေနိုင်သည်ဆိုသော အချက် (ခံစားမှု ချုပ်ငြိမ်းရာကို ပြဆိုသော အမှန်တရား=ဒုက္ခနိရောဓသစ္စာ)

(၄) ခံစားမှု ချုပ်ငြိမ်းစေရန်အတွက် လမ်းစဉ်ကိုလိုက်နာ ကျင့်ကြံမည်ဆိုသော အချက် (အင်္ဂါရှစ်ပါး ရှိသော မြတ်သောလမ်းစဉ်ကို ပြဆိုခသော အမှန်တရား=မဂ္ဂသစ္စာ)

မြတ်သောလမ်းစဉ်၏ အင်္ဂါရှစ်ပါးကား

(၁) သမ္မာဒိဋ္ဌိ=မှန်သောအမြင်၊

(၂) သမ္မာသင်္ကပ္ပ=မှန်သောအကြံ၊

(၃) သမ္မာဝါစာ=မှန်သောစကား၊

(၄) သမ္မာကမ္မန္တ=မှန်သောအလုပ်၊

(၅) သမ္မာအာဇီဝ=မှန်သောအသက်မွေးမှု၊
(၆) သမ္မာဝါယာမ=မှန်သောအားထုတ်မှု၊
(၇) သမ္မာသတိ=မှန်သောအောက်မေ့မှု၊
(၈) သမ္မာသမာဓိ=မှန်သောတည်ငြိမ်မှုတို့ ဖြစ်ကြသည်။

အစဉ်အလာအားဖြင့် ဤအင်္ဂါရုစ်ပါးကို အောက်ပါအတိုင်း အစုသုံးစုခွဲခြားကြ၏။

(က) သီလ (ကိုယ်ကျင့်တရား) ၃၊ ၄ နှင့် ၅။
(ခ) သမာဓိ(စိတ်တည်ငြိမ်မှု) ၆၊ ၇ နှင့် ၈။
(ဂ) ပညာ (အသိဉာဏ်ထွန်းပေါက်မှု) ၁ နှင့် ၂။

ဤအမှန်တရားများကို သိမြင်ခြင်းသည် သင်ယူမှုကြောင့် သော်၎င်း၊ မိမိကိုယ်တိုင် ထိုးတွင်းမှုကြောင့်သော်၎င်း ရရှိနိုင်၏။ ပဌမအမျိုးအစားမှာ သူတပါးပြောဆိုသည်ကို ကြားသိရခြင်း၊ မိမိကိုယ်တိုင် လေ့လာကြံဆခြင်းတို့ကြောင့် ရသောအသိဉာဏ် ဖြစ်ပြီး တကယ့်သိမြင်မှု၏ အထောက်အပံ့သာ ဖြစ်၏။ ထိုအသိဉာဏ်မျိုးရရုံနှင့် တကယ့်သိမြင်မှုရရှိသည် မဟုတ်ချေ။

မိမိကိုယ်တိုင် တိုက်ရိုက်သိမြင်မှုသည်သာ တကယ့်အသိဉာဏ် ဖြစ်၏။ ၎င်းသည် သစ္စာတရားဖြင့် ထိုးထွင်း သိမြင်သောဉာဏ် (ပဋိဝေဒဉာဏ)ဖြစ်၏။ ပဌမ အသိဉာဏ်မျိုးကို လောကီဉာဏ်ဟု ခေါ်ပြီး ဒုတိယ အသိဉာဏ်မျိုးကို လောကုတ္တရာဉာဏ်ဟု ခေါ်လေသည်။

လောကီဉာဏ်ဖြင့် မြင်သော အဆင့်တွင် မြတ်သော သစ္စာလေးပါးသည် တသီးတခြားစီဟု ထင်ရ၏။ မည်သို့ဖြစ်စေ ထိုသို့သိမြင်လျှင်ပင် အချို့သော'အယူလွဲများ ကွယ်ပျောက်နိုင်၏။

လောကုတ္တရာဉာဏ်အမြင်ရသော အခြေတွင်ကား သစ္စာလေးပါး ကို တပြိုင်နက်တည်း သိမြင်လေတော့သည်။ မည်သူမဆို ခံစားမှု (ဒုက္ခ)ကို သိမြင်သည်နှင့် တပြိုင်နက် ၎င်း၏ အကြောင်းရင်း၊ ၎င်း၏ ချုပ်ငြိမ်းရာနှင့်၎င်းအား ချုပ်ငြိမ်းစေသော လမ်းစဉ် များကို သိမြင်လေတော့သည်။

အရိယသစ္စာနဒဿနံ မြတ်သော သစ္စာလေးပါးကို သိမြင် ခြင်း။ ၎င်းမှာ သင်ယူမှုကြောင့်သော်၎င်း၊ မိမိကိုယ်တိုင် တိုက်ရိုက် ထိုးထွင်းမှုကြောင့်သော်၎င်း၊ ရရှိနိုင်၏။ ပဌမ သိမှုမျိုးကြောင့် ဒုတိယ သိမှုမျိုးလည်း ဖြစ်ပေါ်နိုင်၏။

ဤစကားရပ်အရ အခြင်းအရာများ (အထူးသဖြင့် ဘဝ)နှင့် ပတ်သက်သော မြတ်သော သစ္စာလေးပါးကို သိမြင်ခြင်းကို ဆိုလို၏၊ ထိုသိမြင်မှုကြောင့် (၁) ခံစားမှု (ဒုက္ခ)၊ (၂) ၎င်း၏ အကြောင်းရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟနှင့် ပတ်သက် သော တပ်မက်မှု၊ (၃) တပ်မက်မှုများကို နှိမ်နင်းသဖြင့် ၎င်း၏ ချုပ်ငြိမ်မှုနှင့် (၄) တပ်မက်မှုများအား နှိမ်နင်းရန်နည်းလမ်း တို့ကို တကယ်သိမြင်နားလည်မှု ရရှိလာလေသည်။

ဤသစ္စာတရားများကို တိုက်ရိုက်သိမြင်သည်နှင့် အပြိုင်နက် ဘဝ၏ အမြင့်ဆုံးသော နိဗ္ဗာန်သို့ ရောက်ရှိလေတော့သည်။

နိဗ္ဗာန ၎င်းသည် အဆုံးစွန်သောပန်းတိုင် ဖြစ်သည်။ ဘဝ၏ အမြင့်မားဆုံး အဆင့်လည်း ဖြစ်သည်။ ၎င်းသည် တပ်မက်မှုမှ လွတ်လပ်သော၊ လောဘ၊ ဒေါသ၊ မောဟတို့မှ ထွက်မြောက် ခြင်း အခြေအနေ ဖြစ်၏။ ဘဝ၏ ဗရုတ်သုတ်ခများမှ လုံးဝ ကင်းဝေးရာလည်း ဖြစ်၏။ အမြင့်မားဆုံး ပညာလည်း ဖြစ်၏။ ပင်ကိုယ်အားဖြင့် ထွန်းဘောက်နေသော ချမ်းသာသုခလည်း

ဖြစ်၏။ ဖြစ်ပျက်ပြောင်းလဲမှု ပိုက်ကွန်၏ ဟိုမှာဘက်ကမ်းလည်း ဖြစ်၏။ အချုပ်အားဖြင့်ကား 'မှန်ကန်ပြည့်စုံခြင်း' ကိုယ်တိုင်ပင် ဖြစ်လေသည်။

ဘဝတွင် လူသည် တပ်မက်မှုရောဂါများ၏ ဖိစီးမှုကို ခံရ၏။ နိဗ္ဗာန်တွင် တပ်မက်မှုမှန်သမျှကို ငြိမ်းသတ်၍ စွဲလန်းတွယ်တာမှု မှန်သမျှကို ချေဖျက်ပြီး ဖြစ်၏။ ဘဝတွင် လူသည် ဆန့်ကျင်ဘက် သဘောတရား အယူအဆ တောအုပ်ထည်းတွင် နေရ၏။ နိဗ္ဗာန်တွင် သစ္စာတရားကို တိုက်ရိုက်သိမြင်ပြီးဖြစ်၍ အယူအဆရှုပ်ထွေးမှုမျှးမှ ပျောက်ကွယ်ပြီး ဖြစ်၏။ ပမာသော်ကား နေမင်း၏ ရောင်ခြည်အောက်တွင် နှင်းမှုမျှးကွယ်ပျောက်ရသကဲ့သို့တည်း။

နိဗ္ဗာနတည်းဟူသော အခြေအနေသည် လောကုတ္တရာပိုင်း ဖြစ်သဖြင့် လူဝေါဟာရ၏ အပြင်ဘက်တွင် ဖြစ်လေသည်။ လူဝေါဟာရသည် အညမညနယ်ပယ်တွင်သာ ကျက်စားနိုင်၏။ ထို့ကြောင့် မည်သူမျှ (ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်သော်မှ) နိဗ္ဗာနကို ဤသို့ထိုသို့ဟု ခဲခြားဖော်ပြရန် မတတ်နိုင်ချေ။ စင်စစ်သော်ကား ၎င်းကို ခဲခြားဖော်ပြခြင်းသည် ရှုပ်ထွေးခြင်းသာ ဖြစ်စေပေသည်။ ထို့ကြောင့် ဗုဒ္ဓသည် ဤပြဿနာနှင့် ပတ်သက်၍ ခပ်မဆိတ်နေတော်မူခြင်း ဖြစ်လေသည်။

နိဗ္ဗာနကို ရရှိခြင်းသည် တုပယ္ယဉ်ပိုင်ခြင်းကင်းသော အောင်မြင်မှုဖြစ်၏။ ဤအောင်မြင်မှုကို ရရှိရန် သန်မာသော ဆုံးဖြတ်ချက်ဖြင့် မှန်မှန်ကန်ကန် ကြိုးပမ်းခြင်းမျှး လိုအပ်လေသည်။ ဤကြိုးပမ်းမှုမျှးသည် ဘဝ၏ မဟာရောဂါကြီးသုံးပါးဖြစ်သော လောဘ(တပ်မက်မှု)၊ ဒေါသ(မုန်းတီးမှု)၊ မောဟ(အမြင်မှားမှု) တို့ကို ပယ်ဖျက်ရန် ဦးဘည်လေသည်။ ထိုရောဂါများသည်

မသိမှားမှု (အဝိဇ္ဇာ)တွင် အမြစ်တွယ်နေပြီး သန်မာသော နှောင်ကြိုးများ(သံယောဇဉ်)ကို ဖြစ်စေရာ ယင်းနှောင်ကြိုးများက သတ္တဝါများအား ခံစားမှု (ဒုက္ခ)စက်ဘီးတွင် ချည်တုတ်၍ မွေးဖြင်း၊ သေခြင်းနှင့် ပြန်လည်မွေးဖွားခြင်း ဘဝသံသရာလည်စေလေတော့သည်။ နှောင်ကြိုးများမှာ အောက်ပါအတိုင်း ဆယ်ခုဖြစ်၏။

(၁) သက္ကာယဒိဋ္ဌိ — မြဲသော 'ငါကိုယ်တည်' ရှိသည်ဟု ယုံကြည်ခြင်း၊

(၂) ဝိစိကိစ္ဆာ — သဘာဝ .မကျသော သံသယမှု ဖြစ်ခြင်း။

(၃) သီလဗ္ဗတ ပရာမာသ — ယဇ်ပူဇော်နည်း များနှင့် အခြားအယူအစဉ်များကို တွယ်ဖက်ခြင်း။

(၄) ကာမရာဂ — ကာမဂုဏ်ခံစားမှုကို တပ်မက်ခြင်း။

(၅) ဗျာပါဒ — သူ့အကျိုးပျက်စီးစေလိုခြင်း။

(၆) ရူပရာဂ — ရူပဘုံကို တပ်မက်ခြင်း။

(၇) အရူပရာဂ — အရူပဘုံကို တပ်မက်ခြင်း။

(၈) မာန — ထောင်လွှားခြင်း၊ အဆင်ကြီးခြင်း။

(၉) ဥဒ္ဓိစ္စ — စိတ်မငြိမ်သက်ခြင်း။

(၁၀) အဝိဇ္ဇာ — မသိမှားခြင်း။

ဤနှောင်ကြိုးဆယ်ချောင်း အတည်းခံရသူများအား ပုထုဇန (လောကီသားများ)ဟု ခေါ်ကြ၏။ သူတို့သည် ခံစားမှု (ဒုက္ခ) စက်ဘီးတွင် အတုတ်အနှောင်ခံကြီး ကာမရာဂဖြင့် မြူးတူး၍ သံသရာရေပြင်ဝယ် နစ်တုံးပေါ်တုံးများသူများ ဖြစ်ခဲ့သ

သည်။ သူတို့သည် နှောင်ဖွဲခြင်း ခံနေရသော အကျဉ်းသားများ ဖြစ်ကြ၏။

ဤနှောင်ကြိုးများကို ဖြတ်တောက်ပစ်ရန်မှာ ဘဝ၏ရည်မှန်းချက် ဖြစ်လေသည်။ ဤကိစ္စအတွက် ကြိုးပမ်းရမှုသည် ခက်ခဲပင်ပန်းသည်မှန်သော်လည်း ရလာမည့် အသီးအပွင့်မှာလည်း အဘိုးတန်၍ ချီးမြှင့်လှပေသည်။ လမ်းမှန်ပေါ်သို့ ရောက်လျှင် တိုးတက်မှုရသွားမည်မှာ သေချာပေသည်။ လမ်းမှန်ဆိုသည်မှာ စိတ်တည်ငြိမ်မှု အလေ့အကျင့်များဖြင့် စိတ်အား ယဉ်ကျေးသိမ်မွေ့အောင် ပျိုးထောင်ခြင်း ဖြစ်လေသည်။ ထိုသို့အားဖြင့် ရရှိလာသော ဉာဏ်အမြင် (ဝိပဿနာ)သည် နှောင်ကြိုးများကို ဖြတ်တောက်ပစ်ပေလိမ့်မည်။

(အထက်တွင်ဖော်ပြခဲ့သော နှောင်ကြိုးဆယ်ချောင်းအနက်) ပဌမသုံးချောင်းကို ဖြတ်တောက်ပြီးသော ပုဂ္ဂိုလ်သည် သောတာပန (စမ်းချောင်းသို့ရောက်သူ) ဖြစ်၏။ အဓိပ္ပာယ်ကား သူသည် လို့ငိးတံပိုးထန်သော သံသရာပင်လယ်ပြင်မှနေ၍ အေးမြညင်သာပြီး နိဗ္ဗာန်သို့ ဦးတည်စီးဆင်းနေသော စမ်းချောင်းသို့ ရောက်ခဲ့ပြီဟု ဆိုလို၏။ ၎င်းသည် မြင့်မြတ်မှု၏ ပဌမအဆင့် ဖြစ်၏။ ဤအဆင့်ကိုရောက်လျှင် သူအား အရိယ သို့မဟုတ် အရိယပုဂ္ဂိုလ (မြင့်မြတ်သောပုဂ္ဂိုလ်)ဟု ချီးမွမ်းထောပနာကြလေသည်။ နောက်တဆင့်တွင် ဒုတိယနှောင်ကြိုးနှစ်ချောင်းကို ချိုနဲ့စေသောအခါ သူသည် သကဒါဂါမိ (ဤကမ္ဘာသို့တကြိမ်သာ ပြန်လာမည့်သူ) ဖြစ်လေသည်။ အဆိုပါနှောင်ကြိုးနှစ်ချောင်းကို လုံးဝဖြတ်တောက်ပြီးသောအခါတွင်ကား သူသည် အနာဂါမိ (ဤကမ္ဘာသို့ ပြန်မလာတော့သူ) ဖြစ်လာ၏။

ခြောင်ကြိုး ဆယ်ချောင်းစလုံးကို ဖြတ်တောက်သုတ်သင်ပြီးသော အခါတွင်ကား သူသည် အရဟတ် (ပြီးပြည့်စုံသောရဟန္တာ သို့မဟုတ် လုံးဝလွတ်မြောက်ပြီးသူ)အဖြစ်သို့ ရောက်လေသည်။ ထိုအခါ သူသည် အမြင့်ဆုံး (နိဗ္ဗာန်) ကို ရရှိပြီ ဖြင့်၏။ သူ ကွယ်လွန်လျှင် အဆစ်ပြန်လည်မွေးဖွားရန် မရှိချေ။

ဗုဒ္ဓသည် ခြောင်ကြိုးများကိုဖြတ်တောက်ပြီးသူဖြစ်၍ အနုဟတ် ဖြစ်လေသည်။ စင်စစ်သော်ကား သူသည် ထိုထက်ပင် ပိုပါ၏။ အဘယ့်ကြောင့်ဟူမူ သူသည် ထိုရည်မှန်းချက် ပန်းတိုင်သို့ ရောက်အောင် ခက်ခဲသော လမ်းဖြင့် အားထုတ်ခဲ့သည့်အပြင် သတ္တဝါအားလုံးအား အကြီးအကျယ် အကျိုးပြုရန် ရည်ရွယ် ချက်ဖြင့် ထိုသို့ ကြိုးစားခဲ့သောကြောင့် ဖြစ်၏။ သူလိုက်ခဲ့သော လမ်းမှာ ပါရမီလမ်း ဖြစ်၏။ ပါရမီဆယ်ပါးရှိရာ ၎င်းတို့မှာ ဒါန (ပေးကမ်းခြင်း)၊ သီလ (ကိုယ်ကျင့်တရား)၊ နိက္ခမ (လူ့ဘောင်ကို စွန့်ခွာခြင်း)၊ ပညာ(အသိဉာဏ် ထွန်းပေါက်မှု)၊ ဝီရိယ(အားထုတ်ခြင်း)၊ခန္တီ(သီးခံခြင်း)၊သစ္စာ(အမှန်တရားနှင့် ပြည့်ဝခြင်း)၊ အဓိဋ္ဌာန (ဆုံးဖြတ်ချက် ခိုင်မာခြင်း)၊ မေတ္တာ (အကန့်အသတ်မရှိသော ချစ်ခြင်း)နှင့် ဥပေက္ခာ(တည်ငြိမ်မှု)တို့ ဖြစ်လေသည်။

ဗုဒ္ဓနှင့် အရဟတ်များသည် သာမန်လူတို့ကဲ့သို့ မဟုတ်ဘဲ ကွယ်လွန်သောအခါ စိတ်ဝိဉာဉ်အသစ်ဖြစ်ရန် မရှိတော့ချေ။ သူတို့သည် မိုးလေမုန်တိုင်းများ၏ အနှဲ့မခံရတော့ဘဲ ကျောက် ဆောင် ကျောက်သားကဲ့သို့ တည်ငြိမ်စွာ ရပ်တည်နေကြ၏။ သူတို့သည် အရုံ၏ ဆွဲဆောင်မှု စက်ကွင်းအပြင်တွင် ရှိကြသေ သည်။ သူတို့သည် ရှိသမျှသော မကောင်းမှုများမှ ကျွတ်လွတ်ပြီး

ဖြစ်၍ လုံးဝစစ်မှန်၍ မြင့်မြတ်ပြီး အမြင့်ဆုံး နားလည်မှုများ ပြည့်ဝလျက် ရှိလေသည်။ သူတို့သည် နိဗ္ဗာနပန်းတိုင်သို့ ရောက် ကြလေပြီ။ သူတို့ အသက်ရှင်နေသည်မှာ ပြီးခဲ့သောဘဝ၏ ကမ္မအကြွင်းအကျန်များကို ဖြုန်းတီးရန်သာဖြစ်ပြီး ထိုကမ္မများ ကုန်သောအခါ ကမ္မအကျိုး (ကမ္မဝိပါက) အသစ်များ မကျန် ရစ်တော့ပေ။ ထိုအခါ သူတို့သည် ဤဘဝမှ ထွက်ခွာသွားကြပြီး အသစ်မွေးဖွားခြင်းဖြင့် ဤကမ္ဘာသို့ ပြန်မလာကြတော့ချေ။

နိဗ္ဗာန၏ ထင်ရှားသောအသွင်နှစ်မျိုးရှိလေသည်။ ၎င်းတို့မှာ-

(က) သဥပါဒိသေသနိဗ္ဗာန ရုပ်နာမ်နှစ်ပါး (သို့မဟုတ် အစုငါးခု) ထင်ရှားရှိနေသေးသော အခြေအနေ။ ဥပမာ၊ ဗုဒ္ဓ သည် (၄၅) ဝါ ကာလပတ်လုံး တရားဟောကြားတော်မူခြင်း။ အရဟတ်တဲ့ အသက်ရှင်လျက် ရှိခြင်း။

(ခ) အနုပါဒိသေသနိဗ္ဗာန ရုပ်နာမ်နှစ်ပါး ထင်ရှားမရှိ တော့သောအခြေအနေ။ ဥပမာ၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူခြင်း။ အရဟတ်တဲ့ ကွယ်လွန်သွားခြင်း။

မည်သူ(သို့မဟုတ်)မည်သည့်အရာက နိဗ္ဗာန်သို့ ဝင်သနည်းဟု ရယ်မောဘွယ်မေးခွန်းမျိုးကို မကြာခဏ ကြားရ၏။ ဤမေးခွန်း သည် အဓိပ္ပာယ်လည်း မရှိ၊ အကျိုးလည်း မရှိချေ။ ကမ္မအကြွင်း အကျန်လည်း မရှိ၊ အစုငါးခု(ပဥ္စခန္ဓာ)လည်း မရှိတော့သော အခြေတွင် မည်သူ (သို့မဟုတ်) မည်သည့်အရာက နိဗ္ဗာန်သို့ ဝင်သနည်းဆိုသော မေးခွန်းမှာ မပေါ်ပေါက်တော့ပေ။

နိဗ္ဗာနသစ္ဆိကိရိယာ ဤစကားရပ်သည် နိဗ္ဗာန်ကိုရရှိအောင် ဆုံးဖြတ်ခြင်းနှင့် ကြိုးစားခြင်းဆိုသောအဓိပ္ပာယ်ထက် ပိုပေသည်။

ရင်းသည် နီဗွာနကို တကယ်သိမြင်ခြင်းကို ဆိုလိုသည်။ သို့မဟုတ် နီဗွာနကို တစေ့တစောင်းမျှ သိမြင်ခြင်းကို ဆိုလိုသည်။ ထို့သို့ သိမြင်ရန် အနည်းဆုံး သောတာပန အဆင့်အတန်းသော်ကာ ရှိရမည် ဖြစ်လေသည်။

ဤနေရာတွင် တခုညွှန်ပြရန်ရှိ၏။ နီဗွာနသစ္စကိရိယာဆိုသော စကားရပ်သည် မိမိ၏ကိုယ်တိုင်အားထုတ်မှုဖြင့် နီဗွာန်သို့ ဆိုက်ရောက်ခြင်းကို ရန်ညွှန်း၏။ ထိုပန်းတိုင်သို့ ရောက်ခြင်းသည် လမ်းမှန်အတိုင်း ဝိရိယလုံ့လဖြင့် အားထုတ်သောကြောင့်သာ ဖြစ်၏။ တစုံဘယောက်က ကျေးဇူးပြုသောကြောင့် မဟုတ်ချေ။ နီဗွာနသည် ကောင်းကင်ဘုံမှပေးသော လက်ဆောင်မဟုတ်ပေ။ မိမိ၏ အကြီးအကျယ်ဆုံး ကြိုးစားမှု၏ အသီးအပွင့်သာ ဖြစ်လေသည်။ အချုပ်အားဖြင့်ကား ပန်းတိုင်သည် မိမိ၏ လုပ်အားခ ဖြစ်၏။ နီဗွာနသည် အမှန်ကန်ဆုံးသော လုပ်အားခ ဖြစ်၏။ ရင်းကို ရရှိသူကား မင်္ဂလာရှိပါဘိ။

အဝိန် ၁၁

လောကဓမ္မဟိ လောကဓမ္မဟူသည်ကား ရှောင်လွဲ၍ မရသော လောကအခြေအနေများဖြစ်၏။ ၎င်းတို့မှာ ဤသို့ ရှစ်မျိုးရှိ၏။

လာဘ (လာဘ်ရခြင်း)၊ အလာဘ (လာဘ်မရခြင်း)၊ ယသ (ကျော်စောခြင်း)၊ အယသ (မကျော်စောခြင်း)၊ ပသံသ (ချီးမွမ်းခံရခြင်း)၊ နိန္ဒာ (ကဲ့ရဲ့ခံရခြင်း) သုခ (ချမ်းသာခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)။

အသောကံ (ဝမ်းမနည်းခြင်း)၊ ဝိရဇံ (ကိလေသာအနှောင့်အယှက်မရှိခြင်း)နှင့် ခေမံ (ကာမမှ ဘေးကင်းခြင်း) တို့သည် အရဟတ်တဦး၏ ဂုဏ်အရည်အချင်းများ ဖြစ်ကြ၏။ ၎င်းသည် လုံးဝလွတ်မြောက်ပြီးသူတဦး၏ စိတ်ရုပ်ပုံကိုပြသ၏။ ထိုပုဂ္ဂိုလ်၏စိတ်ဓာတ်သည် ထူးခြားလှ၏။ ၎င်းသည် ယုံမှားသံသယများကင်းရှင်း၍ ကာမဂုဏ်အာရုံတို့မှ စင်ကြယ်ပြီးဖြစ်ရာ တပ်မက်မှုနှင့် ပူပန်မှု လှိုင်းလေမုန်တိုင်းများ မရှိတော့ဘဲ ကြည်လင်သန့်စင် နေလေတော့သည်။ လောကဓမ္မများသည် သူ့အား မအုပ်စိုးနိုင်ချေ။ သူသည် ကျောက်ဆောင်ကဲ့သို့ တည်ငြိမ်ပြီး မလှုပ်ရှားဘဲ လောကဇာတ်ခုံ၏ ဖြစ်ပျက် ပြောင်းလဲမှု ဇာတ်လမ်းကို ကြည့်ရှုလျက်ရှိ၏။

ဤအပိုဒ်က သုတ္တာအား အဆုံးသတ်လိုက်၏။

မင်္ဂလာတရားများကို ပြည့်စုံစွာ ဖြည့်ကျင့်ပြီးသူသည်

(က) မည်သည့်အခါမျှ မရှုံးနိမ့်တော့ဘဲ၊

(ခ) အကြင်းမဲ့ပျော်ရွှင်၍ ဘေးကင်းမှုကို ရရှိလေတော့သည်။

ဤအခြေသည် အသက်ရှင်နေမှု၏ အမြင့်ဆုံးအပိုင်း၊ သို့မဟုတ် လူလှုပ်ရှားမှုများ၏ ဝေရက်တောင်ထွဋ် သို့မဟုတ် ဘဝ၏နိဗ္ဗာန်ပင် ဖြစ်လေသည်။

ဘာခန်းဂလေး

မင်္ဂလာလမ်းမကြီး

(၁)

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ

အဝိဒ် ၁

ဗုဒ္ဓအား ကျွှေးမွေးလျှောက်၏။
ဘဝ၏အမြင့်ဆုံး မင်္ဂလာများသည် အဘယ်နည်း။
မြင့်မြတ်သောအရှင်က ကျွှေးမွေမိန့်တော်မူ၏။
မင်္ဂလာတရားတော်များကား

အဝိဒ် ၂

၁။ အသေဝနာစဗာလာနံ၊ လူမိုက်တို့ကို မမှီဝဲ မဆည်းကပ်
ခြင်း။
၂။ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပညာရှိတို့ကို မှီဝဲဆည်းကပ်ရ
ခြင်း။
၃။ ပူဇာစပူဇနေယျာနံ၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်း။

အဝိဒ် ၃

၄။ ပဋိရူပဒေသဝါသော၊ သင့်လျော် လျောက်ပတ်သော
အရပ်၌ နေရခြင်း။

၅။ ပုဗ္ဗေစကတပုညတာ၊ ရွေးဘဝက ပြုခဲ့သော ကုသိုလ် ကောင်းမှုရှိသူ ဖြစ်ခြင်း။

၆။ အတ္တာသမာပတ်ိခိ၊ မိမိ၏ဘဝကို ကောင်းစွာ ဦးတည် ခြင်း။

အပိုဒ် ၄

၇။ ဗဟုသစ္စဆ္ဆ၊ အကြားအမြင်များခြင်း။

၈။ ဗဟုသိပ္ပဆ္ဆ၊ အသက်မွေးမှုအတတ်ကို တတ်ကျွမ်းရခြင်း။

၉။ ဝိနယောစသုသိက္ခိဘော၊ (မိမိတို့ဆိုင်ရာ) ဝိနည်းဥပဒေ ကို ကောင်းစွာကျင့်သုံးရခြင်း။

၁၀။ သုဘာသိတာစယာဝါစာ၊ စကားကို ကောင်းစွာဆိုရ ခြင်း။

အပိုဒ် ၅

၁၁။ မာတာပိတုဥပဋ္ဌာနံ၊ အမိအဖတို့ကို လုပ်ကျွေးရခြင်း။

၁၂။ ပုတ္တဒါရဿသင်္ဂဟော၊ သားမယားကို ချီးမြှောက် ထောက်ပံ့ရခြင်း။

၁၃။ အနာကုလာစ ကမ္မန္တာ၊ အနှောက်အယှက် မရှိမူ၍ ငြိမ်းအေးစွာ အလုပ်အကိုင်တို့ကို ပြုလုပ်ရခြင်း။

အပိုဒ် ၆

၁၄။ ဒါန၊ အလှူပေးရခြင်း။

၁၅။ ခမ္မစရိယာ၊ ကုသိုလ်ကမ္မပထဘရားကို ကျင့်ရခြင်း။

၁၆။ ဉာတကာနံဥ သင်္ဂဟော၊ ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ရခြင်း။

၁၇။ အနာဝဇ္ဇနိကမ္မာနိ၊ အပြစ်ကင်းသော အမှုတို့ကို ပြုရခြင်း။

အဝိဒ် ၇

၁၈။ အာရတီပါပါ၊ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်း။
၁၉။ ဝိရတီပါပါ၊ မကောင်းမှုကို (မပြုမိအောင်) ချုပ်တီးခြင်း။
၂၀။ မဇ္ဇပါနဲဘစသံယမော၊ သေရည်အရက် သောက်ခြင်းမှ စောင့်စည်းခြင်း။
၂၁။ အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း။

အဝိဒ် ၈

၂၂။ ဂါရဝေါ၊ (ရိုသေထိုက်သူတို့အား) ရိုသေခြင်း
၂၃။ နိဝါတော၊ (မိမိကိုယ်ကို) နှိမ့်ချခြင်း။
၂၄။ သန္တုဋ္ဌိ၊ ရောင့်ရဲလွယ်ခြင်း။
၂၅။ ကတညုတာ၊ သူပြုဘူးသောကျေးဇူးကို သိခြင်း။
၂၆။ ကာလေနဓမ္မဿဝနံ၊ သင့်တင့်သောအခါ၌ တရားနာခြင်း။

အဝိဒ် ၉

၂၇။ ခန္တီ၊ သည်းခံခြင်း။
၂၈။ သောဝစဿတာ၊ ဆုံးမစကားကို နာလွယ်ခြင်း။
၂၉။ သမဏာနဉ္စဒဿနံ၊ မြတ်သောပုဂ္ဂိုလ်များအား ဖူးမြင်ခြင်း။

၃၀။ ကာလေနဓမ္မသာကစ္ဆာ၊ သင့်တင့်သောအခါ၌ တရား
ကို ဆွေးနွေး မေးမြန်းခြင်း။

အဝိဒ် ၁၀

၃၁။ တပေါ၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်း။
၃၂။ ဖြဟ္မစရိယာ၊ မြင့်မြတ်စင်ကြယ်သော အကျင့်ကို
ကျင့်ခြင်း။
၃၃။ အရိယသစ္စာနဒဿနံ၊ အရိယာသစ္စာတို့ကို (မင်ဖြင့်)
မြင်ခြင်း။
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

အဝိဒ် ၁၁

၃၅။ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ၊ လောကဓံ
အတက်အကျတို့နှင့်တွေ့သော အကြင်(ရဟန္တာ) ပုဂ္ဂိုလ်
၏ စိတ်သည် မတုန်လှုပ်။
၃၆။ အသောကံ၊ စိုးရိမ်ခြင်းမရှိ။
၃၇။ ဝိရဇံ၊ ကိလေသာမြူ ကင်း၏။
၃၈။ ခေမံ၊ ဘေးရန်မရှိ။

အဝိဒ် ၁၂

တောဒိသာနိကတ္ဝာနသဗ္ဗတ္ထမပရာဇိတာ။ သဗ္ဗတ္ထသောတ္ထိ
ဂစ္ဆန္တိ၊ ထိုဘရားတို့၌ ပြည့်စုံသောပုဂ္ဂိုလ်များသည် ရန်သူတို့
မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံသောအရပ်တို့၌ ကြီးပွား
ချမ်းသာခြင်းသို့ ရောက်ကုန်၏။

(J)

ပြန်လည်သုံးသပ်ချက်

မဟာမင်္ဂလသုတ္တပါ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် စိတ်ကူးတည့်ရာ ရွေးချယ်ထားသောတရားများ မဟုတ်ပေ။ ၎င်းတို့အား စီစဉ်ထားပုံမှာ အလွန်တတ်ကျေပေဒကျပြီး ၎င်းတို့မှ ရသော အကျိုးတရားမှာလည်း သဘာဝကျကျ တိုးတက်မှုကို ဖြစ်စေလေသည်။

ယခု ရေးခဲ့သည်အထိကား မင်္ဂလာတရားများကို တခုစီခွဲ၍ လေ့လာခဲ့၏၊ ဤသို့ ပြုရခြင်းမှာ ၎င်းတို့ တခုစီဘခုစီ၏ သဘော သဘာဝမှန်ကို နားလည်မှုရရှိရန် ဖြစ်ပါသည်။

သူတို့၏ သဘောသဘာဝကို အခြေခံပြုပြီး အကြောင်းအရာ တခုလုံးကိုခြုံ၍ လေ့လာနိုင်ပေသည်။ ထိုသို့ခွဲထုတ်လေ့လာခြင်းဖြင့် သူတို့၏ ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်များကို ကောင်းစွာ ပေါ်လွင်စေသည့်အပြင် မင်္ဂလာသုံးဆယ့်ရှစ်ပါးကို သဘောတူရာပေါင်း၍ နားလည်မှုလည်း ရနိုင်ပေသည်။ မင်္ဂလာတရားများမှာ နိမ့်ရာမှ မြင့်ရာသို့ လျောက်ပတ်စွာ စီစဉ်ဘားပြီး သဘောတူရာများကို အစုလိုက်ဖွဲ့စည်းထားခြင်းဖြစ်ပေသည်။

မင်္ဂလာတရားများကို ဤသို့စနစ်တကျ စီစဉ်ခြင်းမပြုမီ 'ဤရိုး' က သူ၏ စာအုပ်တွင် ကိုးကားထားသော မင်္ဂလသုတ္တန့်ပတ်သက်၍ 'ဘီဂန်းဒက်'၏ အောက်ပါ မှတ်ချက်ကို လေ့လာသင့်ပေသည်။

"ကျဉ်းမြောင်းသော (သုတ္တ) အခန်းအပိုင်းအတွင်းမှာပင် ဗုဒ္ဓသည် လူကျင့်ဝတ်အားလုံးလိုလိုကို အကျဉ်းချုပ်၍ ပြဆိုခဲ့၏။ ပဌမအပိုင်းတွင် ကောင်းမှုကုသိုလ်ပြုရာ၌ အနှောက်အယှက်ဖြစ်စေသော အရာများကို ရှောင်ကြဉ်ရန် ပြောပြ၏။ ဒုတိယအပိုင်းတွင် မိမိ၏ စိတ်ကို ကောင်းစွာ ဆောက်တည်ရန်နှင့် လူ့တာဝန်များကို အချိန်မှန် ထမ်းဆောင်ရန် တိုက်တွန်း၏။ ထိုနောက် မိဖ၊ ဆွမျိုးနှင့် လူအားလုံးအားကူညီမစမှ ပြုကြရန် ထောက်ခံ၏။ ထိုမှ နောက်တွင် နှိမ့်ချခြင်း၊ ရိုသေခြင်း၊ ကျေးဇူးသိတတ်ခြင်းနှင့် သီးခံခြင်းစသော အကျင့်မြတ်များကို ကျင့်ကြံကြရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရ၏။ ၎င်းပြီးလျှင် ဆရာသခင် (ဗုဒ္ဓ)က ဓမ္မတရားကို လေ့လာရန် သူတော် သူမြတ်များအား ဖူးမျှော်ရန် ဘာသာရေး ပြဿနာများကို လေ့လာဆွေးနွေးရန် တိုက်တွန်း၏။ ထိုသို့ တိုက်တွန်းပြီးသောအခါ ကြီးကျယ်သော သစ္စာလေးပါးကို လုံးလရှိရှိ လေ့လာကြရန်နှင့် နိဗ္ဗာန်ကို သိမြင်ရေးအတွက် မျက်ခြေမပြတ် ကြိုးစားကြရန် ပြောဆို၏။ ထိုလေ့လာကြိုးစားမှုများ ပြည့်စုံသောအခါတွင် လူသည် စကြဝဠာကြီးပိုလဲသည့်တိုင်အောင် ကြံ့ခိုင်ခြင်း၊ မကြောက်ရွံ့ခြင်းနှင့် မတုန်လှုပ်ခြင်းစသော တကယ့်ပညာရှိ၏ ဂုဏ်အရည်အချင်းမျိုးရရှိရေးအတွက် အားထုတ်ကြရန် ဖြစ်၏။ ဗုဒ္ဓဘာသာဝင် ပညာရှိ

(ရဟန္တာ)သည် ဘဝ၏ လှိုင်းလေများအတွင်းတွင် တည်ငြိမ်ခိုင်မာစွာဖြင့် မလှုပ်မရှား တည်နေနိုင်သော ပုဂ္ဂိုလ်ပင်တည်း။ ဤတွင် နောက်ဆုံး ပန်းတိုင်မှာ စိတ်ဓာတ် လုံးဝတည်ငြိမ်မှု ဖြစ်၏။ ၎င်းသည် နိဗ္ဗာန်၏ အရိပ်ပင်တည်း။"

(The Burman: His Life and Nations by Shway Yoe. Macmillan & Co, London. 1896. P. 571)

(၇)

တူရာပေါင်း၍ လေ့လာခြင်း

မင်္ဂလာတရားသုံးဆယ့်ရှစ်ပါးကို အမျိုးမျိုးခွဲခြားနိုင်၏။ အစု အမျိုးမျိုးလည်း ခွဲနိုင်၏။ စာရေးသူသည်လည်း မင်္ဂလာတရား များကို သဘောတူရာပေါင်းစည်းနိုင်မည့်ဖြစ်နိုင်ချက်အမျိုးမျိုးကို စဉ်းစားရင်း မိမိသဘောကျသော ပုံစံတခုကို ရေးဆွဲနိုင်ခဲ့၏။ ထိုပုံစံသည် လက်တွေ့ ဖြစ်နိုင်ချက်များကို အခြေခံထားရာ အားလုံးအတွက် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ပေသည်။

ထိုပုံစံကို တင်ပြခြင်းမပြုမီ မင်္ဂလသုတ္တကို သီလ၊ သမာဓိ၊ ပညာဟူ၍ သုံးပိုင်းခွဲ၍ စီစဉ်သော အခြားပုံစံတခုခုကို တင်ပြလို ပါ၏။ ထိုပုံစံဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ 'မင်္ဂလာဦးဘသန်း' အား ကျေးဇူးတင်ရှိဖွယ် ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီး၏ အမည်က ပင်လျှင် သူသည် မြန်မာပြည်တွင် မင်္ဂလာတရားတော် ပြန့်ပွားထွန်းကားရန် မည်မျှ အလေးပေး ဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်း ထူးခြားစေလျက်ရှိ၏။ (ယခုဖော်ပြမည့် အချက်များမှာ စာရေး သူသည် သူနှင့် ၁၉၅၄ ခုနှစ်တွင် ဆွေးနွေးခဲ့သော အချက်များ ပင် ဖြစ်၏။)သူက ပဌမမင်္ဂလာ (၂၁)ပါးကို 'သီလ'ဆိုသော ခေါင်းစည်းအောက်တွင် ထားပြီး ယင်းတို့ကို (၅)ပိုင်း ပိုင်းလိုက် ၏။ ထို(၅)ပိုင်းသည် လူ၏ အမြဲခံလုပ်ငန်း တာဝန်များကို

ပြဆို၏။ နောက်မဂ်လာ(၉)ပါးကို 'သမာဓိ' ဆိုသော ခေါင်းစည်းအောက်တွင်ထား၏။ သမာဓိဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုပင် ဖြစ်လေသည်။ နောက်ဆုံး မဂ်လာ (၈) ပါးကို 'ပညာ'ဆိုသော ခေါင်းစည်းအောက်တွင် ထားလေသည်။

'သီလ'အပိုင်းတွင် ပါသော မဂ်လာ (၂၁) ပါးကို လျောက်ပတ်စွာ ဖြည့်ကျင့်ခြင်းဖြင့် အမြင့်ဆုံးသော ပျော်ရွှင်မှု၊ ချမ်းသာမှုနှင့် နှစ်သက်ကျေနပ်မှုကို ရရှိနိုင်၏။ ထိုအောင်မြင်မှုများကို ဧလျာ့ပါးမသွားစေရန်နှင့်ရှေသို့တိုးတက်စေရန်အတွက် 'သမာဓိ' အပိုင်းတွင် ပါသောမဂ်လာ(၉)ပါးကို ဆည်းပူးရ၏။ နောက်ဆုံးဖြစ်သော 'ပညာ'အပိုင်းတွင် ပါသည့်မဂ်လာ (၈)ပါးက အမြင့်ဆုံးသော အသိဉာဏ် ထွန်းပေါက်မှုကို ရရှိစေလေသည်။

အဆက်ပါ ရှင်းလင်းချက်များကို ပုံစံဖြင့် ဖော်ပြရမည်ဆိုလျှင် အောက်ပါအတိုင်း ဖြစ်၏။

- ၁။ သီလ (မဂ်လာ ၂၁ ပါး) ကျင့်ဝတ်ဆိုင်ရာယဉ်ကျေးမှု
  - (က) ပြင်ဆင်ရေးအပိုင်း
    - (၁)အခြေခံစည်းမျဉ်းများ မဝ၊မ၂၊မ၃၊မ၄၊မ၅၊မ၆။
    - (၂)(ကိုယ်နှုတ်နှလုံး သုံးပါး) လွှဲကျင့်မှု မ ၇၊ မ၈၊ မ၉၊ မ ၁၀။
  - (ခ) မပြုမနေရတာဝန်များ
    - (၃)အိမ်ထောင်ရေး အခြေခံ ချမှတ်ခြင်း မ၁၁၊ မ ၁၂၊ မ ၁၃။
    - (၄)လူမှုဝန်ထမ်းလုပ်ငန်း မ၁၄၊မ၁၅၊မ၁၆၊မ၁၇။

(၈) သတိရှိုးခြင်း

၂။ သမာဓိ
(မဂ်လာ ၉ ပါး)
စိတ်ဖိုင်းဆိုင်ရာယဉ်ကျေးမှု

(၅)မကောင်းမှုမှကာကွယ်
ခြင်း
မဝဂၢမဝဂ္ဂါမျိုဝါမျိုဝ။

မျိုဂျိုမျိုဇိုမျိုဈိုမျိုဉိုမျိုဋိုမျိုဌိုမျိုဍိုမျိုဎိုမျိုဏိုမျိုတိုမျိုထိုမျိုဒိုမျိုဓိုမျိုနိုမျိုပိုမျိုဖိုမျိုဗိုမျိုဘိုမျိုမိုမျိုယိုမျိုရိုမျိုလိုမျိုဝိုမျိုသိုမျိုဟိုမျိုဠိုမျိုအိုမျိုဣိုမျိုဤိုမျိုဥိုမျိုဦိုမျိုဧိုမျိုဩိုမျိုဪိုမျိုဿိုမျိုဲိုမျိုံိုမျိုးိုမျိုးိုမျိုး

(၄)

ကျွန်ုပ်တို့၏ ဗိုင်းခြားချက်

. မဟာမင်္ဂလသုတ္တာသည် လူ့ယဉ်ကျေးမှုနှင့် တိုးတက်မှုအတွက် ကောင်းစွာချမှတ်ထားသော စီမံကိန်းကြီးဖြစ်ပြီး ဘဝ၏ အမြင့်ဆုံး(နိဗ္ဗာန်)သို့ ရောက်ရှိရန် ကောင်းမြတ်လှသော လမ်းညွှန်ကြီးလည်း ဖြစ်လေသည်။ ၎င်းသည် အမြင့်ဆုံးထိပ်သို့ တက်ရောက်ရန် အထစ်လေးခုရှိသော လှေကားကြီး ဖြစ်၏။ ထိုလှေကားလေးထစ်သည် လူဘဝကိုပိုင်းခြားထားသော အောက်ပါကဏ္ဍလေးရပ်နှင့်တူပေသည်။

(၁) လောကအတွင်းသို့ ဝင်ရောက်ရန် ပြင်ဆင်ခြင်း၊
(၂) လောကအတွင်းသို့ လှည့်လည်ကျက်စားခြင်း၊
(၃) တရားအားထုတ်ခြင်း၊
(၄) ဘဝကို ဂုဏ်ပြောင်စွာ အဆုံးသတ်ခြင်း။

ထူးဆန်းသည်မှာ အထက်ပါကဏ္ဍလေးရပ်သည် ရှေးခေတ် အိန္ဒိယပြည်တွင် လူတဦး၏ ဘဝကို (၂၅)နှစ်စီ ပါသော အပိုင်းကြီး လေးပိုင်း ခွဲခြားထားခြင်း ပင်တည်း။ ထိုအပိုင်းများကို 'အာသြရာမ'ဟု ခေါ်၏။ 'အာသြရာမ' လေးခုမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ဇြဟ္မစရိယာသ္ဓရာမ (ပြင်ဆင်ရေးအပိုင်း)
(၂) ဂရိဟစထာသ္ဓရာမ (အိမ်ယာထောင်သော အပိုင်း)
(၃) ဝါနပရစထာသ္ဓရာမ (တောထွက်သော အပိုင်း)
(၄) သညာသာသ္ဓရာမ (လွတ်မြောက်သော အပိုင်း)

ဘဝတွင် အမြင့်ဆုံး စံပြအခြေအနေမှာ ကြောက်ရွံ့မှုနှင့် မလုံခြုံမှုတို့မှ ကင်းလွတ်ခြင်းပင်တည်း။ ထိုအခြေသို့ရောက်ရန် အတွက် မှန်ကန်သော လမ်းအတိုင်း အဆက်မပြတ် ကြိုးစား အားထုတ်မှု လိုအင်လှ၏။ ထိုသို့ပြုနိုင်ရန်လည်း လုံလုံလောက် လောက် ပြင်ဆင်မှုနှင့် ပြည့်ပြည့်စုံစုံသင်တန်းတက်မှုတို့ လိုအပ်၏။ မဟာမင်္ဂလသုတ္တာသည် ပဏာမပြင်ဆင်မှုလမ်းကြောင်းကို ညွှန်ပြ ရုံမျှမက လူအားလုံခြုံသော ဆိပ်ကမ်းသာသို့ရောက်အောင်လည်း ခေါ်ဆောင်သွားနိုင်ပေသည်။

ပဌမ မင်္ဂလာ (၅) ပါးသည် ခိုင်မြဲသော ဘဝဝိမာန်ကြီး တည်ဆောက်ရန် အခြေခံအုတ်မြစ်ကို ချပေး၏။ (၆)ခု မြောက် မင်္ဂလာတရားတော်က အပြုလုပ်ငန်းများအတွက် လိုအပ်သော စီမံကိန်းကို ချမှတ်ပေးပြီးနောက် မင်္ဂလာ(၇)ပါးက ဘုံဝိမာန်ကို ပြီးပြည့်စုံစေ၏။ ဤသို့အားဖြင့် နောက်မင်္ဂလာများအတွက် တည်နေရန် မြေကောင်းကိုဖြစ်စေ၏။ ဤအပိုင်းသည် 'ပြင်ဆင် မှုအပိုင်း'ဖြစ်လေသည်။

နောက်အပိုင်းသည် အထက်ပါ မြေကောင်းတွင် တည်ရှိ လုပ်ရှားရမည့်အချက်များကို ပြသလေသည်။ ဤ(ဒုတိယပိုင်း၏) ပဌမ မင်္ဂလာ(၈)ပါးသည် အိမ်ထောင်ရေးနှင့် လူမှုရေးတာဝန် များကို လုံလောက်စွာ ကျင့်သုံးရန် ပြဆို၏။ နောက်မင်္ဂလာ

(၃) ပါးသည် လူ့အကျင့်သိက္ခာနှင့် ပတ်သက်ပြီး ထိုနောက် မဂ်လာ(၁)ပါးသည် အထက်ပါ မဂ်လာအပါး (၂၀)ကြောင့် ရရှိလာသော တိုးတက်မှုများကို ထိန်းသိမ်းရန် ဦးတည်၏။ တရား ကျင့်ကြံအားထုတ်မှုနယ်ပယ်သို့ ဝင်ရောက်ရန်အတွက် မရှိမဖြစ် လိုအပ်သော အရည်အချင်းများကို ဆည်းပူးရန် နောက်မဂ်လာ (၅)ပါးက နှိုးဆော်ပေး၏။ ဤမဂ်လာ(၁၆)ပါးကို လေ့ကျင့် ခြင်းအားဖြင့် လူ့ဘဝသည် တာဝန်ကျေပြွန်ပြီး ကောင်းမြတ် သော စိတ်ထားများ ပြည့်လျှမ်းသည့် ယဉ်ကျေးမှု အလုပ်ရုံကြီး တခုသဖွယ် ဖြစ်လာလေသည်။ ဤအပိုင်းသည် 'လောကအတွင်း တွင် လှည့်လည်ကျက်စား မှုအပိုင်း' ဖြစ်လေသည်။

နောက်အပိုင်းသည် စိတ်ပိုင်း တိုးတက်မှုကို ရှာကြံသော (တရားအားထုတ်မှု) အပိုင်း ဖြစ်၏။ ဤတတိယအပိုင်းက ဘဝ ဗိမာန်ကို အကောင်းဆုံး အမြတ်ဆုံး မဂ်လာတို့ဖြင့် ပြည့်ဝစေ၏။ ဒုတိယအပိုင်း၏နောက်ရှိ မဂ်လာ(၂)ပါးကို ဖြည့်ကျင့်ခြင်းအား ဖြင့် မြတ်သောဘဝသို့ ဝင်ရောက်နိုင်သော အရည်အသွေးများ ရနိုင်၏။ ထိုနောက်ရှိ မဂ်လာ(၂)ပါးမှာ ဘာသာရေး လောက နှင့် ထိတွေ့ရေးအတွက်ဖြစ်၏။ ၎င်း၏နောက်မှ မဂ်လာ(၄)ပါး အားဖြင့် မြတ်သောဘဝ၏ တံခါးများကို ဖွင့်လှစ်ရန် ဖြစ်၏။ နောက်ဆုံးမဂ်လာ(၄)ပါးကို ပြည့်စုံစေပြီးသော အခါတွင်ကား ကြီးမားသောနိုးကြားမှု သို့မဟုတ် အသိဉာဏ် ထွန်းပေါက်မှုကို ရရှိလေတော့သည်။ ထိုသို့ အသိဉာဏ်ထွန်းပေါက်မှုကို ရရှိသည့် နှင့်တပြိုင်နက် ဘဝဗိမာန်ကြီးသည် လူသားအနှစ်သာရ တခုလုံး၏ မီးပြတိုက်ကြီးအဖြစ် ပြောင်းလဲသွားတော့၏။ ဤကား ဂုဏ်ပြောင်သောဘဝ၏ အဆုံးသတ်ပင် ဖြစ်၏။ ဤအပိုင်း၏

လက္ခဏာမ်ားကား လုံးဝဘေးမရှိခြင်းနှင့် အကြီးဆုံးသော ချမ်းသာကို ဆောင်ခြင်းတို့ပေတည်း။

အထက်ပါ ရှင်းလင်းချက်များကို ပုံစံဖြင့်ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ပြင်ဆင်မှုအဖိုင်း

(၁) မှန်ကန်သော အုတ်မြစ်ချခြင်း

(က) လျောက်ပတ်သော ပေါင်းဖော်မှု-မဂ၊မ၂၊မဂ။

(ခ) သင့်တင့်သောနေရာ-မ၄။

(ဂ) ပြုဘူးသောကုသိုလ်-မ၅။

(၂) မှန်ကန်သောပြင်ဆင်မှု-မ၆။

(၃) မှန်ကန်သောပြင်ဆင်မှု-မ၇၊ မဂ၊ မ၉၊မဂဝ။

၂။ လှည့်လည်ကျက်စားမှုအဖိုင်း

(၁) အခြေခံတာဝန်များ-မဂဂ၊ မဂ၂၊ မဂ၃။

(၂) လူမှုရေးဝတ္တရားများ-မဂ၄၊ မဂ၅၊ မဂ၆၊ မဂ၇။

(၃) မိမိကိုယ်ကို ကာကွယ်ခြင်း-မဂဂ၊မဂ၉၊မ၂ဝ။

(၄) တိုးဘက်မှုကို ထိန်းသိမ်းခြင်း-မ၂ဂ။

(၅) အထက်တန်းကျသော အရည်အချင်းများကိုပျိုးထောင်ခြင်း-မ၂၂။ မ၂၃၊မ၂၄၊ မ၂၅၊ ၂၆။

၃။ တရားကျင့်ကြံမှုအဖိုင်း

(၁) ပဏာမလိုအပ်ချက်-မ၂၇၊မ၂ဂ။

(၂) ဘာသာရေးဓလေ့ကနှင့် ထိတွေ့ခြင်း-မ၂၉၊မ၃ဝ။

(၃) လမ်းကြောင်း-မ၃ဂ၊ မ၃၂၊ မ၃၃၊မ၃၄။

(၄) အကျိုးတရား-မ၃၅၊ မ၃၆၊ မ၃၇၊ မ၃ဂ။

၄။ ဘဝ၏နိဂုံး

(၁) လုံးဝဘေးမရှိခြင်း၊

(၂) ထာဝရမြဲသော ချမ်းသာခြင်း။

အထက်ပါပုံစံကို 'မင်္ဂလာဦးဘသန်း'၏ ပုံစံနှင့်နှိုင်းယှဉ်ကြည့်သောအခါ တူညီမှုများစွာကို တွေ့ရ၏။ အဓိက တူညီချက်မှာ ပြင်ဆင်မှုအပိုင်းတွင် ဖြစ်၏။ ပုံစံနှစ်ခုလုံးမှာပင် ပြင်ဆင်မှုအပိုင်းအတွက် ပဌမမင်္ဂလာ(၁၀)ပါးကို ပြဋ္ဌာန်းထားသည်ကို တွေ့ရပေမည်။ ထို့ပြင် အပိုင်းများ ခဲခြားပုံတွင်လည်း တူညီမှုများကို တွေ့နိုင်သည်။ ထိုပုံစံနှစ်ခု၏ တူညီမှုများကို လေ့လာ ကြည့်ခြင်းဖြင့် အကျိုးလည်းရှိနိုင်ပေသည်။

ကျွန်ုပ်တို့၏ပုံစံကို လေ့လာကြည့်သောအခါသုတ္တာ၏ ပဌမပိုင်းသည် ဒုတိယပိုင်းအတွက် ပြင်ဆင်ခြင်းဖြစ်ပြီး ဒုတိယပိုင်းမှာလည်း တတိယပိုင်းအတွက် လှုကားထစ်ဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ စတုတ္ထပိုင်းသည်ကား နောက်ဆုံးရလာဒ် ဖြစ်ပေသည်။

အပိုင်းတခုစီတွင် အဆင့်များစွာရှိ၏။ပဌမပိုင်း၏ နောက်ဆုံးအဆင့်သည် လူအား ဒုတိယပိုင်းသို့ ဝင်ရောက်ရန် အရည်အချင်းပြည့်စေ၏။ ဒုတိယပိုင်း၏ နောက်ဆုံးအဆင့်ကို ဖြတ်ကျော်မိသောအခါတွင် သူသည် တတိယပိုင်း၏ နယ်စပ်သို့ ရောက်ခဲ့လေသည်။ တတိယပိုင်း၏ နောက်ဆုံးအဆင့်သည် ဘဝ၏အမြင့်မားဆုံး ရည်ရွယ်ချက်ကို သိမြင်ခြင်းကို ဖြစ်စေ၏။ နောက်ဆုံးအပိုင်းသည်ကား ခရီးပန်းတိုင် ဖြစ်လေသည်။

မင်္ဂလာခရီးကို သွားသူသည် စင်စစ် ဘုရားဖူးတဦးပင်ဖြစ်ပြီး သူသည် ဘဝ၏လမ်းကြောင်းကို တိကျသော (ကိုယ်နှုတ်နှလုံး)

အစီအစဉ်ဖြင့် လျှောက်သွားရ၏။ သူ၏တာဝန်မှာ ဂုဏ်ပြောင်သော 'ရည်ရွယ်ချက်'(နိဗ္ဗာန်)သို့ ရောက်ရန်အတွက် ကျင့်ဝတ်သိက္ခာပြည့်ဝသော ဘဝကို 'နည်းလမ်း'အဖြစ် အသုံးပြုရန်တည်း။ မဟာမင်္ဂလသုတ္တသည် ဘုရားဖူးအား ဘဝခရီးမှန်၍ နောက်ဆုံးဆိပ်ကမ်းသို့ လုံခြုံဘေးကင်းစွာ ခေါ်သွားမည့်စွမ်းရည်ကို ပေးပေသည်။ ကျိသို့အားဖြင့် ဒုက္ခနှင့် အဝိဇ္ဇာတို့၏ နှောင်ကြိုးမှ ကျွတ်လွတ်နိုင်လေသည်။

(မဟာမင်္ဂလသုတ္တ၏) အပိုဒ် (၁၂) ခုအနက် အပိုဒ် (၁) ၏ မေးခွန်းကို ဖြေဆိုခြင်းဖြစ်သော နောက် (၁၁) ပိုဒ်အား အောက်ပါအတိုင်း လေးဆင့်ခွဲနိုင်လေသည်။

၁။ ပြင်ဆင်မှုအပိုင်း-ပဌမ ၃ ပိုဒ်။
၂။ လောကအတွင်းတွင် ကျက်စားသောအပိုင်း ၄ ပိုဒ်။
၃။ တရားအားထုတ်မှုအပိုင်း-နောက် ၃ ပိုဒ်။
၄။ အဆုံးသတ်ပန်းတိုင်-နောက် ၁ ပိုဒ်။

ဒုတိယအပိုင်းနှင့်ပတ်သက်၍ ပြောပြရန် အချက်တခုရှိသည်။ ထိုအပိုင်းအရ လူတို့ိင်းသည် အိမ်ထောင်ပြုရမည်ဟုမဆိုလိုသော်လည်း အခြားလူမှုရေးနှင့် အိမ်ထောင်ရေး တာဝန်များကိုကား ပြုကျင့်ရမည် ဖြစ်လေသည်။တဖက်တွင်ကြည့်လျှင်လည်း အိမ်ယာထောင်မှုသည် မပြုမနေရ သဘောတခု မဟုတ်သော်လည်း ၎င်းဆည် အချို့သောမင်္ဂလာတရားများကို အားထုတ်ရန် သင်တန်းစခန်းသဖွယ်လည်း ဖြစ်နိုင်ပေသည်။ ထိုအပိုင်းတွင် အိမ်ယာထောင်ခြင်းသည် မလွဲမရှောင်သာ ပြုရမည့်ကိစ္စမဟုတ်ပဲ ဒုတိယထားနိုင်လေသည်။ 'ရည်ရွယ်ချက်'သို့ ရောက်အောင်

'နည်းလမ်း'အဖြစ်သာ မှတ်ယူလျှင်ကား အိမ်ယာထောင်မှုကို အပြစ်ဆိုဘွယ် မဟုတ်သော်လည်း အိမ်ထောင်ရေးကိုသာ အဆုံးသတ် ရည်ရွယ်ချက်အဖြစ် ယူဆပါမူကား တိုးတက်မှုဘီးသည် ရပ်တုံသွားပေလိမ့်မည်။ ထိုအခါ အိမ်ထောင်ရေးသည် ကာမရာဂနှင့် အခြားအနှောက်အယှက်များဖြင့် ပြီးသော ဝက်ဘာကဲ့သို့ဖြစ်ပြီး လူ၏ဘာသာဓရေး နိုးကြားမှုတွင် အဟန့်အတားဖြစ်စေပေလိမ်မည်။ ထို့ကြောင့် အိမ်ယာမထောင်ဘဲ အခြားမင်္ဂလာများကို ပြုကျင့်လိုသူများသည် လွတ်လပ်စွာပြုကျင့်နိုင်ကြပေသည်။ အခြား လူတာဝန်ဝတ္တရားများကို မမေ့မလျော့ရန်သာ အရေးကြီးပေသည်။ အိမ်ယာထောင်မှု မပြုသူများအဘို့ကား သားမယားတို့အား ထောက်ပံ့ရုမည့် တာဝန်ဝတ္တရားများကို ပြုကျင့်ရန်မလိုတော့ပေ။

နိဒါန်း

သာမန်အားဖြင့် ဆိုရလျှင် လူသားသည် နှောင်ကြိုးအတည်းခံနေရသော သတ္တဝါဖြစ်လေသည်။ နှောင်ကြိုးများစွာ အခြားမဟုတ် သူကိုယ်တိုင်ပင် ဖန်တီးထားသော အယူသည်းခြင်း၊ တရားသေဆန်ခြင်းနှင့် ပူဇော်ပသမှုစသည်များ ဖြစ်လေသည်။ လောဘ၊ ဒေါသနှင့် မောဟတို့ ယှဉ်တွဲနေသော ကိုယ်ကျိုးရှာမှုသည် သူ့အား အကျဉ်းချထားကြ၏။ လူသားအနှယ်ကြီးတခုလုံးသည် ကိုယ်ဖန်တီးသောကြိုးနှင့် ကိုယ့်အားတုတ်ချည်ခြင်းခံရပြီး မခရတွက်နိုင်သော ဆင်းရဲ ဒုက္ခများကို ခံစားရသောကြောင့် မိမိကိုယ်ကို ယုံကြည်မှုနှင့် သတ္တိများ ကွယ်ပျောက်ခဲ့ရလေသည်။ အကျိုးဆက်ကား လူတို့သည် ဆုတောင်းခြင်းနှင့် ဘုန်းကြီးများ၊ ယဇ်ပူဇော်ခြင်းနှင့် ကျမ်းစာများ၊ အတိတ်နိမိတ်များနှင့် နတ်များကို ယုံကြည်အားကိုးလာကြခြင်းပေတည်း။ ဤသို့အားဖြင့် လူသည် သူကိုယ်တိုင် တည်ဆောက်သော အကျဉ်းထောင်အဘွင်းမှာပင် သူ့အားပြန်၍ အသွင်းခံရလေသည်။

လူသား၏ ဤသနားစဖွယ်အဖြစ်ကို မြင်ရသောအခါ ဗုဒ္ဓသည် များစွာ ကရုဏာသက်မိ၏။ သူသည် အသိဉာဏ် လွတ်လပ်ခရားတံပိုးခရာကို မှုတ်ပြီး လူအား ကိုယ့်ကိုကိုယ်ယုံကြည် အားကိုးမှုနှင့် သတ္တိကိုပျက်ပြားစေသော အယူအစွဲများကို ချိုးဖျက်ကြရန် လမ်းညွှန်ခဲ့၏။ သူ၏ မဟာမဂ်လသုတ္တသည် ဖောကန်း

ယုံကြည်မှုနှင့် အစဲ့အလန်းများကို ကုစားရန် သမားကောင်း၏ ဆေးဝါးဖြစ်လေသည်။ သူ့အား 'အတိတ်နိမိတ်ကောင်းများ' (မင်္ဂလာနိ)အကြောင်းကို ဟောမိန့်ရန် တောင်းပန်သည်တွင် သူက မြတ်သောတရားများကို ပြောပြလိုက်ခြင်းအားဖြင့် လူ့ယုံကြည်မှုရေးရာတွင် တော်လှန်ရေးကြီးတရပ်ဆင်နွဲလိုက်လေသည်။ ယင်းတော်လှန်ရေးကြီးက လူအား အယူမှားမှု မိုးမှောင်မှ ဆဲ့ထုတ်လိုက်ရုံမျှမကဘဲ သဘာဝကျသော နေထိုင်မှု လမ်းကြောင်းပေါ်သို့လည်း တင်ပေးလိုက်လေသည်။

သူတို့၏ အပိုဒ်တိုင်းသည် လက်တွေ့ကျသော ပညာကို သိုလှောင်ရာဖြစ်လေသည်။ ၎င်းတွင် အဖိုးတန်စိတ်ကူးနှင့် အကြံအစည်များကို အကျဉ်းချုပ်၍ ဖော်ပြထား၏။ ဤသို့အားဖြင့် ၎င်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ပြရန် လိုအပ်လာလေသည်။ စစ်အတွင်းကာလတွင် စာရွက်စာတန်းများကို အချိုးအစားပြု၍ ဓာတ်ပုံရိုက်ယူပြီး ဖတ်ရှုကြ၏။ထိုနည်းအတူပင် မဟာမင်္ဂလသုတ္တပါ အယူအဆများကို ပို၍ လျှောက်ပတ်စွာ နားလည်လွယ်လာနိုင်ရန်အတွက် အကျယ်ခွဲထုတ်ပြရန် လိုအပ်လေသည်။

ဤနေရာတွင် တခုပြောရန်ရှိ၏။ ဓာတ်ပုံကို အရွယ်အမျိုးမျိုး ပုံကြီးခွဲသောအခါ မူလပုံတွင် ကဲ့ပြားမှုရှိမည်မဟုတ်သော်လည်း အရောင်ချယ်ခြင်းနှင့် အချောကိုင်ခြင်း စသည်တို့တွင်ကား ကဲ့ပြားပေလိမ့်မည်။ ထိုနည်းတူပင် ဤသုတ္တ၏ မူလသဘောကို မူတည်၍ အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းချက်များသည်လည်း တခုနှင့် တခု ခြားနားနိုင်ပေသည်။

မင်္ဂလာတရားများကို ဤသို့ သုတ္တပုံစံဖြင့် အကျဉ်းချုပ်၍ ဖော်ပြထားခြင်းမှာ ကောင်းသည်ဟု ဆိုနိုင်၏။ ၎င်းသည် ရှုပ်ထွေးသော ကြိုးထုံးကဲ့သို့မဟုတ်ဘဲ အစီအစဉ်တကျ သိတန်းထားသော အထုံးအဆက်များသာ ဖြစ်၏။ အထုံးတခုစီတွင် လက်တွေ့ကျသော ပညာများပါဝင်နေသည့်အပြင် လူအမျိုးမျိုးနှင့် တိုင်းပြည်အသီးသီးအတွက် သဝဏ်လွှာလည်း ပါဝင်နေလေသည်။

အပိုဒ် (၁၁) ပိုဒ်အတွင်းတွင် လူတိုင်းအား စံပြ တိုင်းသူပြည်သားများ ဖြစ်စေနိုင်သော အကြံပေးချက်များ ပါဝင်၏။ လူထုအား ဘဝခရီးကို အောင်မြင်စွာ လျှောက်သွားစေသည့် ညွှန်ကြားချက်များလည်း ပါဝင်၏။ အခြားအကြံပေးချက်များက လူအား ပို၍ ရင့်ကျက်စေပြီး ဘဝခရီးကို ကောင်းစွာ ဖြတ်ကျော်စေ၍ မြင့်မားသော အကျင့်မြတ်များအား ဖြင့် တရားကို သိမြင်စေ၏။ ထိုတရားက လူအား လုံးဝလွတ်မြောက်မှု (နိဗ္ဗာန်)သို့ ရောက်စေ၏။ ဤသို့အားဖြင့် လူတယောက်၏ ဘဝတွင် ပြင်ဆင်သော အပိုင်း၊ လောကသို့ ဝင်ရောက်သော အပိုင်း၊ တရားအားထုတ်သော အပိုင်းနှင့် တရားပေါက်မြောက်သော အပိုင်းတို့သည် တခုနှင့်တခု သဘာဝကျကျ ဆက်စပ်လျက်ရှိ၏။ ဤလမ်းစဉ်အရ လူ၏ တာဝန်ဝတ္တရားများကို ပြည့်စုံစွာ ဆည်းပူးဖြည့်ကျင့်ရလေသည်။ နောက်ဆုံးရသော အသီးအပွင့်ကား အပြစ်မရှိသော ပျော်ရွှင်မှုနှင့် စစ်မှန်သော ဘေးကင်းမှုတို့ပင်တည်း။

ဤသုတ္တသည် ကလေးသူငယ်များ၏ စာရိတ္တအုတ်မြစ်ဖြစ်သည်ဆိုသော အချက်က အငြင်းထွက်ဖွယ်မရှိချေ။ သို့ရာတွင်

ရင်းမှာ ရည်ရွယ်ချက်၏ အစပိုင်းသာဖြစ်သေး၏။ ကျွှသုတ္တသည် စင်စစ်အားဖြင့် လူအား မုန်တိုင်းထန်သော ဘဝပင်လယ်မှ နေ၍ ဘေးကင်းသော 'ဟိုမှာဖက်ကမ်း'သို့ လမ်းညွှန်နိုင်သော သဘော်သားအိမ်မြောက်ပင် ဖြစ်လေသည်။ ရင်းက ဘဝ၏ လှေကားထစ်တိုင်း၊ အဆင့်တိုင်း၊ အခြေအနေတိုင်းတွင် ကျင့်သုံးရန် လက်တွေ့အကြံဉာဏ်ပေးနိုင်၏။ ထိုအကြံအတိုင်း လိုက်နာပါက ရှုပ်ထွေးသောအခက်အခဲနှင့် ပြဿနာများကို ဖြေရှင်းနိုင်ပေလိမ့်မည်။ ကျွှသုတ္တာသည် လူငယ်များနှင့် လူလတ်များကို သာမဟုတ်ပဲ လူကြီးများနှင့် သက်ကြီးရွယ်အို များကိုလည်း ရင်းတို့၏ အဆင့်အတန်း၊ အလုပ်အကိုင်၊ လူမျိုး၊ တိုင်းပြည်၊ ဘာသာ၊ ပညာအဆင့်မရွေးဘဲ လမ်းပြနိုင်၏။ အိမ်များ၊ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ၊ တရားရုံးများ၊ ဆေးရုံများ၊ အလုပ်ရုံများ၊ပွဲရုံများ၊ဘုန်းကြီးကျောင်းများ၊ အတွင်းဝန်ရုံးများ အစိုးရရုံးများ၊ကုန်သွယ်ဌာနများ၊ စမ်းသတ်ခန်းများနှင့် အခြားလုပ်ငန်းဌာနများ အားလုံးသည် မဟာမဂ်လသုတ္တ သင်ကြားချက်မှ အကျိုးခံစားနိုင်၏။ ဆင်းရဲသူသည် ချမ်းသာသူထက်ပင် ပို၍ အကျိုးရနိုင်၏။သာမန်ပြည်သားသည် ဝန်ကြီးချုပ်ကဲ့သို့ရင်း၊ ကိုရင်သည် ဆရာတော်ကဲ့သို့ရင်း၊ လယ်ကွင်းထဲမှ အလုပ်သမားသည် ရာဇပလ္လင်ပေါ်မှ ရှင်ဘုရင်ကဲ့သို့ရင်း၊ ကျောင်းဆရာ၊ ဆေးစပ်သမားနှင့်လျှောက်လှာစာရေးသည် ပါမောက္ခ၊ဆရာဝန်နှင့် ရွှေနေကဲ့သို့ရင်း အညီအမျှပင် မဂ်လာတရားတော်၏ အကျိုးကျေးဇူးကို ခံစားနိုင်ကြပေသည်။ ကျွှသုတ္တာသည် စိတ်ခေတ်သွေးအား နည်းရောဂါ၊ ကျင့်ဝတ်သွက်ချာပါဒရောဂါ၊ ဘာသာရေးကျိုးကန်းမှုရောဂါအားလုံးအတွက် ကုစားရန် ဆေးဝါး

ဖြစ်ပေသည်။ ဤဆေးသည် ယောကျ်ား၊ မိန်းမ မရွေး၊ လူမျိုး ဘာသာမရွေး အားလုံးအတွက် သင့်လျော်ပေသည်။ ဤကား ၎င်း၏ ဂုဏ်တော်တည်း။

ပုဂ္ဂိုလ်ရေးနှင့် ပတ်သက်၍ ဖြစ်စေ၊ အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဖြစ်စေ၊ ကိုယ်ရေးကိုယ်တာဖြစ်စေ၊ အများရေး အများတာဖြစ်စေ၊ အမျိုးသားရေးဖြစ်စေ၊ နိုင်ငံတကာရေး ဖြစ်စေ ရှိသမျှ ပြဿနာများအား ဤသုတ္တာကို အသုံးချ၍ ဖြေရှင်းနိုင်၏။ အကျိုးတရားသည် လက်တွေ့ ကျင့်သုံးမှုအပေါ်တွင်သာ တည်၏။ ဤသုတ္တာကို နေ့စဉ်အလေ့အကျင့်သဖွယ် ကျင့်သုံးပါက မင်္ဂလာနှင့် အမင်္ဂလာများကို အလွယ်တကူခွဲခြားနိုင်သော စိတ်၏ တည်ငြိမ်မှုကို ရရှိပေလိမ့်မည်။

ဤသုတ္တာသည် ဗုဒ္ဓပိဋကတ်၏ အစိတ်အပိုင်းတခုပင် ဖြစ်၍ သော်လည်း ၎င်း၏ အကြောင်းအရာမှာ စကြဝဠာနှင့် ပတ်သက်နေသဖြင့် ၎င်းသည် လူသားအားလုံး၏ ဘုံပိုင်ပစ္စည်းသာ ဖြစ်ပေသည်။ ၎င်း၏ သင်ကြားချက်အောက်တွင် တိုင်းပြည်၊ လူမျိုး၊ ဘာသာစသော ခြားနားချက်များမှာ ပျောက်ကွယ်သွားပြီး ဘာသာရေး၏ တင်းကြပ်သော နယ်သတ်မျဉ်းများမှာလည်း အရည်ပျော်သွားသဖြင့် လူသားများအား တခုတည်းသော 'လူ့အိမ်ထောင်စု' သားများအဖြစ် ပြောင်းလဲပေးပေသည်။ တူညီသော ပြဿနာများဖြင့် တုတ်နှောင်ခြင်းခံရပြီး ၎င်းတို့ကို ဖြေရှင်းရန် တူညီသော ဆန္ဒရှိကြသော လူသားအနွယ်ကြီးသည် ဤသုတ္တာတွင် စံပယ်နေသော ပညာအမြော်အမြင်တို့မှ အကျိုးကျေးဇူးခံစားရမည်မှာ မုချဖြစ်ပေသည်။

လူသားတို့အား ဉာဏ်အမြော်အမြင် ရှင်းလင်းမှု၊ ကျင့်ဝတ်မြင့်မြတ်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ ဆက်ဆံရေးပြေ့ပြောင်းမှုများ ရရှိရန် ဖန်တီးရေးအတွက် ဤသုတ္တသည် ထူးကဲသော ကိရိယာတရပ် ဖြစ်၏။ ယနေ့ကမ္ဘာသည် ထိုမြင့်မြတ်သော သဒ်ဏ်းစာများကို အပူတပြင်း လိုအပ်နေ၏။ သမိုင်းတွင် အဆိုးဝါးဆုံး စစ်ကြီးနှစ်ခုကြောင့် တုန်လှုပ်ခဲ့ရပြီးနောက် ထိုထက်ပို၍ဆိုးသော တတိယ (ကမ္ဘာစစ်)တခု ဖြစ်နိုင်သည့် အလားအလာ၏ နှိပ်စက်မှုကို ခံနေရသော ယနေ့ကမ္ဘာသည် ငြိမ်းချမ်းရေး တော်မှတ်လျက် ရှိ၏။ ဤတော်မှတ်မှုကို ငြိမ်းစေ့ရန်အတွက် စီးပွားရေးပြုပြင်မှုများ အပြင် အသိဉာဏ်ရေးရာ ရိုးသားမှုနှင့် ကျင့်ဝတ်ရေးရာ ခိုင်မာမှုတို့သည်ပဏာမလိုအပ်ချက်များဖြစ်လေသည်။ ၎င်းတို့သည် အလွန်ပင် အရေးကြီးလှ၏။ စင်စစ်သော်ကား စစ်အင်အားကို မှားယွင်းစွာ ယုံကြည်မှုနှင့် အနှုမြူဟိုက်ဒရိုဂျင်လက်နက်များ၏ စွမ်းအင်ကို အချည်းနှီးမျော်လင့်ချက်ထားမှုတို့ထက်ပင် များစွာပို၍ အရေးကြီး၏။ စစ်ပွဲများသည် ပြဿနာဟောင်းများကို မဖြေရှင်းနိုင်သည့်ပြင် နောက်ထပ်၍ ဖြေရှင်းရန်ခက်သော ပြဿနာသစ်များကိုသာ ပေါ်စေကြောင်း အတွေ့အကြုံက ပြခဲ့ပြီ။ အဆင်ခြင်မဲ့စစ်ထွက်ခြင်းသည် ကိုယ့်ကိုကိုယ် သတ်သေသော လမ်းစဉ်သာ ဖြစ်ပေ၏။ ၎င်းအပြင် တဦးနှင့်တဦး သတ်ပုတ်ခြင်းသည် အယူဝါဒရေးနှင့်နိုင်ငံရေး ပြဿနာများကို ငြိမ်းဒေးစွာ မဖြေရှင်းနိုင်လောက်အောင် အသိဉာဏ်နှင့် ကျင့်ဝတ်မဲ့ပြာကျနေခြင်းကို ပြသပေသည်။

ယနေ့ ကမ္ဘာ၏ရောဂါသည် ရုပ်ပိုင်းထက် စိတ်ပိုင်းတွင် လွန်ကဲနေ၏။ လူဆက်ဆံရေးသွေးကြောကို ဖြတ်တောက်ပစ်နေ

သည်မှာ ကျင့်ဝတ် သွေးအားနည်းမှုရောဂါနှင့် အသိဉာဏ် သွက်ချာပါဒရောဂါတို့သာ ဖြစ်ကြပေသည်။ ထိုရောဂါများ၏ အခြေခံအကြောင်းရင်းကား လောဘ၊ ဒေါသနှင့် မောဟတို့ပင်တည်း။ ဤအတွင်းမီးများက အပြင်ဘက်တွင် ပဋိပက္ခများ ပေါ်စေပြီး ပြောမပြနိုင်လောက်သော ဘေးဒုက္ခများကို ဖန်တီး ပေးကြလေသည်။

လူသား၏'ကျင့်ဝတ်နှင့် အသိဉာဏ်ခိုင်မာမှု' မရှိသရွေ့ကာလ ပတ်လုံး ငြိမ်းချမ်းရေး မရနိုင်ပေ။ လူ့နှလုံးသားတွင် မုန်းတီးမှု၊ မရိုးသားမှု၊ အမျက်ထွက်မှုနှင့် အလိုကြီးမှု မီးလျှံများ တောက် လောင်နေသမျှ အချိန်တလျှောက်လုံး လူ့ဆက်ဆံရေးတွင် စစ်မှန်သောချစ်ခင်မှု မရှိနိုင်ပေ။ စစ်ကို နိုင်အောင်တိုက်ရသကဲ့သို့ ပင် ငြိမ်းချမ်းရေးကိုလည်း ရအောင်ယူရမည်သာတည်း။ ထိုသို့ ရရှိရန် ဗုဒ္ဓ၏ မဟာမဂ်လသုတ္တက လမ်းပြထားပေသည်။ ၎င်းက အကြမ်းမဖက်ခြင်းနှင့် စစ်မှန်သော ချစ်ခင်ခြင်းတို့အားဖြင့် အောင်မြင်နိုင်ပုံကိုလည်း ပြထားသည်။ စစ်ပွဲတွင် ထောင်ပေါင်း သန်းပေါင်းများစွာတို့အား အောင်နိုင်သည်ထက် မိမိကိုယ်ကို ယဉ်ကျေးစေခြင်းနှင့် ထိန်းသိမ်းခြင်းတို့ဖြင့် အောင်နိုင်ခြင်းသည် ဘဝ၏ အထွဋ်အထိပ်ပင် ဖြစ်ပေသည်။ ၎င်း၏ ထူးခြားသော အသွင်ကား ငြိမ်းချမ်းခြင်းတည်း။ ၎င်း၏ အနှစ်အသားကား ခိုင်မာသော ပျော်ရွှင်မှုတည်း၊ ၎င်း၏ အသိုးအပွင့်ကား စစ်မှန် သော ဘေးကင်းမှုတည်း။

မိမိကိုယ်ကို အုပ်စိုးနိုင်မှုသည် ပုဂ္ဂိုလ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ အမျိုးသားရေး၊ နိုင်ငံရေးစသော ဘဝ၏ထောင့်

တိုင်းကို ထွန်းပစေ၏။ ကာယ၊စိတ္တ၊ ဥာဏနှင့် ဝိဥာဏ်ပိုင်းများကို လည်း တောက်ပြောင်စေ၏။ ဤသို့အားဖြင့် မဟာမင်္ဂလသုတ္တသည် လူ၏အလုံးစုံသော တိုးတက်မှုကို ဖြစ်စေလေသည်။

'အကောင်းဆုံး' နှင့် 'အမြင့်ဆုံး' ဖြစ်သော မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ရှိ၏။ ဤမင်္ဂလာတရားများတွင် လောကရေး၊ အိမ်ထောင်ရေး၊ ဘာသာရေးနှင့် တရားပေါက်မြောက်ရေး ကိစ္စများ ပါဝင်နေရာ ၎င်းတို့ကို အာဘယ်ကြောင့် အကောင်းဆုံးဟု (မင်္ဂလ+ဥတ္တမံ)ဟု ခေါ်ဆိုရသည်ကို အမေးထုတ်သင့်ပေ၏။

ဤသုတ္တသည် လူဘဝတခုလုံးကိုပြဆို၏။ သို့ရာတွင် လူဘဝမှာ အဆင့်အမျိုးမျိုးရှိရာ မင်္ဂလာအသီးသီးကလည်း ၎င်းအဆင့်အမျိုးမျိုးကို ကောင်းသောအဖြစ်သို့ရောက်အောင် ဖန်တီးပေးကြ၏။ တဆင့်ပြီးတဆင့် လူ့ဘဝသည် တဖြည်းဖြည်း တိုးတက်သွားရာ အဆင့်တိုင်းတွင် ကျင့်သုံးရန် ဆိုင်ရာမင်္ဂလာများ ရှိနေပေသည်။ လူသည် မင်္ဂလာတရားများအတိုင်း ရွေ့သို့တိုးသွားသောအခါ အခြေအနေမြင့်မားမှုမှာ ရရှိရန် သေချာပြီးဖြစ်လေသည်။ သူသည် မိမိရောက်နေသော အဆင့်မှ နောက်သို့လှည့်ကြည့်လိုက်သောအခါ လူကြီးတဦးက သူ့ကလေးဘဝတွင် ကစားခဲ့သော 'အရုပ်'များကို ကြည့်နေသကဲ့သို့ ထင်ရပေလိမ့်မည်။ စင်စစ်အားဖြင့် ကလေးတယောက်အတွက် အမြင့်ဆုံးနှင့် အကောင်းဆုံးဖြစ်သော အရာသည် သူ့အတွက် အမြင့်ဆုံးနှင့် အကောင်းဆုံး မဖြစ်နိုင်ပေ။ တဖန် သူက အမြင့်ဆုံးနှင့်အကောင်း

ဆုံးဟု ဆိုသော အရာများကိုလည်း ကလေးအနေနှင့် ပယ်ပေ
လိမ့်မည်။ (ဆိုလိုသည်မှာ) ဘဝ၏ အဆင့်တိုင်းအတွက် ၎င်းနှင့်
ကိုက်ညီသော အကြံပေးချက်များ လိုအပ်ပေသည်။ ကုန်သည်
တယောက်သည် မီးသွေးတအိတ်ကို သည်ပိုး၍ ခရီးနှင်ခဲ့ရာ
လမ်းတွင် သိုးမွေးကိုရသဖြင့် မီးသွေးကို စွန့်ပစ်ခဲ့၏။ တဖန်
ငွေကိုရရှိသောအခါ သိုးမွေးကိုစွန့်ပစ်ခဲ့၏။ တဖန် ရွှေကိုရသော
အခါ ငွေကိုစွန့်ပစ်ခဲ့၏။ တဖန် စိန်ကိုရရှိသောအခါ ရွှေကို
စွန့်ပစ်ခဲ့၏။ တဖန် ထာဝရဗျော်ရွှင်မှု၏ လျှို့ဝှက်ချက်ကို ရရှိ
သောအခါ စိန်ကိုစွန့်ပစ်ခဲ့၏။ ထိုနည်းအတူပင် ကျွန်ုပ်တို့သည်
လည်း ကျွန်ုပ်တို့၏အမြင်ကို ပြောင်းလဲခဲ့ပြီး တဆင့်ထက်တဆင့်
မြင့်မားသောအရာများကို စိတ်အာရုံစိုက်ခဲ့ရာ နောက်ဆုံးတွင်
အမြင့်မားဆုံးအဆင့်သို့ ဆိုက်ရောက်သည်အထိ ဖြစ်လေသည်။

မဟာမင်္ဂလသုတ္တသည် ဘဝ၏အဆင့်တိုင်းအတွက် အကောင်း
ဆုံးသောအကြံဉာဏ်များကို ပေး၏။ ဤသို့အားဖြင့် လောကီနှင့်
လောကုတ္တရာတို့သည် ပဋိပက္ခဖြစ်ရန် မလိုတော့ချေ။ ကောင်း
သော မင်္ဂလာတရားဘခုသည် သူ့နေရာနှင့်သူ အကောင်းဆုံး
တရား ဖြစ်ပေသည်။ ထိုအကြောင်းကြောင့်ပင် မင်္ဂလာတရား
သုံးဆယ့်ရှစ်ပါးစလုံးသည် အမြင့်ဆုံးနှင့် အကောင်းဆုံး ဖြစ်ကြ
လေသည်။

မဟာမင်္ဂလသုတ္တ၏ အရေးကြီးချက်ကား ထင်ရှားကြီးကျယ်
လှပေသည်။ ထို့ကြောင့်ပင် အကယ်၍ မိမိအနှစ်သက်ဆုံး သုတ္တ
တခုကိုချန်၍ ကျန်ဝဋ္ဌစာပေအားလုံးကို စွန့်လွှတ်ရမည့်အခြေသို့

ဆိုက်ရောက်ခဲ့သည်ဆိုပါက မဟာမင်္ဂလသုတ္တကို ရွေးချယ်လိုက်လျှင် ကောင်းပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ ၎င်းကိုလက်ဝယ်ရှိနေပါက မြတ်စွာဘုရား၏ တရားတော်များကို ပြန်လည်တည်ဆောက်ရန် ဖြစ်နိုင်ရုံမျှမက အလွန်ပင် လွယ်ကူမည် ဖြစ်သောကြောင့်တည်း။ ဤသို့ ရေးသားရခြင်းမှာ လောကီနှင့် လောကုတ္တရာ နှစ်ဖြာစလုံး တိုးတက်ရေးအတွက် အဘက်ဘက်မှ ညွှန်ပြနိုင်သော မြင့်မြတ်သည့် ဤသုတ္တ၏ လက်တွေ့အသုံးဝင်မှုနှင့် တန်ဘိုးရှိမှုများကို ထင်ရှားသိသာစေရန်သာ ဖြစ်ပေသည်။ ဤသုတ္တအား ကောင်းစွာနားလည်ကျင့်ကြံခြင်းဆည် ကမ္ဘာကြီးအား ကြီးပွားချမ်းသာခြင်း၊ ကျင့်ဝတ်သိက္ခာ ကောင်းမြတ်ခြင်း၊ ညီညွတ်ခြင်း၊ ငြိမ်းအေးခြင်း၊ ပျော်ရွှင်ခြင်းနှင့် တရားသိမြင်ခြင်းတို့သို့ ရွေ့လျားစေနိုင်လိမ့်မည်ဟု မျှော်လင့်ပေသည်။

လူသည် 'အသိအလိမ္မာ' ရှိသည်ထက် 'အတတ်မျိုး' စုံလာသောကြောင့် မဆုံးနိုင်သော အခက်အခဲများကို ရင်ဆိုင်နေရခြင်းဖြစ်၏။ အတတ်မျိုးစုံမှကို အသိလိမ္မာနှင့် မထိန်းမချုပ်နိုင်ပါက သူသည် ဓာတ်ဆီပုံးများအကြားတွင် မီးနှင့်ကစားနေသောမျောက်ကဲ့သို့ ဘဝဇာတ်သိမ်းရမည့် အန္တရာယ် ရှိနေပေသည်။ စင်စစ်လူ၏အတွင်းသန္တာန်တွင်မျောက်၏သဘောသဘာဝသည် လုံလောက်စွာပင်ရှိနေ၏။ မင်္ဂလသုတ္တကမူ လူအား လူအဖြစ်သို့ တိုးတက်ဖြစ်ပေါ်စေရန် ညွှန်ပြနေလေသည်။ ၎င်းက သူအား ကျန်းမာရေးပြည့်စုံသော၊ လုပ်ငန်းဆောင်တာခိုင်လုံသော၊ အသိဉာဏ်တောက်ပသော၊ ဆက်ဆံရေးပြေပြစ်သော၊ ယဉ်ကျေးမှုရှိသော၊ ကျင့်ဝတ်ကောင်းမွန်သော၊ ရုပ်ပိုင်းတွင် ထွန်းတောက်

သော၊ စိတ်ပိုင်းတွင်မြင့်မြတ်သော၊ လုံးဝပြီးပြည့်စုံသည့် ပုဂ္ဂိုလ်တဦးဖြစ်အောင် ဖန်တီးပေးပေသည်။

စင်စစ်သော်ကား မဟာမင်္ဂလသုတ္တာသည် ကမ္ဘာကြီး၏ မျှော်လင့်ချက်ပင် ဖြစ်ပေသတည်း။

သင်္ဂဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။

ဗုဒ္ဓဝါဒ လက်ရှေးစဉ်

နာမည်ကျော် ကမ္ဘာ့ဗုဒ္ဓစာပေပညာရှင်များနှင့် ဗမာ့ဗုဒ္ဓစာပေ ပညာရှင်များ၏ ဗုဒ္ဓဝါဒဆိုင်ရာ လက်ရှေးစဉ်ဆောင်းပါးများကို စုစေ့ငင်း၍ အတွဲ ၁၊ ၂ စသည်ဖြင့် ထုတ်ဝေသွားမည်။

လူ့သမိုင်း

လူ့သမိုင်းကို ဆိုရှယ်လစ်အမြင်ဖြင့် သုံးသပ်၍ ကျယ်ကျယ် ပြန့်ပြန့် ရေးသားထားသည်။ ဗမာ့စာအုပ်လောကဌာနမက ကမ္ဘာ့စာအုပ်လောကဌာနပင် ထုတ်ခဲသည့်စာအုပ်မျိုး ဖြစ်သည်။ ရေးသူမှာ မောင်ချစ်လှိုင် ဖြစ်၏။

ဒီဗျာ

သီဟသေနာပတိ၊ သိဒ္ဓတ္ထ၊ အမွပါလီ၊ စိတ္တာရလေခါတို့ထက် သာရမည်ဟု ဘာသာပြန်သူက ဝန်ခံထားသည်။ အတွေးအခေါ် ပိုင်းဆိုင်ရာ ထိပ်တန်းဝတ္ထုတခုကို ပါရဂူ ဘာသာပြန်သည်။

ဖာဟီယန်၏ ခရီးစဉ်

ကမ္ဘာ့စာပေလောကတွင် အလွန်ကျော်ကြားသည့် တရုပ် ခရီးသည် ဖာဟီယန်၏ ခရီးစဉ်စာအုပ်ကို အရှင်ဝိလာသက မြန်မာပြန်ထားသည်။ ရှင်ဥက္ကဋ္ဌက မဟာနိဒါန်း ရေးထားသည်။

ကျန်းမာရေးသဝဏ်လွှာ

အိန္ဒိယပြည်၏ ဖခင်ကြီး၊ ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီက ကျန်းမာရေးစာအုပ်တအုပ် ရေးပြုသွားခဲ့သည်။ သူ၏ နိုင်ငံရေးအယူအဆကဲ့သို့ပင် ကျန်းမာရေးအယူအဆလည်း ထူးခြားဆန်းကြယ်လှပေသည်။

ပုဒ္ဓဝါဒ လက်ရှေးစဉ်

အိန္ဒိယပြည် ကလကတ္တားမဟာဗောဓိအသင်းမှ ထုတ်ဝေသော မဟာဗောဓိဂျာနယ်၊ အင်္ဂလန်ပြည်မှ ထုတ်ဝေသော မစ်ဒယ်ဝေးဂျာနယ် စသည်တို့ကဲ့သို့ ပုဒ္ဓစာပေ၊ ပုဒ္ဓတရား၊ ပုဒ္ဓအာဘိဓမ္မာ၊ ပုဒ္ဓယဉ်ကျေးမှုတို့ကို ရေးသားဖြန့်ဖြူးသည့် ပုဒ္ဓဝါဒဆိုင်ရာ ခေတ်မှီ အဆင့်အတန်းမြင့် စာစောင်တခု မြန်မာဘာသာဖြင့် လိုအပ်နေရာ ယင်း လိုအပ်ချက်ကို ဖြည့်စွက်သည့်အနေဖြင့် လောက်စဲပေမှ "ပုဒ္ဓဝါဒ လက်ရှေးစဉ်" ဟူသော အမည်ဖြင့် ပုဒ္ဓဝါဒ ခေတ်မှီ အဆင့်အတန်းမြင့် စာစောင်တခု ထုတ်ဝေရန် စီစဉ်နေပါသည်။ ယင်း စာစောင်၌ ကမ္ဘာ့ပုဒ္ဓစာပေ ပညာရှင်များနှင့် ဗမာ့ပုဒ္ဓစာပေ ပညာရှင်များ၏ လက်ရှေးစဉ် ပုဒ္ဓဝါဒဆိုင်ရာ ဆောင်းပါးများကို ထည့်သွင်း ဖော်ပြသွားပါမည်။ စာစောင်ကို အတွဲ ၁၊ ၂ စသည်ဖြင့် ထုတ်ဝေသွားပါမည်။